# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၈၅)


# နိုင်ငံတော်သမ္မတနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြို ဓမ္မတေးများဖြင့် ဖျော်ဖြေ

**နေပြည်တော်  ဒီဇင်ဘာ  ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းကောင်းချီးပေးကြသည်။

**ဓမ္မတေးသီဆို**

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား နှုတ်ခွန်းဆက်သကြပြီး ခရစ်တော်မွေးနေ့အကြို ဓမ္မတေးသီချင်းများကို သီဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်း ကောင်းချီးပေးကြစဉ်** (သတင်းစဉ်)

# ကင်းထောက်လူငယ်များသည် ခေါင်းဆောင်နှင့်နောက်လိုက်မခွဲခြားဘဲ ပူးတွဲပေါင်းစည်းလုပ်ဆောင်



**ရန်ကုန်  ဒီဇင်ဘာ  ၂၃**

မြန်မာကင်းထောက်ရာပြည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

မြန်မာကင်းထောက်ရာပြည့် အခမ်းအနားကို အလင်္ကာကျော်စွာ ဟံသာတမြင့်ငွေ ဂုဏ်ပြုစပ်ဆိုသည့် ကင်းထောက်ဂုဏ်ရည်သီချင်းဖြင့် ဖွင့်လှစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိငယ်စဉ်က ကင်းထောက်ဝတ်စုံဝတ်ပြီး ကင်းထောက်အဖွဲ့တွင် အတူတူပါဝင်ခဲ့သည့် မိတ်ဆွေများနှင့် ယခုကဲ့သို့ အတူ မရပ်ခဲ့ရသည်မှာ အနှစ် ၅၀ ကျော်သွားပြီ ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ ကင်းထောက်များ၏ စိတ်ဓာတ်များ ရှင်သန်နေသေးသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ကင်းထောက်လူငယ်များ၏ လှုပ်ရှားမှုဆိုသည်မှာ လူငယ်များစိတ်ဓာတ် ဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်ရေးနည်းတစ်မျိုးပင် ဖြစ်ပါကြောင်း၊ ကောင်းသည့်ကိစ္စများကို အားလုံးအတူတူ ဝိုင်းဝန်းဆောင်ရွက်ခြင်းသည် တစ်ဘဝအတွက် ခိုင်မြဲသည့် မိတ်ဆွေများ ၊ ရဲဘော်ရဲဘက်များရှာဖွေခြင်းပင်ဖြစ်ပါကြောင်း၊ ကောင်းသည့် ကိစ္စများကို အတူတူလုပ်ဆောင်ခြင်းထက်ပို၍ ခိုင်မြဲနိုင်သည့် အဆက်အသွယ်မရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့

*စာမျက်နှာ ၄ ကော်လံ ၁* ❍

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာကင်းထောက်ရာပြည့် အခမ်းအနားသို့တက်ရောက်လာသည့် အမျိုးသမီးကင်းထောက်ငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)



**ရွှေပြည်နန်း သနပ်ခါး**

ပြုံ့ဝင်းမျက်နှာ စိတ်ချမ်းသာ ရွှေပြည်နန်း သံပုရာ



ကျွန်မကသနပ်ခါး သိပ်လိမ်းလေ့မရှိပါဘူး။ အပျင်းကြီးတဲ့ ကျွန်မအကျင့်ကြောင့် တွေ့ရာသနပ်ခါးခဲကိုပဲ လိမ်းခဲ့ပါတယ်။ လိမ်းကာစမှာ ဘာမှမဖြစ်ပေမယ့် တစ်လလောက် အကြာမှာတော့ မျက်နှာမှာအဖြုကွက်တွေ ထွက်ပေါ်လာပါတယ်။ အခြားနေရာမဟုတ်ဘဲ လူမြင်သာတဲ့ မျက်နှာမှာဖြစ်နေလို့လည်း ရှက်မိပါတယ်။ သနပ်ခါးခဲကုန်လို့ ဈေးဆိုင်သွားဝယ်တဲ့အခါ **ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး** ဆိုတဲ့စာသားလေးက ကျွန်မလိုအသားညိုတဲ့ မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်နေပါတယ်။ ရွှေပြည်နန်းသနပ်ခါး စသုံးပြီး တစ်ပတ်လောက်အကြာမှာ မျက်နှာမှအဖြုကွက်များ ထူးခြားသိသာစွာ ပျောက်ကင်းသွားခဲ့ပါတယ်။ ညဘက်မှာလိမ်းရင်တော့ မနက်အိပ်ရာထချိန်မှာ မျက်နှာအဆီပြန်ခြင်း မရှိပါဘူး။ မျက်နှာသစ်ပြီး ပါးပြင်ကိုစမ်းကြည့်တဲ့အခါ နူးညံ့ချောမွေ့နေပါတယ်။ ဒါတွေဟာ ကျွန်မရဲ့ကိုယ်တွေ့ဖြစ်ရပ်တွေပါ။ ရွှေပြည်နန်းသနပ်ခါးနဲ့ မိတ်ဆွေဖြစ်တာ (၈)နှစ် ကျော်ပါပြီ။ ကျွန်မကို စိတ်ချမ်း သာမှုပေးတဲ့ မိတ်ဆွေလေး ပြည်တွင်းမှာသာမက ပြည်ပအထိပါ အောင်မြင်ကျော်ကြားပြီး အသိအမှတ်ပြုဆုတွေ ချီးမြှင့်ခံခဲ့ရတာကို ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မရဲ့မိတ်ဆွေလေး ဒီထက်ပိုပြီး အောင်မြင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဒေါ်လင်းအာလီမော် (BE-IT) သရုပ်ပြ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ တောင်ငူမြို့။



အပ်ဆင့်ဆောက်ခံသူ
ဒေါ်ဝါဝါ(အထက်တန်းပြ) အ.ထ.က(၅) တောင်ငူမြို့။

ဒေါ်လင်းအာလီမော်
(BE-IT) သရုပ်ပြ

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

မြန်မာ့အလင်း

## ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အရေးပါလှသောအထောက်အပံ့၊ အကူအညီများ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ **(JCB)** ဖွဲ့စည်းရေးဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတကာအလှူရှင်များက ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာရန်ပုံငွေများနှင့် ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ခြင်းမဟုတ်ကြောင်း၊ **JCB** အနေဖြင့် စီမံကိန်းများကို မျှမျှတတနှင့် ထိထိရောက်ရောက်ဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယနေ့ခေတ်ငြိမ်းချမ်းရေးတည်ဆောက်မှုများမှာ ကျယ်ပြန့်သော၊ အများပါဝင်ဆောင်ရွက်ကြရသော၊ အချိန်ရှည်ကြာစွာ ယူကြရသောပုံစံများဖြစ်လာသည်။ ငြိမ်းချမ်းရေးနှင့် အတူယှဉ်တွဲ၍ပါလာသော ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး စသော လုပ်ငန်းစဉ်များပါ ပူးတွဲပါလာသည်။ ဤဖြေရှင်းခြင်းဖြစ်စဉ်များကို နိုင်ငံတကာတွင် တစ်မျိုးသားလုံးဆိုင်ရာ ဆွေးနွေးပွဲ **(National Dialogue)** ဟု ခေါ်ဆိုလေ့ရှိကြပြီး လက်ရှိပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် ထိုသဘောပင် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များ၏ ပထမဆုံးအဆင့်မှာ အပစ်အခတ်ရပ်စဲရေးပင်ဖြစ်သည်။ လူသေစေသောဖြစ်စဉ် **(Killing Process)** ကိုရပ်တန့်စေခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ကနဦးလိုအပ်ချက်ဖြစ်သည်။ ထိုနိုင်ငံရေးဆွေးနွေးပွဲများကို အေးချမ်းတည်ငြိမ်စွာကျင်းပနိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေးပူးတွဲစောင့်ကြည့်မှုအဖွဲ့များ လိုအပ်လာသည်။ ကျယ်ပြန့်သောစစ်မြေပြင်များတွင် အောက်ခြေမှစ၍ဖြစ်တတ်သော မီးပွားကလေးများကို မီးတောက်ကြီးများအဖြစ်သို့ မကြီးထွားလာစေရန် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုအဖွဲ့များက များစွာအထောက်အကူဖြစ်စေပါသည်။ ထိုအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုအတွက် ကုန်ကျစရိတ်သည်ပင် ယခင်အစိုးရလက်ထက်က ဒေါ်လာ ၂၅ သန်းခန့် ခန့်မှန်းတွက်ချက်ခဲ့ပါသည်။

မြန်မာ့အပြောင်းအလဲအတွက် အားကောင်းချက်မှာ ကူညီမည့်သူများခြင်းပင်ဖြစ်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားဖူးပါသည်။ ယခုနိုင်ငံတကာ ကူညီထောက်ပံ့မှုသာမက ပြည်တွင်းမှ အလှူရှင်များ ပါဝင်လာနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ နိုင်ငံတကာအထောက်အပံ့အကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ၊ အလေအလွင့်အနည်းဆုံးရှိရေး၊ မလိုအပ်သောအပိုကုန်ကျမှု၊ အပိုသုံးစွဲမှုများမရှိရေး၊ တာဝန်ယူမှုအပြည့်အဝဖြင့် ဆောင်ရွက်ရန်လိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ယခုရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေး အထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကဏ္ဍ **(NRPC Sector)** စသည်ဖြင့် ဦးစားပေးကဏ္ဍကြီးလေးရပ်သတ်မှတ်ဆောင်ရွက်မည်ဟု သိရသည်။ ယခင်အစိုးရလက်ထက်က ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်သည့်နေ့မှစ၍ **NCA** စာချုပ်ရရှိသည်အထိ ကြာမြင့်ချိန်ရက်ပေါင်း ၁၄၅၀ အတွင်း အစည်းအဝေးငယ်များ၊ တွေ့ဆုံညှိနှိုင်းမှုများအားလုံး အကြိမ် ၅၀၀၀ ခန့်ရှိခဲ့သည်ဟုဆိုရာကုန်ကျစရိတ်များမည်ကို ခန့်မှန်းနိုင်ပါသည်။

ယခုတလောအောင်မြင်သွားသော ကိုလံဘီယာအစိုးရနှင့် **FARC** သူပုန်များဆွေးနွေးပွဲကို ကျူးဘားတွင် လေးနှစ်ကျော် ဆွေးနွေးခဲ့ရပြီး၊ ပြည်တွင်းတွင်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအပြင် နောက်ထပ်ညှိနှိုင်းမှုပေါင်းများစွာပြုလုပ်ခဲ့ရသည်။ ယနေ့ကာလတွင် နိုင်ငံတကာ အလှူရှင်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ၊ နိုင်ငံအလိုက်ကူညီမှုများရှိလာသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို များစွာအကျိုးရှိစေပါသည်။

ယခုဖွဲ့စည်းမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး အစိုးရဘက်မှ ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ရှစ်ဦးဖြင့် ဖွဲ့စည်းရန်ဖြစ်သည်။ **JCB** တွင် ပါဝင်မည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် **NCA** လက်မှတ်ရေးထိုးထားသော အဖွဲ့များသာမက **NCA** လက်မှတ်ရေးထိုးခြင်း မပြုရသေးသောအဖွဲ့များပါဝင်မည်ဖြစ်ရာ များစွာလျော်ကန်သင့်မြတ်လှသည်ကို တွေ့မြင်ရပါသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် နယ်စပ်ကုန်သွယ်ရေးတွင် ဒေါ်လာသန်း ၂၇၀ ခန့်လျော့ကျသွားစေသည်ဟုဆိုရာ ပြည်တွင်းစစ်တစ်ခုလုံး ဆုံးရှုံးမှုကိုတွက်လျှင် ကြောက်ခမန်းလိလိဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ခြင်းအတွက် ကုန်ကျရမှုများမှာ ကုန်ရကျိုးနပ်မည်ဖြစ်ပြီး သုံးစွဲရာတွင်သာ ကျစ်ကျစ်လျစ်လျစ်၊ အပိုကုန်ကျခြင်းများမရှိအောင်ပြုလုပ်ရန်လိုအပ်ပါကြောင်း တင်ပြရပါသည်။ ။

### လွတ်လပ်ရေးနေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ထားဝယ် ဒီဇင်ဘာ ၂၃**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)မှ ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ရာ စုပေါင်းသွေးလှူဒါန်းပွဲတွင် ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာ ခင်အေးသန်း အပါအဝင် ကျောင်းသား ၂၆ ဦး၊ ကျောင်းသူ ၄၁ ဦး စုစုပေါင်း ၆၈ ဦး ပါဝင်သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**




### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနေအိမ်၌ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်စဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနေအိမ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် DR. J. Ral Buai က ဓမ္မဂုဏ်တော်ချီးမွမ်းပြီး ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Jesse Van Bawi နှင့် Jennifer Par တို့က တေးသီချင်းဖြင့် ဘုရားသခင်၏ဂုဏ်တော်အား ချီးမွမ်းသီဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှပေးပို့သည့် ခရစ္စမတ်နှုတ်ခွန်းဆက်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် စိုင်းကျော်တင့်က ခရစ္စမတ်ဒေသနာတော်ကိုဟောကြားပြီး သိက္ခာတော်ရဆရာတော် ဒေါက်တာအောင်မန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက ခရစ္စမတ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာတော်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တက္ကသိုလ် (ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမောင်မောင်ဝင့်က လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် (ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

ထို့နောက် ဓမ္မဆရာ ဦးမောင်မောင်လှက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးသည်။

ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်း၊ အထွေထွေအတွင်းရေးမှူးရုံးမှ ဒေါ်တင်တင်ထွေး ဦးဆောင်၍ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၂၁ ဦးသည် ခရစ္စမတ်အကြိုဓမ္မတေးသီချင်းများကို သီဆိုဖျော်ဖြေရာ၌ "Joy to the world"၊ "Rudolph"၊ "Jingle Bells" နှင့် "ဖွားတော်မူခြင်း" သီချင်းများကို သီဆို၍ မေတ္တာပို့ဆုတောင်း ကောင်းချီးပေးကြပြီး နိုင်ငံတော်သမ္မတကို ခရစ္စမတ်လက်ဆောင်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့က မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာကင်းထောက်ရာပြည့်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ် (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ကင်းထောက်လူငယ်မောင်မယ်များ ယခုကဲ့သို့စုစည်းနိုင်သည့် အခြေအနေ ပြန်လည်ရောက်ရှိလာသည်ကို ဝမ်းမြောက်မိပါကြောင်း။

**တစ်ကမ္ဘာလုံးကို အကျိုးပြု**

ကင်းထောက်တစ်ယောက်အနေဖြင့် ငယ်ငယ်ကတည်းက သင်ပေးလိုက်သည့် စံနှုန်း၊ စံထားများသည် တစ်ဘဝစွဲလမ်းသွားနိုင်ပါကြောင်း၊ ထိုစံနှုန်းစံထားများဖြင့် မိမိကိုယ်တိုင်အတွက်သာမက မိမိတို့အသိုက်အဝန်းအတွက်၊ နိုင်ငံအတွက်၊ ကမ္ဘာအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ကင်းထောက်လှုပ်ရှားမှုဆိုသည်မှာ တစ်ကမ္ဘာလုံးဖြင့် သက်ဆိုင်သည့် လှုပ်ရှားမှုဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုမဟုတ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်ခုချင်း၏ ကောင်းကျိုးပြုမှုသည် တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်သကဲ့သို့ တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေသည့် ကိစ္စအရပ်ရပ်သည်လည်း နိုင်ငံတစ်ခုချင်းစီကို ထိရောက်မှုရှိပါကြောင်း။

မိမိတို့ ကင်းထောက်မောင်မယ်များသည် အနာဂတ်ကို ရှေးရှုပြီး သွားကြစေလိုပါကြောင်း၊ မိမိတို့ ငယ်စဉ်ကတည်းက စည်းစည်းလုံးလုံးနေထိုင်ခဲ့သည့် စိတ်ဓာတ်များသည် ယခုထိတိုင်ရှင်သန်နေဆဲဖြစ်ပါကြောင်း၊ ကင်းထောက်များသည် မိမိတို့ ကျင့်ဝတ်များကို လိုက်နာကြရပြီး ဆောင်ပုဒ်မှာ **အမြဲပဲအဆင်သင့်ရှိရမည်** ဖြစ်ပါကြောင်း၊ အမြဲအဆင်သင့်ရှိရမည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ် (သတင်းစဉ်)

ဆိုသည်မှာ ဘဝတွင် ဘယ်လိုစိန်ခေါ်မှုများ ပင်ရှိစေကာမူ အဆင်သင့်ရှိနိုင်ရန်၊ ရင်ဆိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ဘဝတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးရှိရာ နည်းမှန်၊ လမ်းမှန်ကို ရွေးနိုင်ရန် အဓိကကျပါကြောင်း။

**မျှဝေလိုသည့်စိတ်**

မှန်ကန်သည့်နည်းဖြင့် ရင်ဆိုင်နိုင်ပါက မိမိတို့အကျိုးအတွက်သာမက မိမိတို့ ပတ်ဝန်းကျင် အကျိုးအတွက်လည်း ဖြစ်ပါကြောင်း၊ အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းသည် တစ်နည်းအားဖြင့် အတ္တစိတ်ကို တော်လှန်ခြင်းပင်ဖြစ်ပါကြောင်း၊ လူသားဖြစ်လာပါက အတ္တနှင့် မကင်းနိုင်ပါကြောင်း၊ သို့သော် အတိုင်းအတာတစ်ခုထိ ထိန်းထားနိုင်ရန် လိုပါကြောင်း၊ အတ္တသည် မိမိတစ်ယောက်တည်းအတွက် တွေးခြင်းဖြစ်ကာ မေတ္တာသည် အများအတွက် တွေးခြင်းဖြစ်ပြီး ကိုယ်လုပ်သည့် ကောင်းကျိုးကို မျှဝေလိုသည့်စိတ်ပင် ဖြစ်ပါကြောင်း။

**ကမ္ဘာကြီးငြိမ်းချမ်းမည်**

မိမိတို့ ကင်းထောက်လူငယ်များသည် ကင်းထောက်လုပ်ငန်းများအတူလုပ်ဆောင်ရင်း မေတ္တာပွားနိုင်ခြင်းသည် အတ္တစိတ်ကို မေတ္တာဖြင့် လွှမ်းခြုံနိုင်သည့် သဘောပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းဝန်းလုပ်ဆောင်မှ ငြိမ်းချမ်းရေးရနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံ ငြိမ်းချမ်းမှ မိမိတို့ဒေသ ငြိမ်းချမ်းမည်၊ မိမိတို့ဒေသငြိမ်းချမ်းမှ ကမ္ဘာကြီး ငြိမ်းချမ်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အခွင့်အရေးများစွာရရှိ**

ကင်းထောက်လူငယ်များ၏ သီချင်းတွင် ကောင်းသည့်စိတ်နေစိတ်ထားများ မွေးမြူရန် တိုက်တွန်းထားသည်ကိုတွေ့ရပါကြောင်း၊ ထိုသီချင်း၏ အဓိပ္ပာယ်သည် လေးနက်ပါကြောင်း၊ ကင်းထောက်မောင်မယ်များသည် ထိုသီချင်းမှ သင်ခန်းစာများစွာရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အနှစ်တစ်ရာ တည်တံ့ခိုင်မြဲခဲ့သည်မှာ ထိုစိတ်ဓာတ်များကြောင့်ပင် ဖြစ်ပါကြောင်း၊ မိမိတို့ငယ်စဉ်က ကင်းထောက်များသည် အတူယှဉ်တွဲကာ တစ်ပတ်တစ်ကြိမ်၊ သို့မဟုတ် နှစ်စဉ် တောစခန်းထွက်လေ့ရှိပါကြောင်း၊ တောစခန်းထွက်ခြင်းသည် လူငယ်များအတွက် ပျော်ရွှင်ဖွယ်ဖြစ်သကဲ့သို့ သင်ယူနိုင်သည့် အခွင့်အရေးလည်း များစွာရရှိပါကြောင်း။

မိမိတို့ လူငယ်ကင်းထောက်များသည် စာမေးပွဲများကို တစ်ဆင့်ချင်း ဖြေဆိုသွားကြရပါကြောင်း၊ မိမိတို့ငယ်စဉ်က သမ္မတကင်းထောက်များဆိုသည့် အဖွဲ့ကို ဖွဲ့ခဲ့ပါကြောင်း၊ မိမိသည် ပထမဆုံးစာမေးပွဲ ဖြေဆိုအောင်မြင်သည့် လေးယောက်တွင် ပါဝင်ခဲ့ပါကြောင်း၊ အသက် ၁၅ နှစ်တွင် အိန္ဒိယသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ကင်းထောက်လှုပ်ရှားမှုများတွင် ဆက်လက်မပါဝင်တော့သော်လည်း ကမ္ဘာတစ်ဝန်းမှ ကင်းထောက်များနှင့် အဆက်အသွယ် ပြတ်သွားသည်တော့ မဟုတ်ပါကြောင်း၊ ထိုသို့ မပြတ်သွားခြင်းသည် အခြေခံအားဖြင့် ရဲဘော်ရဲဘက်စိတ်ကိုခိုင်ခံ့အောင် ထူထောင်ခဲ့သည့် အတွက် ဖြစ်ပါကြောင်း။

ကင်းထောက်လှုပ်ရှားမှုဆိုသည်မှာ လူငယ်များ၏ လှုပ်ရှားမှုဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးတစ်ခုက အတ္တစိတ်ကို ကျော်လွှားမှုပင်ဖြစ်ပါကြောင်း၊ အချင်းချင်းကြား မေတ္တာပွားရင်း ရဲဘော်ရဲဘက်စိတ်ကို ခိုင်ခံ့အောင် ထူထောင်ခြင်းဖြစ်ကြောင်း၊ ရဲဘော်ရဲဘက်စိတ်သည် သွေးသားရင်းကဲ့သို့ နီးကပ်စေပြီး အေးအတူပူအမျှ ဝိုင်းဝန်းမျှဝေခြင်းပင်ဖြစ်ပါကြောင်း၊ ရဲဘော်ရဲဘက်စိတ်နှင့် သွေးသားရင်းပေါ် နီးစပ်သည့်စိတ်သည် အတ္တနည်းသည့်အပေါ်တွင် ကွာခြားပါကြောင်း၊ ငါတစ်ဦးတည်းဆိုသည် အတ္တမှ ငါတို့ အတူတူဆိုသည့် မှန်ကန်သည့်၊ ရဲဘော်ရဲဘက်ဆိုသည့် အဖွဲ့အစည်းစိတ်ဓာတ်ပါဝင်ပါကြောင်း၊ ကင်းထောက်မောင်မယ်များက အဖွဲ့အစည်းနှင့် လေ့ကျင့်နိုင်သည့် အခွင့်အရေးကို ရယူပြီး မိမိတို့တစ်သက်တာအတွက် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်၊ မှန်ကန်သည့် ရဲဘော်ရဲဘက်စိတ်ကို မွေးမြူကြပါရန် တိုက်တွန်းလိုပါကြောင်း။

**စိတ်ဓာတ်ဖြင့်သွား**

ယခုကဲ့သို့ ရဲဘော်ရဲဘက်စိတ်များကြောင့် အခက်အခဲမျိုးစုံကို ကျော်လွှားနိုင်ခဲ့သည့် အတွေ့အကြုံများရှိခြင်းကြောင့် တိုက်တွန်းလိုခြင်းဖြစ်ပါကြောင်း၊ တကယ့်ကောင်းမွန်သည့် ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများရှိပါက ဘဝကိုမည်သည့် အခက်အခဲပင်ရှိရှိ ကျော်လွှားနိုင်သည်ကို အလေးထားစေလိုပါကြောင်း၊ ထို့ကြောင့် ကင်းထောက်လူငယ်များသည်လည်း ခေါင်းဆောင်နှင့် နောက်လိုက်မခွဲခြားဘဲ ပူးတွဲပေါင်းစည်း လုပ်ဆောင်သွားကြရန် စိတ်ဓာတ်ကိုအားပေးလိုပါကြောင်း၊ ထိုသို့ စိတ်ဓာတ်ဖြင့်သွားကြစေလိုပါကြောင်း။

**အရည်အသွေးများဖော်ထုတ်**

မိမိတို့ လူ့အသိုက်အဝန်းသည် စုစည်းမှုလိုအပ်ပါကြောင်း၊ မိမိတို့ ပညာရေးစနစ်ကိုလည်း စုစည်းမှုကို အားပေးသည့် စနစ်ဖြစ်ရန် ကြိုးစားနေပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ရန်မဟုတ်ဘဲ ပံ့ပိုးပေးရန်သာဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်ပြိုင်ဆိုင်မှုသည် လူတိုင်းလူတစ်ဦးချင်းစီ၏ အရည်အချင်းကို တိုးတက်အောင်အားပေးသည့် ပြိုင်ဆိုင်မှုမျိုးဖြစ်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကင်းထောက်လူငယ်မောင်မယ်များသည် စုစည်းပြီး ပျော်ပျော်ရွှင်ရွှင်၊ မိတ်ဖြစ်ဆွေဖြစ် တောစခန်းထွက်၊ အတူတေးသီချင်းသီဆို၊ အတူလမ်းလျှောက်ခြင်းများသည် ပျော်စရာများပင် ဖြစ်ပါကြောင်း၊ အပြိုင်အဆိုင်အနေဖြင့် မိမိတို့ အရည်အသွေးများကို ဖော်ထုတ်ရန် အခွင့်အရေးများလည်း ရပါကြောင်း။

စုပေါင်းဖွဲ့စည်း ဆောင်ရွက်ခြင်းသည် အောင်မြင်မှုအတွက် အကြီးဆုံး အင်အားပင်ဖြစ်ပါကြောင်း၊ ယုံကြည်မှုကိုလည်း ခိုင်မာအောင် လေ့ကျင့်စေလိုပါကြောင်း၊ သူများကို အောင်နိုင်ခြင်းထက် မိမိတို့ အားနည်းချက်များကို အောင်နိုင်ရန် စိတ်ဓာတ်များကို မွေးမြူကြစေလိုကြောင်း၊ ကင်းထောက်မောင်မယ်များအားလုံးသည် ယနေ့ ရာပြည့်အခမ်းအနားမှစ၍ တစ်နေ့ထက်တစ်နေ့ အားသစ်များမွေးမြူကာ တစ်နှစ်ထက်တစ်နှစ် မှန်ကန်သည့် စိတ်ထားများဖြင့် မိမိတို့နိုင်ငံသာမက တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်ကြစေလိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

**သမိုင်းကြောင်းရှင်းလင်း**

မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ တိုးတက်မှုများကို ရှင်းလင်းတင်ပြပြီး အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်က ကင်းထောက်သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ကင်းထောက်လူငယ်မောင်မယ်များက ကတိသစ္စာပြုကြပြီး လသာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၁) နှင့် (၂)တို့မှ ကင်းထောက်မောင်မယ်များက The World Song တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Asia Pacific Scout Committee မှ အဖွဲ့ဝင် Dr. Pattaroj Kamonrojsiri နှင့် Asia Pacific Regional Committee ဒုတိယဥက္ကဋ္ဌ Ms. Thanya Krichtitayawuth တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နိုင်ငံတကာ ကင်းထောက် အဖွဲ့ချုပ်အသီးသီးမှ ကိုယ်စားလှယ်များက အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ကြသည်။

ရန်ကုန်တက္ကသိုလ် ကင်းထောက်လူငယ်မောင်မယ်များက ငြိမ်းချမ်းရေးသံတမန်များ တေးသီချင်းဖြင့် သီဆိုသရုပ်ဖော်ကာ မြန်မာကင်းထောက် ရာပြည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာကင်းထောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကင်းထောက်အဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားပညာရေး မူဝါဒကော်မရှင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံကင်းထောက်ကြီး သူရဦးတင်ဦး အမှူးပြုသည့် ကင်းထောက်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ကင်းထောက် အကျိုးဆောင်အဖွဲ့ဝင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်ဆရာများနှင့် ကင်းထောက်များ၊ ဆုရကင်းထောက်များ၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ မြန်မာနိုင်ငံရေကြောင်းလူငယ်အဖွဲ့နှင့် မြန်မာနိုင်ငံလေကြောင်းလူငယ်အဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံကင်းထောက်ကော်မတီ၊ နိုင်ငံတကာကင်းထောက်အဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ငယ်စဉ်ကင်းထောက်ဘဝက ငယ်ပေါင်းကြီးဖော်ကင်းထောက်များ၊ မျိုးဆက်သစ်ကင်းထောက် လူငယ်မောင်မယ်များ၊ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပြီး နှစ်ပေါင်း ၄၈ နှစ်အကြာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံ ၁၆၃ နိုင်ငံက မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ၁၆၄ နိုင်ငံမြောက်အဖြစ် ကန့်ကွက်မဲမရှိ အတည်ပြုခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး၊ ဧည့်ပရိသတ်များ၊ ဖျော်ဖြေတင်ဆက်ကြသည့် ဂီတပညာရှင်များ၊ အဆိုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# Myanmar National Symphony Orchestra Concert 2016, December ဖျော်ဖြေပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး တက်ရောက်အားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင် မစ္စတာ ယာမာမိုတို ဦးဆောင်သည့် ဂီတပညာရှင်များ၊ ဂီတမိတ် Music Center မှ Choir များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် Myanmar National Symphony Orchestra Concert 2016, December ဖျော်ဖြေပွဲကို ယနေ့ည ၆နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

ဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဂီတမြတ်နိုးသူ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေမှုအစီအစဉ်များ မစတင်မီ ရှေးဦးစွာ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင် မစ္စတာ ယာမာမိုတို ဦးဆောင်သည့် ဂီတပညာရှင်များအဖွဲ့က မြန်မာနိုင်ငံတော်သီချင်းသံစဉ်တေးသွားနှင့် ဂျပန်နိုင်ငံတော်သီချင်း သံစဉ်တေးသွားတို့ကို ဦးစွာတီးခတ်ကြသည်။

ထို့နောက် ဖျော်ဖြေမှုအစီအစဉ်အရ ဖျော်ဖြေတင်ဆက်မှုများကို အပိုင်းနှစ်ပိုင်းခွဲ၍ တင်ဆက်ခဲ့ကြသည်။

ယနေ့ညတွင် ဂန္ထဝင်သံစဉ်တေးသွားများ၊ ခရစ္စမတ်သီချင်းသံစဉ်တေးသွားများ၊ ကာတွန်းသံစဉ်များနှင့် မြန်မာသံစဉ်တေးသွားများဖြစ်သည့် မျှော်လင့်ချက်တစ်စုံတစ်ရာ တေးသွား၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း သံစဉ်တေးသွားများကို ရသစုံစုံဖြင့် ကြည်နူးဖွယ်ရာ ဖျော်ဖြေတင်ဆက်ကြပြီး ရင်သပ်ရှုမောဖွယ်ရာ သံစဉ်တေးသွားများကိုလည်း တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်သွားကြသည့် ဂျပန်ဂီတပညာရှင် မစ္စတာ ယာမာမိုတိုနှင့် စန္ဒရားပညာရှင်တို့အား ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အမှတ်တရပန်းစည်း ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအားလည်းကောင်း၊ ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂီတမိတ်မှ အဆိုရှင်များအားလည်းကောင်း အမှတ်တရပန်းခြင်းနှင့် ပန်းစည်းများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များသည် ယနေ့ညတွင် ဖျော်ဖြေ တင်ဆက်သွားကြသည့် ဂီတပညာရှင်များ၊ အဆိုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Myanmar National Symphony Orchestra Concert 2016, December ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြို့အမျိုးသားကဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုဖျော်ဖြေမှုသည် ဒုတိယအကြိမ်မြောက် ပူးပေါင်းဖျော်ဖြေတင်ဆက်မှုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အဓိကထား ရည်ရွယ်ကျင်းပသွားမည်ဖြစ်ပြီး ဦးတည်ချက်များမှာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး တစ်စုတစ်စည်းတည်း ရယူနိုင်ရန် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြဆိုခဲ့ကြကြောင်း၊ ယခု နှစ်ဆယ့်တစ်ရာစုတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံကို ကျင်းပလျက်ရှိကြောင်း၊ နှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့်သာ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်နည်းလမ်းဖြင့် ဖက်ဒရယ်စနစ်ကို ရောက်ရှိနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်ထားကာ တွေ့ဆုံဆွေးနွေးရေးအတွက် ဖိတ်ခေါ်ထားကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်သည် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုမှုအရ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း။

ကျန်ရှိနေသေးသော အဖွဲ့အစည်းများအနေဖြင့် NCA ထီးရိပ်အောက်သို့ အမြန်ဆုံးလာရောက်ကြရန် တိုက်တွန်းလိုကြောင်း၊ NCA ထိုးပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် နိုင်ငံရေးပြဿနာများကို အဖြေရှာကြရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် (၂၁)ရာစု ပင်လုံညီလာခံသည် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါကြောင်း၊ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဓိကမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပင်လုံညီလာခံ၏ ရလဒ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီး မိမိတို့လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါကြောင်း။

ယနေ့တွင်လည်း ပင်လုံစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းရေးရရှိအောင် အဓိကထားဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေးရမှ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိမှု လုပ်ငန်းများအားလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ နှစ်အလိုက်ကျင်းပခဲ့မှု၊ ပြီးခဲ့သည့်နှစ်က သတ်မှတ်ခဲ့သည့် ဦးတည်ချက်၊ သဝဏ်လွှာပုံစံ၊ ပို့စကတ်နမူနာများနှင့် မြေစိုက်ပိုစတာဒီဇိုင်းများ၊ ဖိတ်ကြားမှုစာရင်းများတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး၊ လုံခြုံရေး၊ လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရေး၊ သဝဏ်လွှာပြုစုရေး၊ အလံတင်အခမ်းအနားကျင်းပရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

---

● *ကျောဖုံးမှ*

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မောင်တောဒေသသို့ သွားရောက်၍ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ကော်မရှင်အဖွဲ့ဝင် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် ကျေးရွာသူ၊ ကျေးရွာသားများ၊ အမျိုးသမီးများနှင့် ကလေးများကို တွေ့ဆုံကာ အမျိုးသမီးများ အဓမ္မပြုကျင့်ခံရမှု ရှိ မရှိကို အသေးစိတ် မေးမြန်းခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြောင်ပိုက်ကျေးရွာသို့ ရောက်ရှိစဉ် မဂျာမာလီဟာနှင့် သီးခြားတွေ့ဆုံ၍ ကိုယ်တိုင်အဓမ္မပြုကျင့်ခံရမှု ရှိ မရှိ၊ အခြားအမျိုးသမီးငယ်များကိုလည်း အဓမ္မပြုကျင့်ခံရမှု ရှိမရှိနှင့် မျက်မြင်ကိုယ်တွေ့သိရှိရခြင်း ရှိ မရှိတို့ကို မေးမြန်းခဲ့ရာ ကိုယ်တိုင်လည်း ပြုကျင့်ခံရမှုမရှိကြောင်း၊ အခြားသူများ ပြုကျင့်ခံရမှုကိုလည်း မြင်တွေ့သိရှိခြင်းမရှိကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။

ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်သည့်ခရီးစဉ်တွင် မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာသို့ ဒီဇင်ဘာ ၂၁ ရက်က ရောက်ရှိစဉ် ပြောင်ပိုက်ကျေးရွာနေ မဂျာမာလီဟာ ၂၅ နှစ်နှင့် ငါးစားကြျုကျေးရွာနေ ဒေါ်သန်းသန်း(ခ)မနိုရ်ဂျန် ၃၂ နှစ်တို့အား တွေ့ဆုံမေးမြန်းရာ မဂျာမာလီဟာက ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မပြုကျင့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။

**အကာအကွယ်ပေးသွားမည်**

သို့ဖြစ်၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး၊ ကျူးလွန်ခဲ့သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နစ်နာသူများအား ဥပဒေနှင့်အညီ အကာအကွယ်များ ပေးအပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၂၂ ရက်တွင် တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ပြောင်ပိုက်ကျေးရွာသို့ သွားရောက်ကာ ပြောင်ပိုက်ကျေးရွာ ရာအိမ်မှူး ခါလီ၊ စပယ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး မာမတ်အီနူးနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ မဂျာမာလီဟာနှင့် ဒေါ်သန်းသန်းတို့သည် ပြောင်ပိုက်ကျေးရွာတွင် နေထိုင်ခြင်းမရှိဘဲ ငါးစားကြျုကျေးရွာတွင် နေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် လာရောက်ရန် ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမပြုဘဲ တိမ်းရှောင်လျက်ရှိသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရှိရကြောင်း၊ ပြောင်ပိုက်ကျေးရွာရှိ မဂျာမာလီဟာ၏ နေအိမ်အနီးပတ်ဝန်းကျင်နေ အဘူဘော်ရှော့၊ မနူရ်နတ်၊ ရာအိမ်မှူးတို့အား မေးမြန်းရာ အဓမ္မပြုကျင့်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ အဓမ္မပြုကျင့်ခံရသည်ဟု ကျေးရွာအတွင်း မကြားမိကြောင်း၊ ၎င်းအနေဖြင့် သတင်းထောက်များအား မည်သည့်ရည်ရွယ်ချက်ဖြင့် အဓမ္မပြုကျင့်ခံရသည်ဟု ပြောကြားသည်ကို မသိရှိဟု ဖြေကြားခဲ့ကြောင်း၊ မောင်တောခရိုင်အတွင်းရှိ ဒေသခံများအနေဖြင့် အဓမ္မပြုကျင့်ခံရမှုများရှိပါက ဥပဒေနှင့်အညီ အမှုဖွင့်တိုင်ကြားနိုင်ကြောင်း၊ မှန်ကန်မှုရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမှန်တကယ်နစ်နာသူများအား ထိထိရောက်ရောက်အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ထိုသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**(သတင်းစဉ်)**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၄)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်း



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကောင်းဆုံးဆုရ သင်တန်းသား လွင်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်**

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၄) နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၄) မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ လွင်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဟန်လင်းနိုင်၊ စာပေထူးချွန်ဆုရရှိသူ ဇော်ဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီး သူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁)မှ အကောင်းဆုံး သင်တန်းသူဆုရရှိသူ နုထက်ထက်လှိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ မြတ်သက်မွန်၊ စာပေထူးချွန်ဆုရရှိသူ အိသန္တာဖြိုး တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေး တက္ကသိုလ်ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၄)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏ မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တပ်မတော်သူနာပြု နှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆောင်ရှိ သူနာပြုကျွမ်းကျင်မှုလက်တွေ့ခန်းအတွင်း သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့သင်ကြားမှုအခြေအနေများ၊ General Practical Room, ICU, Paediatric Room နှင့် Labour Room အတွင်း လက်တွေ့သရုပ်ပြ လေ့ကျင့်နေမှုများကို Common Briefing Room အတွင်းတိုက်ရိုက်ပြသ၍ သင်တန်းသားများအား သင်ကြားပို့ချနေမှုအခြေအနေများနှင့် ဆေးဝါးလက်တွေ့ခန်းအတွင်း ဆေးဝါးများထုတ်လုပ်မှု၊ ဆေးဝါးများ ခွဲခြမ်းစိတ်ဖြာ... 



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကောင်းဆုံးဆုရ သင်တန်းသူ နုထက်ထက်လှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်**

# (၃၅)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲ ပြီးစီး၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၃၅)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို နေပြည်တော် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် ရတနာဈေးထပ်၌ ပြပွဲနောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် တင်ဒါအမှတ် (၃)မှ ပုလဲအတွဲ ၁၃၅ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာတွင် ပုလဲအတွဲ ၁၁၅ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲ အပေါ်တွင် ၈၅ ရာခိုင်နှုန်း ရောင်းချရရှိခဲ့သည်။

အဆိုပါ ပုလဲပြပွဲတွင် ပုလဲအတွဲစုစုပေါင်း ၄၀၆ တွဲကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၃၅၈ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲအပေါ် တွင် ၈၈ ရာခိုင်နှုန်းရောင်းချရရှိခဲ့သည်။ ရောင်းချရရှိသော ပုလဲအတွဲ ၃၅၈ တွဲတွင် နိုင်ငံပိုင်ပုလဲအတွဲ ၂၇၆ တွဲ တန်ဖိုးငွေကျပ် သန်းပေါင်း ၁၇၄၄ သန်းနှင့် ပုဂ္ဂလိကပိုင် ပုလဲအတွဲ ၈၂ တွဲ တန်ဖိုးငွေကျပ် သန်းပေါင်း ၈၆၁ သန်း စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၂၆၀၅ သန်းဖြင့် ရောင်းချရရှိခဲ့သည်။

(၃၅)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲတွင် ပြည်တွင်း ပုလဲကုမ္ပဏီနှင့် ရတနာဆိုင် ၅၆ ခုမှ ကုန်သည် ၁၁၀ တက်ရောက် ဝယ်ယူအားပေးခဲ့သည်။

(၃၆)ကြိမ်မြောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်းပုလဲ ရောင်းချပွဲကို ၂၀၁၇ ခုနှစ်တွင် နေပြည်တော်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲနောက်ဆုံးနေ့သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲတွဲများရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်ရှိ ၁၅ ဧက ကျောက်စိမ်းသိုလှောင်ရုံတွင် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသော ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီ၊ မက်လင်ချောင် အကျိုးတူ(၂) လုပ်ကွက်မှ ထွက်ရှိသည့် ကျောက်စိမ်းရိုင်း(လုံးစွပ်)၊ အလေးချိန် ၁၈၈၇၀ ဒသမ ၀၀ ကီလိုကို ဖြတ်တောက်၊ အရောင်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်ဘယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်အတွက် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာနိုင်သည်။

**(မိုး/ဇလ)**

## ရွေ့လျားစာကြည့်တိုက်များအား ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားလျက်ရှိ

**ဖျာပုံ ဒီဇင်ဘာ ၂၃**

အမျိုးသားစာဆို ဆရာဇော်ဂျီအား ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ်မှ စတင်လျက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဖွင့်လှစ်ခဲ့သော ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၏ အခြေခံပညာကျောင်းများ၌ အောက်တိုဘာ ၂၆ ရက်မှ စတင်ဖွင့်လှစ်ပေးသော Moblie Library အပေါ် ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ဖတ်ရှုလျက်ရှိကြောင်း ကျောင်းအသီးသီးမှ စာကြည့်တိုက်တာဝန်ခံ ဆရာမများ၏ ပြောပြချက်အရ သိရသည်။

ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်မှ မြို့နယ်အတွင်း Mobile Library များ ဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ “ကျွန်တော်တို့ အရင်ဆုံး ကလေးစာပေ ကာလတန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးလောက် စာအုပ်တွေ စုဆောင်းပါတယ်။ စာကြည့်တိုက်မှာလည်း ကလေးစာဖတ်ဆောင် သီးခြားဖွင့်လှစ်ထားတယ်။ အခု Moblie Library ထွက်တဲ့အခါ မြို့ပေါ်ကိုမရွေးဘဲ စာကြည့်တိုက်ကို နေ့စဉ် မလာနိုင်တဲ့ ကျေးရွာ ၁၀ ရွာကို အရင်လျာထားလိုက်ပါတယ်။ လျာထားတဲ့ကျောင်းတွေအရောက် စာကြည့်တိုက်အမှုဆောင်အဖွဲ့ဝင်တွေ ဝန်ထမ်းတွေက အရင်ကွင်းဆင်းပါတယ်”ဟု စာကြည့်တိုက်မှူး ဦးမြင့်အောင်က ပြောသည်။

ယခုလက်ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် ပုံမှန်စာအုပ်ငှားရမ်းခြင်းလုပ်ငန်းများအပြင် စာကြည့်တိုက်သို့အကြောင်း အမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ရုံးအသီးသီးရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဈေးအသီးသီးရှိ ဈေးသူဈေးသားများထံအရောက် စာအုပ်များပို့ဆောင်ငှားရမ်းပေးခြင်း အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝေမြင့်ထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးမြင့်သူ | ညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးစိန်ဦး | ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဂ) ဦးစိုးသိန်း | ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဃ) ဦးမင်းလွင် | ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးနီအောင် အထွေထွေမန်နေဂျာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမင်းသူ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အာရှနိုင်ငံအသီးသီး၌ ဂျပန်သံစုံတီးဝိုင်းအဖွဲ့၏ ဖျော်ဖြေမှုများ၊ မြန်မာသံစုံတီးဝိုင်းနှင့် တွဲဖက်ဆောင်ရွက်နေမှုများနှင့် လိုအပ်သည့် အကူအညီများပေးနိုင်ရေး၊ ဂျပန်နိုင်ငံမှ National Institute of Information and Communications Technology (NICT)နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် Machine Translation Project ကို အကောင်အထည်ဖော်ဆောင်မှု ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် နောင်ချိုမြို့တို့၌ ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနားမှ ကင်းထောက်လူငယ်များ၊ ဘက်စုံထူးချွန်လူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ ရေကြောင်းလူငယ်များ၊ လေကြောင်းလူငယ်များ၏ ရင်တွင်းစကားသံများ



မယမင်းအေး



မဝင်းမြတ်မြတ်ဖြိုး



မောင်သန်းထွဋ်ဝင်း



မနှင်းဦးဝေ



မသဲနုဇော်



မသက်နှင်းအိ

**မောင်ကောင်းခန့်ကျော်**
**(တက္ကသိုလ်ကင်းထောက်)**

ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာ ရူပဗေဒမဟာသိပ္ပံ ဒုတိယနှစ်ကို တက်ရောက်နေပါတယ်။ **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**က ကင်းထောက်လူငယ်တွေဟာ ကင်းထောက်လုပ်ငန်းတွေ အတူလုပ်ဆောင်ရင်း မေတ္တာပွားနိုင်ခြင်းဟာ အတ္တစိတ်ကို မေတ္တာနဲ့ လွှမ်းခြုံနိုင်တဲ့ သဘောပင်ဖြစ်တယ်၊ မိမိတို့နိုင်ငံမှာ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေတာကို အားလုံးအသိပဲဖြစ်တယ်၊ အားလုံးဝိုင်းဝန်းလုပ်ဆောင်မှ ငြိမ်းချမ်းရေးရနိုင်မှာဖြစ်ပြီး မိမိတို့နိုင်ငံငြိမ်းချမ်းမှ မိမိတို့ဒေသ ငြိမ်းချမ်းမယ်၊ မိမိတို့ဒေသ ငြိမ်းချမ်းမှ ကမ္ဘာကြီး ငြိမ်းချမ်းမယ်" လို့ ပြောကြားသလို ကျွန်တော်တို့ ကင်းထောက်လူငယ်တွေက ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး အခု နှစ်တစ်ရာမှ နောင်နှစ်ပေါင်းများစွာတိုင် စုပေါင်းပြီး၊ မွန်မြတ်တဲ့ စိတ်ဓာတ်တွေကိုအခြေခံပြီး လူမှုအကျိုးပြုလုပ်ငန်းတွေကို ကတိသစ္စာ အဓိဋ္ဌာန်တွေအတိုင်း လုပ်ဆောင်ကာ အခွန့်ရှည်တည်တံ့ပါစေလို့ ဆုမွန်ကောင်းတောင်းချင်ပါတယ်။

**မနှင်းဦးဝေ(ခ) ဆုပြည့်စုံ**
**(တက္ကသိုလ်ကင်းထောက်)**

ကျွန်မက ဒဂုံတက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေးပညာ စတုတ္ထနှစ်တက်ရောက်နေပါတယ်။ တစ်သက်မှာ တစ်ခါ ဒီလို နိုင်ငံတော်အဆင့် ကင်းထောက်ရာပြည့်ပွဲမှာ ကင်းထောက်တစ်ယောက်အနေနဲ့ ပါဝင်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်တွေအားလုံး တစ်နေရာတည်းမှာ စုစုစည်းစည်းတွေ့ရလို့လည်း အလွန်အားတက်မိပါတယ်။ ကင်းထောက် မောင်နှမတွေလည်း စည်းစည်းလုံးလုံး လက်တွဲပြီးတော့ နောင်နှစ်ရာပြည့်များအထိ ကင်းထောက်လုပ်ငန်းတွေ အတူတကွဆောင်ရွက်နိုင်ဖို့ ဆုတောင်းမိပါတယ်။

**မသဲနုဇော် (ဘက်စုံထူးချွန်လူငယ်)**

အဌမတန်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ရန်ကင်း T.T.C ကနေ လူရည်ချွန်ဆုကိုရရှိခဲ့ပါတယ်။ အခု ရန်ကင်း အထက(၁)မှာ နဝမတန်းပညာကို သင်ယူနေပါတယ်။ အခုလို ကင်းထောက်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ သမီးကိုယ်တိုင်ကလည်း ကင်းထောက်လူငယ်တစ်ယောက် ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် သမီးတက်ရောက်နေတဲ့ ကျောင်းမှာ ကင်းထောက်အဖွဲ့ မရှိသေးလို့ ကင်းထောက်အဖွဲ့ထဲ ဝင်ခွင့်မရခဲ့ပါဘူး၊ အရင်က ကင်းထောက်အကြောင်းစာအုပ်တွေ ဖတ်ခဲ့ဖူးပါတယ်။ ကင်းထောက်တွေရဲ့ စိတ်ဓာတ်၊ သဘောထား၊ လုပ်ဆောင်မှုတွေကို အားကျအတုယူခဲ့မိပါတယ်၊ သမီးကိုယ်တိုင်လည်း ကင်းထောက်အဖွဲ့ကြီး ဆက်လက်ရှင်သန်သွားဖို့ တစ်ဖက်တစ်လမ်းက ကူညီသွားပါမယ်။ အခွင့်အရေးရရင်လည်း သမီးကိုယ်တိုင် ကင်းထောက်အဖွဲ့မှာ ပါဝင်မှာဖြစ်ပါတယ်။

**မောင်ဟိန်းခန့်ဝင်း**
**(အမျိုးသားကင်းထောက်)**

ကျွန်တော်က အထက(၁)လသာမှာ နဝမတန်းကျောင်းသား မြန်မာနိုင်ငံ ကင်းထောက် မောင်ဟိန်းခန့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကင်းစိတ်အမည်က 'ခြသေ့်'ဖြစ်ပြီး ကျွန်တော်က ကင်းစိတ်ခေါင်းဆောင်ဖြစ်ပါတယ်။ ကင်းထောက်ရာပြည့်အကြို ကင်းထောက်စွမ်းရည်ပြိုင်ပွဲမှာ အကောင်းဆုံး မြန်မာနိုင်ငံ ကင်းထောက် ကင်းစိတ်ဆုကိုရရှိတဲ့အတွက် ရန်ကုန်မြို့တော်ဝန်ရဲ့ကင်းစိတ်အလံချီးမြှင့်တာခံခဲ့ရပါတယ်။ အခုလို ကင်းထောက်ရာပြည့် အခမ်းအနားကြီးကို တက်ရောက်ပြီး Mayor Flag Award ကို ရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကင်းထောက်လူငယ်တွေဟာ ကတိသုံးချက်နဲ့ ကျင့်ဝတ်ဆယ်ပါးကို နှလုံးသားထဲစွဲမြဲနေကာ နောင်မျိုးဆက်ညီငယ်တွေကို လက်တွဲခေါ်ပြီး နိုင်ငံတော်က အားထားရမယ့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနဲ့ ပြည့်ဝတဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် မွန်မြတ်တဲ့ကင်းထောက်စိတ်ဓာတ်နဲ့အစွမ်းကုန် ကြိုးစားသွားမှာဖြစ်ပါတယ်။

**မသက်နှင်းအိ (ကြက်ခြေနီ)**

ကျွန်မက ကမာရွတ်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းက တပ်စုမှူး မသက်နှင်းအိ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒ ဒုတိယနှစ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကိုယ်စား တက်ရောက်ရတာကို အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုအချိန်မှာ ခေါင်းဆောင်ပိုင်းကို တာဝန်ယူနေတဲ့ သူတွေဟာ တစ်ချိန်က ကင်းထောက်မောင်မယ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဖြစ်ခဲ့ဖူးပါတယ်။ ကျွန်မတို့ကို အခုလို လူငယ်တွေ တွေ့ဆုံနိုင်မယ့် ပွဲမျိုးတွေ ပြုလုပ်ပြီး လေ့ကျင့်သင်ကြားပေးလို့ အထူး ကျေးဇူးတင်ရှိပါတယ်။ နောင်တစ်ချိန် ခေါင်းဆောင်ကောင်းဖြစ်ဖို့ အခုအချိန်မှာ နောက်လိုက်ကောင်း ဖြစ်နေဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**မဝင်းမြတ်မြတ်ဖြိုး(အမျိုးသမီးကင်းထောက်)**

ကျွန်မက အထက(၁)ဒဂုံက အဌမတန်းကျောင်းသူ အမျိုးသမီးကင်းထောက် မဝင်းမြတ်မြတ်ဖြိုးဖြစ်ပါတယ်၊ ကျွန်မတို့ ကင်းစိတ်အမည်က "မြတ်လေးပန်း" ဖြစ်ပြီး ကျွန်မက ကင်းစိတ်ခေါင်းဆောင်ဖြစ်ပါတယ်။ ကင်းထောက်ရာပြည့်အကြို ကင်းထောက်စွမ်းရည်ပြိုင်ပွဲမှာ အကောင်းဆုံး အမျိုးသမီးကင်းထောက် ကင်းစိတ်ဆုကိုရရှိတဲ့အတွက် ရန်ကုန်မြို့တော်ဝန်ရဲ့ကင်းစိတ်အလံ ချီးမြှင့်တာခံခဲ့ရပါတယ်။ အခုလိုကင်းထောက်ရာပြည့် အခမ်းအနားကြီးကို တက်ရောက်ပြီး Mayor Flag Award ကိုရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့ ကင်းထောက်လူငယ်တွေဟာ ကတိသုံးချက်နဲ့ ကျင့်ဝတ်ဆယ်ပါးကို နှလုံးသား ထဲစွဲမြဲနေပြီး နောင်တစ်ချိန်မှာ မိမိ တိုင်းပြည်နဲ့ လူမျိုးအကျိုးစီးပွားအတွက် အဘက်ဘက်က အားထားရမယ့် ခေါင်းဆောင်ကောင်းတွေဖြစ်အောင် မွန်မြတ်တဲ့ ကင်းထောက်စိတ်ဓာတ်နဲ့ အစွမ်းကုန် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်။

**မယမင်းအေး (ရေကြောင်းလူငယ်)**


ကျွန်မကတော့ အထက(၁) သာကေတ နဝမတန်း(A)က ကျောင်းသူ မယမင်းအေး ဖြစ်ပါတယ်၊ ကျွန်မက အခြေခံရေကြောင်းသင်တန်းကို ၂၀၁၆ ခုနှစ် ဧပြီလကနေ မေလအထိ တက်ရောက်သင်ကြားခဲ့ပါတယ်၊ အခုလို နှစ် ၁၀၀ ပြည့်မှာ တစ်ကြိမ်သာ ကြုံတောင့်ကြုံခဲ တက်ရောက်ခွင့်ရတဲ့ မြန်မာကင်းထောက်ရာပြည့်အခမ်းအနားကို ရေကြောင်းလူငယ်တစ်ယောက်အနေနဲ့ တက်ရောက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာ ဂုဏ်ယူပါတယ်။ နောင်မှာ ကျွန်မထက်ဝါရင့်တဲ့ ကင်းထောက်ကြီးတွေရဲ့အခြေခံစိတ်သဘောထားကို လိုက်နာကျင့်သုံးပြီး ရေကြောင်းဆိုင်ရာ ပညာရပ်တွေကို ဆက်လက်လေ့လာသွားမှာဖြစ်ပါတယ်။

**မောင်သန်းထွဋ်ဝင်း(လေကြောင်း လူငယ်)**

ကျွန်တော်က အထက(၃) မြောက်ဥက္ကလာပ နဝမတန်းမှာ ပညာသင်ကြားနေပါတယ်။ လေကြောင်းလူငယ်သင်တန်းဆင်း တစ်ယောက်ဖြစ်ပါတယ်။ အခုလို မြန်မာကင်းထောက် ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ရပါတယ်။ အခုလို သင်တန်းအသီးသီးက သူငယ်ချင်းတွေနဲ့တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ လေကြောင်းလူငယ်၊ ရေကြောင်းလူငယ်သင်တန်း၊ ကြက်ခြေနီသင်တန်း၊ ကင်းထောက်သင်တန်းတွေ ဖွင့်ပေးပြီး ဘက်စုံထူးချွန်လူငယ်တွေ ရွေးချယ်ပေးလို့ နိုင်ငံတော်မှ တာဝန်ရှိသူတွေကို လူငယ်တွေအနေနဲ့ အလွန်ကျေးဇူးတင်ပြီး တိုင်းပြည်အကျိုး ဆောင်ရွက်သွားပါမယ်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သတင်းမီဒီယာအဖွဲ့များနှင့်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှုများ ရှင်းလင်း



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲ ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်း သတင်းရယူမှုကို ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးကို အလေးထားပြီး တည်ငြိမ်အေးချမ်းမှု ရရှိစေရန် မူဝါဒထားရှိ ဆောင်ရွက်နေမှု၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အာရုံစိုက်ဆောင်ရွက်နေမှု၊ မူလအနေအထားထက် သာလွန်သည့်အနေအထား ရရှိအောင် တာဝန်ယူ/တာဝန်ခံ ဆောင်ရွက်နေမှု၊ မောင်တောဒေသ၌ အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်ပွားမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ရရှိအောင် ဆောင်ရွက်နေမှု၊ လူမှုအသိုက်အဝန်းများအတွင်း ယုံကြည်မှုရရှိအောင် ဆောင်ရွက်နေမှု၊ ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် မောင်တောမြို့နယ်အတွင်း ခမောင်းဆိပ်နှင့် မြင်းလွတ်မြို့များအဖြစ် အုပ်ချုပ်မှုလုပ်ငန်းများ တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပုံမှန်အနေအထားရရှိရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် စစ်တွေမြို့ရှိ ဗျူးပွိုင့်နှင့် ကမ်းနားလမ်း အဆင့်မြှင့်တင်ထားမှုနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့ရှိ ဆတ်ရိုးကျ ကယ်ဆယ်ရေးစခန်းနှင့် သက္ကေပြင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များသည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မလေးရှားနိုင်ငံသို့ လူမှောင်ခိုသယ်ပို့မည့် စက်လှေတစ်စင်း မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်ရေမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၂ နာရီ ၃၅ မိနစ်ခန့်က ရေယာဉ်၏ တောင်ဘက် ၄ မိုင်ခန့်အကွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပြင်မှ မြန်မာနိုင်ငံ ရေပြင်အတွင်း အနောက်မှ အရှေ့သို့ ခုတ်မောင်းနေသော ခရေဖူးအမည်ရှိ တရားမဝင် လူမှောင်ခို လှေတစ်စင်းနှင့်အတူ အမျိုးသား ရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ လှေသည် ကျိုက္ခမီဆိပ်ကမ်းမှ ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ထွက်ခွာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်ထဲသို့ ဖြတ်ဝင်၍ ကျောက်ပန္တု၏ အနောက်ဘက် ၇ မိုင်ခန့်အကွာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်အစပ်သို့ ဒီဇင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲတွင် ရောက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ပွဲစားသုံးဦးကို စောင့်ဆိုင်းခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက် နံနက် ၂ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ပွဲစားများ မရောက်ရှိသေးသဖြင့် မြန်မာရေပိုင်နက်ထဲသို့ ဝင်ရောက်စဉ် နံနက် ၃ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

လှေပေါ်၌ လိုက်ပါလာသူ ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက်နေ မောင်သာကဲကို စစ်ဆေးမေးမြန်းရာ ထိုင်းနိုင်ငံနေ ဂျာမားဆိုသူက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မလေးရှားနိုင်ငံသို့ လူများ သယ်ဆောင်ရန်အတွက် ခေါက်ကြေးပေး ငှားရမ်းခဲ့ပြီး ကျိုက္ခမီမြို့ ဝက်သိုးရပ်ကွက်နေ လှေပိုင်ရှင် ဦးသန့်ဇင်နှင့် ဂျာမားဆိုသူတို့ တိုက်ရိုက်ဆက်သွယ်ခြင်းကြောင့် ငှားရမ်းခ မသိရကြောင်း၊ ၎င်းသည် ကိုယ်စားလှယ်သာဖြစ်ပြီး လှေသားတစ်ဦး တစ်ခေါက်လျှင် ငွေကျပ်တစ်သိန်းခွဲ ရရှိကြောင်းနှင့် လှေပေါ်လိုက်ပါမည့်သူ တစ်ဦးလျှင် ဘတ်ငွေ တစ်သောင်းခွဲပေးရမည် ဖြစ်ကြောင်း သိရသည်။

ယခု ခရီးစဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူ ၂၀၀ ခန့်ကို တင်ဆောင်ကာ ဘင်္ဂလားဒေ့ရှ်-ထိုင်းနိုင်ငံ တောင်ပိုင်းမှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကာ ထိုင်းနိုင်ငံတောင်ပိုင်း ရေပြင်၌ တစ်ထောက်ရပ်နားမည်ဖြစ်ပြီး မလေးရှားနိုင်ငံ ရေပြင်သို့ ရောက်ရှိချိန်၌ ဂျာမားဆိုသူက စက်လှေဖြင့်လာရောက်၍ ပါလာသည့် လူများကို လှေဖြင့်ထပ်ဆင့်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။



မြန်မာ့ရေပြင်တွင် ခုတ်မောင်းလာသည့် ခရေဖူးအမည်ရှိ လူမှောင်ခိုလှေကို တွေ့ရစဉ်

အဆိုပါ ဖမ်းမိလှေနှင့် တရားခံရှစ်ဦးကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းသို့ ဆက်လက်လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်းမရှိကြောင်း မီဒီယာများကို ပြောကြားခဲ့သည့် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သတင်းမှန်ထုတ်ပြန်နိုင်ရေးအတွက် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ မြေပြင်ကွင်းဆင်း သတင်းရယူနေသည့် ပြည်တွင်း ပြည်ပမီဒီယာ ၁၃ ဦးပါ အဖွဲ့၏ မေးမြန်းမှုများကို ဖြေကြားခဲ့ရာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်းမရှိကြောင်း၊ ကျေးရွာများ၌ ရိုဟင်ဂျာဟု လှုံ့ဆော်မှုများရှိကြောင်း မီဒီယာများကို ပြောကြားခဲ့သည့် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတစ်ဦး ယမန်နေ့က အသတ်ခံရကြောင်း သိရသည်။



အသတ်ခံခဲ့ရသည့် ကျေးရွာစာကြည့်တိုက်မှူးက ဒီဇင်ဘာ ၂၁ ရက်က မီဒီယာများ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားစဉ်

ဖြစ်စဉ်မှာ ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် အဖွဲ့ဝင် ၁၃ ဦးသည် ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းက မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ ရောက်ရှိစဉ် ကျေးရွာစေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးအဖြစ် လုပ်ကိုင်နေသည့် ဒုစ်မာမတ် (ခ) ရှုနာမျာအား ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ငါးခူရအလယ်ရွာလမ်းမပေါ်၌ သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

သတင်းထောက်များ၏မေးမြန်းချက်များကို ဖြေကြားခဲ့သူ ဒုစ်မာမတ်(ခ) ရှုနာမျာသည် ညနေ ၆ နာရီက နေအိမ်သို့ပြန်လည်ရောက်ရှိပြီး အဝတ်အစားလဲ၍ ရွာအတွင်းသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ဒုစ်မာမတ်(ခ)ရှုနာမျာ၏ အစ်ကိုဖြစ်သူ ဒီလ်မူဟာမတ်က ၎င်း၏ညီ ပျောက်ဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂျော်ဂျီအောင်ထံ သွားရောက်သတင်းပို့ခဲ့ပြီး အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ငါးခူရနယ်မြေ ရဲစခန်းသို့ ဆက်လက်အကြောင်းကြားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လိုက်လံစုံစမ်းလျက်ရှိစဉ် ပျောက်ဆုံးသူ၏ အစ်ကိုဖြစ်သူက ဒိုးတန်းကျေးရွာကြား လယ်ကွင်းချောင်းစပ်နေရာ၌ မသင်္ကာဖွယ်သွေးကွက်များ တွေ့ရှိကြောင်း အကြောင်းကြားချက်အရ သွားရောက်စစ်ဆေးခဲ့ရာ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ဒုစ်မာမတ်(ခ) ရှုနာမျာ၏ အလောင်းကို စံပယ်ပင်ရင်းချောင်းထဲ၌ ဦးခေါင်းမပါ၊ ဝဲယာပေါင်နှစ်ဖက်တွင် ဓားထိုးဒဏ်ရာ နှစ်ချက်စီဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒုစ်မာမတ်(ခ) ရှုနာမျာ အသတ်ခံရမှုနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်စေရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

## သွားဘက်ဆိုင်ရာ ဆေးပညာတိုးတက်စေရန် တိုကျိုတက္ကသိုလ်မှ လာရောက်ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သွားဘက်ဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံ တိုကျို ဆေးနှင့်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (Tokyo Medical and Dental University) မှ Dean ပါမောက္ခ Keiji Moriyama သည် ဧည့်ပါမောက္ခအဖြစ် ယနေ့ နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန် ရွှေရတုခန်းမ၌ လာရောက်ဟောပြောသည်။

အဆိုပါ ဧည့်ပါမောက္ခက Non-surgical and Surgical Orthodontic Treatment for the Patients with Mandibular Prognathism ခေါင်းစဉ်ဖြင့် လာရောက်ဟောပြောခဲ့ရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**ဘူးသီးတောင် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်စန်းစန်းရီသည် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးကြည့်ရှုခဲ့ရာတွင် ပြစ်ဒဏ်ကျခံသူများ၏ အဆောင်များ၊ စားဖိုဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေး ရှိ/မရှိ စသည်တို့ကို တွေ့ဆုံမေးမြန်းကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဘူးသီးတောင်အကျဉ်းထောင် တာဝန်ခံအရာရှိဦးမင်းမော်က ပြစ်ဒဏ်ကျခံသူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းပြသခဲ့သည်။ တရားလွှတ်တော်တရားသူကြီးနှင့်အတူ ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုး၊ မောင်တောခရိုင်/မြို့နယ်တရားသူကြီးနှင့် ဘူးသီးတောင်မြို့နယ်တရားသူကြီးတို့ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ ဇန်နဝါရီလမကုန်ခင်စတင်နိုင်မည်

**ရန်ကုန်  ဒီဇင်ဘာ  ၂၃**
ပထမဦးဆုံးအကြိမ်ကျင်းပမည့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးထားသောဒေသများမှ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၌ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရုံးခွဲ၌ ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၌ ပြုလုပ်မည့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးအစိုးရက ဦးဆောင်ကျင်းပမည် ဖြစ်သည်။

အစိုးရအစုအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့အစည်းအဝေး ညှိနှိုင်းမှုအရကတော့ ဇန်နဝါရီ ၂၃ ရက်ကနေ ၂၆ ရက်လောက်အတွင်းမှာ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအတွက် ပြီးစီးအောင် ဆောင်ရွက်ဖို့ပါ။ ဒါကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ပြင်ဆင်နေပါတယ်။ ကြီးကြပ်ရေးကော်မတီ ကိုးဦးပါပါမယ်။ အဲ့ဒီမှာကတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က တစ်ယောက်စီ၊ KNU က တာဝန်ပေးထားသူ သုံးယောက်၊ NLDက တစ်ယောက်၊ USDPကတစ်ယောက်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက တစ်ယောက်ပါဝင်ပါမယ်" ဟု ပြောကြားသည်။



ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

ယနေ့ အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အကြံပေးများ၊ နည်းပညာအထောက်အကူပြုများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီတွင် ပါဝင်မည့် နိုင်ငံရေးပါတီများနှင့် KNU ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လူမျိုးအလိုက်ကျင်းပမည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကိုမူ ကရင်ပြည်နယ်၌ ကျင်းပမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး-KNU ၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)-KNU/KNLA-PC နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်-DKBA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့က ဦးဆောင်ကျင်းပမည်ဖြစ်သည်။

ဦးလှမောင်ရွှေက "လောလောဆယ် ကရင်ပြည်နယ်မှာ ညှိနှိုင်းမှုအရ ဇန်နဝါရီ ၁၈ ရက်ကနေ ၂၁ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ဖို့ပြင်ဆင်နေပါတယ်။ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက်ပါ။ အဲ့ဒီမှာလည်း ကြီးကြပ်မှုကော်မတီမှာ ကိုးဦးပါတယ်။ ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့က တစ်ယောက်စီပါမယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က တစ်ယောက်စီနဲ့ နိုင်ငံရေးပါတီတွေဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က တစ်ယောက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က တစ်ယောက်၊ ကရင်ပြည်သူ့ပါတီ (KPP) ကတစ်ယောက်ပါတယ်"ဟု ပြောကြားသည်။

နေပြည်တော်၌ အကြောင်းအရာအလိုက်ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ CSO ဖိုရမ်)များနှင့်ပတ်သက်၍မူ "နေပြည်တော်မှာ ကျင်းပမယ့် CSO ဖိုရမ်တွေကလည်း ဇန်နဝါရီလ နောက်ဆုံးပတ်ထဲမှာ ပြီးစီးအောင် ပြုလုပ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။လူစာရင်းတွေ ညှိနေတယ်"ဟု ဦးလှမောင်ရွှေက ပြောကြားသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့ပါဝင်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမကုန်မီတွင် ကျင်းပနိုင်တော့မည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-Peace Commission**

# စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား  ဒီဇင်ဘာ  ၂၃**
ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်အတွင်း အောင်ရာကျေးရွာမှ စစ်ဘေးရှောင်လာသော ပြည်သူများအား ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ဝိုင်းမော်မြို့နယ် မိုင်းနား KBC စစ်ဘေးရှောင်စခန်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် ဒီဇင်ဘာ ၂၀ ရက်က အင်ဂျန်းယန်မြို့နယ် အောင်ရာကျေးရွာမှ ရောက်ရှိလာသော အိမ်ထောင်စု ၁၆ စု လူဦးရေ ၅၃ ဦးအတွက် ကာလတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ရှိ အမျိုးသမီးသုံးပစ္စည်း ၁၆ ထုပ်၊ Family Kid ၁၆ ခု၊ Hygiene Kid ၁၆ ခု၊ ရေပုံး ၁၆ ခုတို့ကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ စစ်ဘေးရှောင်ပြည်သူများက လက်ခံရယူခဲ့ကြသည်။



အင်ဂျန်းယန်မြို့နယ် အောင်ရာကျေးရွာနေ ဦးလမိုင်ရှောင်က "ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၄၀ ခန့်၊ လူဦးရေအားဖြင့်တော့ ၂၀၀ ကျော်လောက်ရှိတယ်။ တပ်မတော်နဲ့ KIA တိုက်ပွဲစဖြစ်တာ အခုလလယ်လောက်က ရွာထဲမှာပဲဖြစ်တယ်။ မနေရဲတာနဲ့ ရွာကနေထွက်လာကြတယ်။ တချို့လူတွေတော့ ကျန်ခဲ့ကြတယ်" ဟု ပြောပြသည်။

"ဒီစစ်ဘေးရှောင်စခန်းကိုတော့ ၂၀ ရက်နေ့က ရောက်လာတာ၊ အခုချိန်ထိတော့ တခြားအဖွဲ့အစည်းကနေ ဆန်၊ အဝတ်အထည်နဲ့ အိမ်သုံးပစ္စည်းအနည်းငယ် ထောက်ပံ့ပေးတဲ့အပြင် အခုကြက်ခြေနီကလည်း လာထောက်ပံ့ပေးတာတွေ ရှိပါတယ်။ အခုမှ ရောက်လာကြတယ်ဆိုတော့ နေဖို့၊ ချက်ပြုတ်စားသောက်ဖို့နဲ့ အခြားအခက်အခဲတွေလည်း ရှိနေပါသေးတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တပ်မတော်စစ်ကြောင်းနှင့် TNLA အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော်  ဒီဇင်ဘာ  ၂၃**
ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီခွဲခန့်က TNLA လက်နက်ကိုင် ၅၀ ခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

တပ်မတော် စစ်ကြောင်းများက မန်တုံမြို့နယ် မန်အီကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာရှိ ပွိုင့်-၁၅၄၃ တောင်ကုန်းသို့ နယ်မြေရှင်းလင်းစဉ် အဆိုပါတောင်ကုန်းအနီးသို့ အရောက်၌ TNLA လက်နက်ကိုင် ၅၀ ခန့်က နှစ်နေရာ ဖြန့်ခွဲ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်လာ၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ထို့နောက် တပ်မတော်စစ်ကြောင်းများက TNLA လက်နက်ကိုင်အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းခဲ့ရာ အဆိုပါတောင်ကုန်း၏တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် လက်နက်ကိုင်အဖွဲ့များက ဆွဲမိုင်းသုံးလုံး ဖောက်ခွဲ၍ ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ရာ TNLA လက်နက်ကိုင်အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း။

TNLA လက်နက်ကိုင်အဖွဲ့ ဆုတ်ခွာသွားရာနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး စစ်သည်အချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာယီတိမ်းရှောင် မိသားစုဝင်များကို အခမဲ့ဆေးဝါးကုသ



**ဗန်းမော်  ဒီဇင်ဘာ  ၂၃**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မြို့မိမြို့ဖ ဦးခက်ထိန်နန် (စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီဥက္ကဋ္ဌ) ဦးစီးသော မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့မှ မြို့မိမြို့ဖများသည် အမေရိကန်နိုင်ငံသူ ဒေါက်တာ ဂျာလဲန်၊ Mr.Robert နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ မြင့်မြင့်စိန် အပါအဝင် စုစုပေါင်း ဆရာဝန် ၁၄ ဦးနှင့်အတူ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ဗန်းမော်ခရိုင် မိုးမောက်မြို့ ကြေးနန်းရပ်ကွက်ရှိ အာရ်စီ ယာယီတိမ်းရှောင်စခန်းမှ မိသားစုဝင် ၁၄၇ ဦးကို လည်းကောင်း၊ အလင်းကောင်ရပ်ကွက်ရှိ နှစ်ခြင်းယာယီ တိမ်းရှောင်စခန်းမှ မိသားစုဝင် ၁၆၄ ဦးကို လည်းကောင်း အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စစ်ဘေးရှောင် သာသနာ့ဝန်ထမ်း သံဃာတော်များနှင့် သာမဏေများအား သင်္ကန်းများဆက်ကပ်

**သီပေါ  ဒီဇင်ဘာ  ၂၃**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်နှင့် နမ္မတူမြို့နယ် ပန်လုံဒေသမှ စစ်ဘေးရှောင်များအနက် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် သာမဏေများအတွက် လိုအပ်လျက်ရှိသော သင်္ကန်းပရိက္ခရာပစ္စည်းများနှင့် အလှူငွေများကို သီပေါကင်းထောက်အဖွဲ့နာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ ဦးဆောင်၍ ကင်းထောက်ဆရာ ဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နုနုတင်နှင့် ကင်းထောက်မောင်မယ်များက ကမ္ဘာ့ကင်းထောက် ရာပြည့် အထိမ်းအမှတ်အဖြစ် ကယ်ဆယ်ရေးစခန်းများသို့ ဒီဇင်ဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ဘေးရှောင်စခန်း ငါးခုသို့ ဒီဇင်ဘာ ၂၀ ရက်က အိမ်ထောင်စု ၂၀၆ စုမှ လူဦးရေ ၁၀၄၉ ဦးတို့ ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်က ကယ်ဆယ်ရေးစခန်းများသို့ အိမ်ထောင်စု ၄၉၉ စု၊ လူဦးရေ ၁၈၅၁ ဦး ထပ်မံ၍ ရောက်ရှိခိုလှုံလျက်ရှိသည်။

အဆိုပါစစ်ဘေးရှောင်ပြည်သူများအနက် ရဟန်းနှင့် ရှင်သာမဏေ ၂၅ ပါးပါဝင်ပြီး သာသနာ့ဝန်ထမ်း သူတော်စင်များအတွက် ဆွမ်း၊ ကွမ်းဝေယျာဝစ္စများကို သီပေါမြို့နယ်မှ စေတနာရှင်ပြည်သူများက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် စစ်ဘေးရှောင်ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် သီပေါဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# လစ်ဗျားလေယာဉ်အပိုင်စီးခံရပြီးနောက် မော်လ်တာသို့ ဆင်းသက်ခဲ့ရ

**ထရီပိုလီ ဒီဇင်ဘာ ၂၃**

လစ်ဗျားတွင် လူ ၁၁၈ ဦး လိုက်ပါလာသည့် ခရီးသည်တင် လေယာဉ်တစ်စင်းအား လက်ပစ်ဗုံး ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးက သောကြာနေ့တွင် အပိုင်စီးကာ လမ်းကြောင်းပြောင်းစေခဲ့ပြီးသည့်နောက် မော်လ်တာသို့ ဆင်းသက်ခဲ့ရကြောင်း သိရသည်။

လေယာဉ်စီးနင်းသူက ၎င်းသည် ကဒါဖီအားထောက်ခံသူဖြစ်ပြီး ၎င်း၏ တောင်းဆိုမှုကို လိုက်လျောပါက ခရီးသည် ၁၁၁ ဦးကို A320 ခရီးသည်တင်လေယာဉ်ပေါ်မှ ထွက်ခွာသွားခွင့်ပေးမည်ဖြစ်ကြောင်း၊ သို့သော် လေယာဉ်အမှုထမ်း ခုနစ်ဦး မပါဝင်ကြောင်း လေယာဉ်အမှုထမ်းအား ပြောကြားခဲ့သည်ဟု မော်လ်တာတိုင်းမ်သတင်းစာက ဖော်ပြသည်။

လေယာဉ်အပိုင်စီးသူက မည်သည့်တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်နှင့် ပတ်သက်၍ အကြောင်းစုံမသိရသေးပေ။ မီဒီယာအချို့ကမူ လေယာဉ်ကိုအပိုင်စီးသူ တစ်ဦးမကရှိနေနိုင်သေးကြောင်း ဖော်ပြခဲ့ကြသည်။ လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီသည် ၂၀၁၁ခုနှစ် ပုန်ကန်ထကြွမှုအတွင်း သေဆုံးခဲ့ရပြီး ထိုအချိန်မှစတင်ကာ လစ်ဗျားနိုင်ငံသည် ဂိုဏ်းဂဏကွဲပြားသည့် ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့သည်။

လေယာဉ်ပြေးလမ်းပေါ် ရပ်တန့်ထားသည့် လေယာဉ်မှ မီတာအနည်းငယ်အကွာတွင် တပ်ဖွဲ့ဝင်များက နေရာယူထားကြပြီး မည်သူမျှလေယာဉ်ပေါ်မှ ထွက်ခွာသွားသည်ကို မမြင်ရကြောင်း မော်လ်တာတိုင်းမ်သတင်းစာက ဖော်ပြထားသည်။ မော်လ်တာနိုင်ငံတကာလေဆိပ်ရှိ အခြားလေကြောင်းလိုင်းခရီးစဉ်များကိုလည်း ရပ်နားထားကြောင်း သိရသည်။

လေယာဉ်သည် သောကြာနေ့နံနက်တွင်ပျံသန်းလာစဉ် အပိုင်စီးခံလိုက်ရခြင်းဖြစ်ပြီး လေယာဉ်မှူးက ထရီပိုလီမီတီဂါလေဆိပ် ရှိ ထိန်းချုပ်ရေးမျှော်စင်သို့ လေယာဉ်အပိုင်စီးခံရကြောင်း သတင်းပေးပို့ပြီးနောက် ထိန်းချုပ်ရေးမျှော်စင်နှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ သည်ဟု အမည်မဖော်လိုသူ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**






# အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ယီမင်၌ အယ်လ်ခိုင်ဒါ ၂၈ ဦးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ယီမင်၌ အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့ဝင် အကြမ်းဖက်သမားအဖြစ် သံသယရှိသူပေါင်း ၂၈ ဦး သေဆုံးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယမန်နေ့က ပြောခဲ့သည်။

အမေရိကန်နိုင်ငံနှင့် မဟာမိတ်များကို တိုက်ခိုက်ရန် စီစဉ်နေသည့် အကြမ်းဖက်ကွန်ရက်နှင့် ချိတ်ဆက်မှုရှိသည်ဟု ယူဆရသူများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကို စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၉ခုနှစ် အမေရိကန် ကုန်တင်ယာဉ်လေကြောင်းတိုက်ခိုက်ခံရမှု နှစ်ပတ်လည်မရောက်ခင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့သည် ပြင်သစ်နိုင်ငံတွင် ၂၀၁၅ခုနှစ် သွေးထွက်သံယိုဖြစ်စေခဲ့သည့် ချာလီဟက်ဘ်ဒို မဂ္ဂဇင်းတိုက်ခိုက်ခံရမှုအတွက် ပြစ်တင်ခံနေရသော အကြမ်းဖက်အဖွဲ့ တစ်ခုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဂါနာနိုင်ငံ အက်ကရာမြို့တွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား လူ ခုနစ်ဦးသေဆုံး

**အက်ကရာ ဒီဇင်ဘာ ၂၃**

ဂါနာနိုင်ငံမြို့တော် အက်ကရာမြို့တွင် ယမန်နေ့က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူ ခုနစ်ဦးသေဆုံးခဲ့ကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂါနာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစင်တာ အနီးတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲရာမှ လွင့်စဉ်လာသော မီးစသည် အနီးရှိ ဓာတ်ငွေ့ဆိုင်ကို ကူးစက်သွားကာ ဆိုင်အတွင်း ဆီဖြည့်နေသော ကုန်တင်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အခင်းဖြစ်ရာနေရာရှိ ဆင်ဟွာသတင်းထောက်တစ်ဦးက ပြောခဲ့သည်။

ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လောင်ကျွမ်းသည့်မီးကို ထိန်းချုပ်နိုင်ရန် မီးသတ်ကယ်ဆယ်ရေးအဖွဲ့များသည် နာရီများစွာကြာအောင် ကြိုးပမ်းခဲ့ရသည်။ အချို့မှာ မီးလောင်ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

ပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်စဉ်အား တာဝန်ရှိသူများက အသေးစိတ် လေ့လာလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ခရစ္စမတ်ရာသီအတွင်း ဗုံးခွဲတိုက်ခိုက်ရန်ကြံစည်သူနှစ်ဦးကိုတွေ့ရှိပြီးနောက် အာရှ၌သတိပေးနှိုးဆော်ထား

**ဂျကာတာ ဒီဇင်ဘာ ၂၃**

သြစတြေးလျနှင့် အင်ဒိုနီးရှားနိုင်ငံတို့ရှိ ရဲအဖွဲ့သည် ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်သည်ဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထားပြီး မလေးရှားရှိ လုံခြုံရေးအင်အားစုများကလည်း အလားတူ သံသယရှိသည့် စစ်သွေးကြွများကို ဖမ်းဆီးထားကြောင်း ပြောဆိုခဲ့ပြီးနောက်တွင် ခရစ္စမတ်ကာလနှင့် နှစ်သစ်ကူးပိတ်ရက်များမတိုင်မီ အာရှတစ်လွှားတွင် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်သတိပေးနှိုးဆော်မှုများကို သောကြာနေ့တွင် လုံခြုံရေးအင်အားစုများက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သြစတြေးလျ၌လည်း အိုင်အက်စ်အဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာနိုင်ဖွယ်ရှိသည့် ခြိမ်းခြောက်မှုများကြောင့် မဲလ်ဘုန်းရှိ အထင်ကရနေရာများတွင် ခရစ္စမတ်နေ့အတွက် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ထားကြောင်း သြစတြေးလျရဲအဖွဲ့က ပြောကြားခဲ့သည်။

အကြမ်းဖက်မှုအန္တရာယ် သတိပေးနှိုးဆော်မှုများသည် ဘာလင်ရှိ ခရစ္စမတ်ဈေးအတွင်း၌ တနင်္လာနေ့က လူ၁၂ ဦးကို သေဆုံးစေခဲ့သည့် ထရပ်ကားတိုက်ခိုက်မှု အပြီးတွင် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုကျူးလွန်သူမှာ သောကြာနေ့တွင် မီလန်၌ ရဲများနှင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး သေဆုံးသွားပြီဖြစ်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာရှိ ဆင်ခြေဖုံးရပ်ကွက်များ၌ အကြမ်းဖက်ဆန့်ကျင်သည့် တိုက်ခိုက်ရေးအဖွဲ့သည် ဗုဒ္ဓဟူးနေ့တွင် သံသယရှိသူ သုံးဦးကို သေနတ်များဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ရသည်။ **(ရိုက်တာ)**

# အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးနှင့် ဆက်သွယ်ရန်ကြိုးစားမှုဖြင့် ရုရှားကျောင်းသူဟောင်းအား ထောင်ဒဏ်ချမှတ်

**မော်စကို ဒီဇင်ဘာ ၂၃**

အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်သော ရုရှားကျောင်းသူဟောင်း တစ်ဦးကို ရုရှားနိုင်ငံ မော်စကို ခရိုင်တရားရုံးတစ်ခုက ယမန်နေ့က ထောင်ဒဏ် လေးနှစ်ခွဲ ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ် တွင် ဖော်ပြခဲ့သည်။

ဗာဗရာကာရော်လိုဗာ၏ ချစ်သူသည် ဆီးရီးယားနိုင်ငံတွင် တိုက်ပွဲဝင်နေသော ဂျီဟတ်ဝါဒီ အိုင်အက်စ်အကြမ်းဖက်သမားတစ်ဦးဖြစ်ကာ အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်ရန် ၎င်း၏ ချစ်သူဖြစ်သူ ဗာဗရာကာရော်လိုဗာအား စည်းရုံးခဲ့ကြောင်း သိရသည်။

မော်စကိုတက္ကသိုလ် ကျောင်းသူဟောင်း ဗာဗရာကာရော်လိုဗာသည် တူရကီနယ်စပ်ကိုဖြတ်ကျော်ကာ ဆီးရီးယားနိုင်ငံထဲသို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဖြင့် ၂၀၁၅ခုနှစ်က တူရကီအာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ကျောင်းသူအား ထိုသို့ထောင်ဒဏ်ပေးလိုက်ခြင်းအပေါ် ၎င်း၏ ရှေ့နေများက တရားမျှတမှုမရှိသော ပြစ်ဒဏ်ဖြစ်ကြောင်း အယူခံလွှာတွင် ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသပေးနေမှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းတွင် နေပြည်တော်-ရန်ကုန် ခရီးသည်တင်ယာဉ်တစ်စီး မတော်တဆ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာ ရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာ အဖြစ်ထားရှိကာ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများနှင့် အခြားဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာကုသဆောင်၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသဆောင်တို့တွင် ကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှု များ၊ လူနာများ၏ ကျန်းမာရေးအခြေအနေ တိုးတက်မှုများအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သာထွန်းကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို နှင့် သက်ဆိုင်ရာ ပါမောက္ခ / ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီး များက ရှင်းလင်းပြသသည်။ ယင်းနောက် မတော်တဆမှုဖြင့် ရောက်ရှိလာသော လူနာများနှင့် အခြား ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခ / ဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့၊ ဆေးပညာမဟာသိပ္ပံ၊ ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာဘွဲ့ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံကာ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် လုပ်ငန်းခွင်သို့ရောက်ရှိသည့်အခါ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပညာရပ်ပိုင်းဆိုင်ရာရှုထောင့်မှ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ပါက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း အားဖြင့် ဆေးရုံတက်ရောက်ကုသသည့် လူနာလျော့နည်းလာကာ ထိရောက်ပြီး အရည်အသွေးပြည့်ဝသော ကုသမှုလုပ်ငန်း များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည်ဖြစ် ကြောင်း။

တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ် များကို ပြန်လည်သုံးသပ်လျက်ရှိပြီး ပိုမိုကောင်းမွန်သည့် လက်တွေ့ကျသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုနည်းစနစ် များကို လာမည့်ပညာသင်နှစ်မှ စတင်ကာဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းပြောကြားကာ တင်ပြချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ပဲခူးမြစ်ကူးတံတားစီမံကိန်း ချေးငွေရယူရေး မြန်မာ-ဂျပန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံမှ ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (Official Development Assistance Loan) ဂျပန်ယန်း ၃၁ ဒသမ ဝ၅၁ ဘီလီယံအား ရယူရန် နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှု စာချွန်လွှာ (Exchange of Notes) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီး ဌာနတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါချေးငွေအတွက် စည်းကမ်းချက်များမှာ အတိုးနှုန်း တစ်နှစ်လျှင် ဝ ဒသမ ဝ၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်းချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများရယူရန် လဲလှယ်မှု စာချွန်လွှာကို မြန်မာနိုင်ငံအစိုးရ ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီး များ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ Chief Representative, Mr. Keiichiro NAKAZAWA တို့နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်း တိုက်ခန်းပေါင်း ၁၃၈၀ ကို ရောင်းချမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်လမ်းနှင့် ရတနာလမ်းမကြီးဘေးနှစ်ဖက်မှာ စုစုပေါင်း မြေဧက ၂၂၀ ပေါ်တွင် အဆင့်မြင့်အိမ်ရာစီမံကိန်း ၄၉ လုံး ဆောက်လုပ်နေ ကြောင်း သိရသည်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက် ခဲ့သော ရတနာနှင်းဆီအမည်ဖြင့် တိုက်တစ်လုံးလျှင် အခန်း ပေါင်း ၂၇၆ ခန်းပါရှိသည့် ၁၈ ထပ်တိုက် ငါးလုံး၊ အခန်းပေါင်း ၁၃၈၀ ပြီးနေပြီဖြစ်၍ စတင်ရောင်းချပေးတော့မည်ဖြစ် ကြောင်း သိရသည်။

ရတနာအဆင့်မြင့်အိမ်ရာ စီမံကိန်းတည်နေရာမှာ ရန်ကုန် တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်လမ်းနှင့် ရတနာ လမ်းမကြီးဘေးနှစ်ဖက်တွင် တည်ရှိပြီး စီမံကိန်းအကျယ်အဝန်း မှာ ရောဝဏ်ဘက်ခြမ်းတွင် ဧက ၁၂၀ ခန့်၊ ရတနာဘက်ခြမ်းတွင် ဧက ၁၀၀ ခန့် စုစုပေါင်း ဧက ၂၂၀ ခန့်ရှိသည်။ ရောဝဏ်ဘက် ခြမ်းတွင် Parcel ခြောက်ခုနှင့် Building ၂၇ လုံးရှိပြီး ရတနာ ဘက်ခြမ်းတွင် Parcel ငါးခုနှင့် Building ၂၂ လုံး စုစုပေါင်း Parcel ၁၁ ခုနှင့် Building ၄၉ လုံးကို ကုမ္ပဏီ ၃၂ ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် မတ်လအထိ Super Structure အပေါ်ထည်တည်ဆောက်မှု ၁၅ လုံးခန့် ပြီးစီးနေ သည်။ ကျန် ၃၄ လုံးမှာလည်း Pile Cap လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်ကွပ်ကဲပြီး Parcel(G) ရှိ ၁၈ ထပ်အဆောက်အအုံ ငါးလုံးကို ဆောက်လုပ် ရေးအထူးအဖွဲ့ (၁)မှ တစ်လုံး၊ ဆောက်လုပ်ရေးအထူးအဖွဲ့ (၂)မှ တစ်လုံးနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် မှ သုံးလုံး ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောက်လုပ်ခြင်း ကြောင့် ယခုရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါတိုက်ခန်းများ ဆောက်လုပ်ရောင်းချပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ နိုင်ငံတကာအဆင့်မီ မြို့ပြအိမ်ရာစီမံ ကိန်းများ ပေါ်ပေါက်လာစေရန်နှင့် လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရန်နှင့် နိုင်ငံသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင် သော ခေတ်မီဆောက်လုပ်ရေးနည်းပညာများ ရရှိစေရန်တို့ ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ချိန်ကာလ နည်းခြင်း၊ အရည်အသွေး ကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်ဈေးနှုန်းသက်သာခြင်း စသော အချက်များကို အဓိကထား၍ ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်ခံနိုင် စွမ်းရှိရန်အတွက် Semi-Precast System ကို အသုံးပြု ဆောက်လုပ်ထားကြောင်း သိရသည်။ အခန်းတစ်ခန်း၏ ပျမ်းမျှ အကျယ်အဝန်းမှာ စတုရန်းပေ ၆၀၀ရှိ အိမ်ခန်းပေါင်း ၁၅၂ ခန်း နှင့် စတုရန်းပေ ၁၂၀၀ ရှိ ၁၂၄ ခန်း စုစုပေါင်း ၂၇၆ ခန်း ပါဝင် သည်။ အခြားဝန်ဆောင်မှုခန်းများလည်း ပေါင်းစပ်ပါဝင်သည်။

စီမံကိန်းဧရိယာတစ်ခုလုံးအတွက် လိုအပ်သောလျှပ်စစ် ဓာတ်အားကို (230/66 KV) (100 MVA) ဓာတ်အားခွဲရုံ တစ်ရုံ ဆောင်ရွက်ဆဲဖြစ်ပြီး (66/11KV) (2 × 30 MVA) ဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်ပြီးစီးပြီဖြစ်ပါသည်။ ယင်းခွဲ ရုံများမှတစ်ဆင့် Parcel တစ်ခုချင်းရှိ (11 KV) Transformer သို့ ပေးပို့ပြီး Building များအား ဓာတ်အားဖြန့်ဝေမည် ဖြစ်သည်။

စီမံကိန်းဧရိယာအတွင်း သောက်သုံးရေရရှိရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လဂွမ်းပြင် ရေလှောင်ကန်မှ သီလဝါသို့ပေးပို့သော ရေပိုက်လိုင်း တည်ဆောက်ပြီးစီးမည့် ၂၀၁၈ ခုနှစ်မတိုင်မီ မြေအောက်ရေ ထုတ်ယူသုံးစွဲမည်ဖြစ်ပြီး အဆောက်အအုံတစ်လုံးအတွက် ရှစ်လက်မ အဝီစိတွင်း နှစ်တွင်းမှ တစ်နေ့ရေဂါလန် ၈၀၀၀၀ ဆံ့ Ground Tank နှင့် မီးသတ်ကန် ၃၀၀၀၀ ဂါလန်သို့ ရေ ပေးပို့ စုဆောင်းထားနိုင်မည်ဖြစ်ပြီး ခေါင်မိုးထပ်တွင်လည်း ရေဂါလန် ၁၀၀၀၀ ဆံ့ Fiber Tank လေးလုံး ထားရှိပါသည်။ မြေအောက်ရေကို Water Treatment System ပြုလုပ်၍ သုံးရေအဆင့်ရရှိစေရန် ဆောင်ရွက်ထားသည်ဟု သိရသည်။

ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာတည်ရှိရာ ရောဝဏ်၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းဝန်းကျင်တွင် Bus Terminal ၊ စာသင်ကျောင်း၊ အားကစားကွင်း၊ ဆေးရုံနှင့် Shopping Mall များ ပေါင်းစပ်ပါဝင်ဖွဲ့စည်းတည်ဆောက် ထားကြောင်း သိရသည်။ အဆောက်အအုံတိုင်းတွင် Refuse Chute ပါဝင်ပါသည်။ (Y.C.D.C) မှ အမှိုက်သိမ်းစနစ်နှင့် ချိတ်ဆက်၍ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရေးဆောင်ရွက်နိုင် ပြီး စီမံကိန်းအကျယ် ၁၈ ဧကခန့်ရှိပြီး ကားအစီးရေ ၆၀၀ ကျော်




ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်းမှ ရောင်းချပေးတော့မည့်တိုက်များကို တွေ့ရစဉ်

မြေပြင်တွင်ရပ်နားရန် Car Parking နေရာ ပါရှိပါသည်။ ကား အလုံအလောက်ရပ်နားနိုင်ရန်အတွက် Multi Storied Car Park Building များ ထည့်သွင်းဆောက်လုပ်ထားသည်ဆို၏။

အဆိုပါစီမံကိန်းတစ်ခုလုံးကို လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး လုပ်ငန်းများ၊ လမ်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီး ရေလာကောင်းမွန်ရေး Infrastructure လုပ်ငန်းများကို နိုင်ငံတော်ငွေလုံးငွေရင်းမှ ၃၈ ဒသမ ၄ ဘီလီယံခန့် ကျခံသုံးစွဲ ထားပြီး အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ လည်ပတ်ရန်ပုံငွေမှ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD) တို့မှ ဆောက်လုပ်ရေးချေးငွေ ရယူ၍လည်းကောင်း ၁၉၂ ဒသမ ၆ ဘီလီယံ ကျခံသုံးစွဲ တည်ဆောက်ထားခြင်းဖြစ်သည်။ စတုရန်းပေ ၆၀၀ရှိ အခန်း ၇၆၀ နှင့် စတုရန်းပေ ၁၂၀၀ ရှိ အခန်း ၆၂၀ စုစုပေါင်း အခန်း ၁၃၈၀ ရောင်းချမည်ဖြစ်ပြီး တိုက်ခန်းဝယ်ယူသူများသည် ၃၀ ရာခိုင်နှုန်း ကနဦးငွေပေးသွင်းပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) နှင့် ချိတ်ဆက်၍ လစဉ်အရစ်ကျ ရှစ်နှစ်မှ ၁၅ နှစ်အထိ ပေးသွင်း ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသလို ကျန်ငွေကို တစ်နှစ် အတွင်း အပြီးပေးချေ၍လည်းကောင်း တိုက်ခန်းတန်ဖိုးအပြီး လက်ငင်းဝယ်ယူပါက ငါးရာခိုင်နှုန်းသက်သာခွင့် Discount ရရှိမည်ဖြစ်ကြောင်းနှင့် တိုက်ခန်းတစ်ခန်း၏ တန်ဖိုးမှာ စတုရန်း ပေ ၆၀၀ ရှိ အခန်း တစ်ခန်းကို ငွေကျပ်သိန်း ၆၀၀ ဖြစ်ပြီး စတုရန်းပေ ၁၂၀၀ ရှိ အခန်းကို ငွေကျပ်သိန်း ၁၂၀၀ ဖြစ်သည် ဟု သိရသည်။

ယခုရောင်းချတော့မည့် ရတနာနှင်းဆီ အဆင့်မြင့်စီမံကိန်း မှ တိုက်ခန်းများရှိရာနေရာသည် ပဲခူးမြစ်ကြီးကိုလည်း အပေါ်စီး မှ လှမ်းတွေ့နေရသည်။ ရွှေတိဂုံစေတီတော်ကြီးနှင့် ကျိုက်ခေါက် ဘုရားတို့ကို လှမ်းဖူးမြင်ရမည်။ ထို့ကြောင့် မြန်မာပြည်တွင် ပထမဆုံးသောအစိုးရ၏ Condominium အဆောက်အအုံ များဖြစ်သလို Precast စနစ်ဖြင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းပြီး PPP (Public Private Partnership) စနစ် အခြေခံ၍ ပေါ်ပေါက်လာသော အထပ်မြင့်အဆောက်အအုံများဖြစ် ကြောင်းကို ရေးသားတင်ပြလိုက်ရပေသည်။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်**

# လင်းလက်ပါစေ တပ်မတော်(ရေ)

❋ ဒီဇင်ဘာ နှစ်ဆယ့်လေး
ပြန်တွေးတိုင်း လွမ်းမိပေ။
❋ တပ်မတော်(ရေ) နှစ်လည်နေ့
အောက်မေ့ စိတ်စေ။
❋ အနေလှမ်းသူမို့
ဖွေမှန်းလို့ နှောင်းအတိတ်မြေ
ဟောင်းအရိပ်တွေ မြင်ယောင်တွေး
❋ ရေပိုင်း လှိုင်းထန်လို့
မုန်တိုင်းရန်တဲ့ ကာလများ
လွမ်းအား ပိုသေး။
❋ သင်္ဘောတွေ ဆင့်ဆင့်ပြောင်း
စုံအောင်လည်း မောင်းခဲ့သည်။
❋ မုန်တိုင်း ဘယ်ပုံဆီးလည်း
လှိုင်းကြီးစေ လှေငယ်အောက်ပေါ့
ဒူးမထောက်ပြီ။
❋ လှေခွက်ချည်းကျန်စေတော့
အလံမလှဲ မာန်ဝင့်ချီ
နှောင်ညီတို့ သတ္တိဖွဲ့။
❋ သေအတူရှင်မခွဲပေါ့
မိုးသည်းလည်း ကြုံ့ကြုံ့ခံ
လှိုင်းထန်လည်း လက်ချင်းတွဲ
မုန်တိုင်းစဲမှ သက်ပြင်းချလို့
ဒုက္ခကို သုခမှတ်
ဖြတ်သန်းအောင်မြဲ။
❋ ဇာဒက်၊ ပြင်စဘု၊ လန်ပိ
မလိ၊ ကတန် ကျွန်းစုံညီ။
❋ သဲသောင်ခုံ အုန်းပင်တန်းနဲ့
ကျွန်းတန်းညို့ရှိ။
❋ မာန်အောင် ရမ်းဗြဲ ကိုကိုးကျွန်းနဲ့
ဟိုင်းကြီးကျွန်း မကျန်ပြီ
ရောက်ခဲ့သည် ရေတပ်သား။
❋ ဒေသခံ ကျွန်းပျော်များနဲ့
သွေးသားနှယ် ချစ်ရင်းနှီး
ပေါင်းစည်း ဆပွား။
❋ သတ္တု၊ ခတ်ငွေ့ ရေနံနဲ့
အန်ဖတ် ငှက်သိုက် ပုလဲသွယ်။
❋ ငါး၊ ပုစွန် သယံဇာတတွေနဲ့
ကြွယ်ဝပင်လယ်။
❋ ရေပေါ်ရေအောက်
စောင့်ရှောက်လို့ တို့ကာကွယ်
ရှင်းပယ်ခဲ့ ရန်ခပင်း။
❋ တာဝန်ထမ်းစဉ်က
ဖြတ်သန်းလာ အတွေ့အကြုံများ
အားရဘိခြင်း။
❋ အတိတ်ကို လည်ပြန်ကြည့်
စိုက်ခဲ့သည့် မှတ်တိုင်တွေ။
❋ အောင်မြင်မှုတွေ လက်ဆင့်ကမ်း
အောင်ပန်းဆင့်ဝေ။
❋ အသစ်အသစ်တွေနဲ့
နုသစ်ပျိုမျစ် တပ်မတော်(ရေ)
အားသစ်ဝေလို့ မာန်သစ်ပွား။
❋ ကောင်းသတင်းဂုဏ် ထုံရနံ့တွေနဲ့
စုံတစ်သန့်မှာ ပြိုင်ဘက်ကင်း
လင်းလက်စေသား။ ။

**(၆၉ နှစ်မြောက် တပ်မတော်(ရေ)နေ့ကိုဂုဏ်ပြုလျက်)**
**ဇော်မင်းမင်းဦး**

# တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းစုများဆီသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သွားရောက်လေ့လာလည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ၏တောင်ဘက် ကပ္ပလီပင်လယ်ပြင်အတွင်း တည်ရှိကာ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသားအဏ္ဏဝါဥယျာဉ်ဖြစ်သော လန်ပိကျွန်းတည်ရှိသည့် ကျွန်းစုတစ်ခုဖြစ်သည်။ ဆွဲဆောင်မှုများရှိသော ကျွန်းစုများသို့ အပန်းဖြေလေ့လာလည်ပတ်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် လာရောက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံအခြေစိုက်စက်တပ်ရွက်လှေများဖြစ်သော Boonmee-2 စက်တပ်ရွက်လှေဖြင့် နယ်သာလန်နိုင်ငံသားဧည့်သည်ကိုးဦးသည် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ MV Sea World စက်တပ်ရွက်လှေဖြင့် ဂျာမနီနိုင်ငံသားဧည့်သည် ၂၄ ဦးသည် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ လည်းကောင်း၊ ထိုင်းနိုင်ငံသူဧည့်သည် ၁၆ ဦးသည် နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ SY La La Manzi စက်တပ်ရွက်လှေဖြင့် တောင်အာဖရိကနိုင်ငံသား ဧည့်သည်တစ်ဦးသည် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ လည်းကောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ နာနတ်သီးကျွန်း၊ ၁၁၅ ကျွန်း၊ ညောင်ဝီးကျွန်း၊ ဗိုလ်ချိုကျွန်း၊ လန်ပိကျွန်း၊ ဝအေလယ်ကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ လငန်းကျွန်း၊ စူလာခမောက်ကျွန်း၊ Tower Rock ကျွန်း၊ မီးစိမ်းကျွန်း၊ ကျွန်းဖီလာကျွန်း၊ ငါးမန်းကျွန်း၊ လိုဏ်ဂူကျွန်း၊ ခရင်းခွကျွန်း၊ အောက်ကျွန်းနီကျွန်း၊ စေတန်ကျွန်းများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် စက်တပ်ရွက်လှေ ၃၉၆ စင်းနှင့် ကမ္ဘာလှည့်ခရီးသွား ၃၂၇၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စက်တပ်ရွက်လှေ ၃၉၃ စင်းနှင့် ဧည့်သည် ၃၂၀၁ ဦး ဝင်ရောက်ခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စက်တပ်ရွက်လှေ ၅၉ စင်း၊ ကမ္ဘာလှည့်ခရီးသွား ၄၉၄ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌ စက်တပ်ရွက်လှေ ၆၈ စင်းနှင့် ခရီးသွား ၅၉၁ ဦး ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကထက် ပိုမိုဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ သာယာလှပသော သဘာဝအလှအပရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများကို ကြည့်ရှုခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းများသို့လည်း နေ့ချင်းပြန်ခရီးစဉ်၊ ညအိပ်ခရီးစဉ်များအား စက်တပ်ရွက်လှေများဖြင့် သွားရောက်ကာ အပန်းဖြေခြင်း၊ ငါးများခြင်း၊ ရေငုပ်၍ ရေအောက်ရှုခင်းများကြည့်ရှုခြင်း၊ ဆလုံတို့၏ ဘဝများအား လေ့လာခြင်းစသည်တို့ကို စိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

**(၉)နှစ်ဆက်တိုက် ကုန်သွယ်လုပ်ငန်းခွန်များကို အများဆုံးထမ်းဆောင်သော အခွန်ထမ်း ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း**

ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်နှစ်များအလိုက် ကုန်သွယ်လုပ်ငန်းခွန်များကို ၂၀၀၇-၀၈၊ ၂၀၀၈-၀၉၊ ၂၀၀၉-၁၀ နှစ်များတွင် **ပထမ** နေရာမှလည်းကောင်း၊ ၂၀၁၀-၁၁၊ ၂၀၁၃-၁၄ နှစ်များတွင် **ဒုတိယ** နေရာမှလည်းကောင်း၊ ၂၀၁၁-၁၂၊ ၂၀၁၂-၁၃၊ ၂၀၁၄-၁၅ နှစ်များတွင် **တတိယ** နေရာမှလည်းကောင်း၊ အများဆုံးထမ်းဆောင်ခဲ့သည့်အပြင် ၂၀၁၅-၁၆ နှစ်၌ တစ်နိုင်ငံလုံးတွင် "**ကုန်သွယ်လုပ်ငန်းခွန်**" အများဆုံးထမ်းဆောင်မှု "**ဒုတိယအဆင့်**" မှလည်းကောင်း ထမ်းဆောင်ခဲ့သည့်အတွက်အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများအတွက် အခွန်ဘဏ္ဍာများတိုးပွားအောင် ဆက်လက်သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

INNWA BANK LIMITED

**အိတ်ဖွင့်တင်ဒါလေလံရောင်းချရန် ကြေညာခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းမ-လင်းကတောလမ်းအထူးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဖြည့်စွက်နှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော ကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၆ရက် နံနက် ၉နာရီ
**တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၉-၁၂-၂၀၁၆ရက် ညနေ ၄နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၃၀-၁၂-၂၀၁၆ရက် နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကသာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**

**သက်ဆိုင်သူများ ဆက်သွယ်ကြပါရန်**

မသိမ့်သိမ့်စံ(၃၇)နှစ်ခန့် မှတ်ပုံတင်အမှတ် ၁၀/သတန(နိုင်)၀၉၀၀၈၇ (ဘ)ဦးဂျော့ချ်မန်းရိုး(နေရပ်လိပ်စာမသိ)သည် ယာဉ်မတော်တဆမှုကြောင့် ၁၂-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ လာရောက်ဆက်သွယ်သူမရှိ၍ ၁၈-၁၁-၂၀၁၆ရက်တွင် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ယနေ့တိုင် သက်ဆိုင်သူ စုံစမ်းမရဖြစ်နေပါသဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်နိုင်ရန်အတွက် လူမှုရေးအသင်းဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၉၀၆၂၅၆၃သို့ ဆက်သွယ်ပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ရွှေမြိုင်သီရိရပ်ကွက်နေ မော်လမြိုင်တက္ကသိုလ်မှ မထက်ထက်မိုးဦး ၁၀/မလမ(နိုင်)၂၂၇၂၃၄၏ဖခင် ဦးပန်းအောင် ၁၀/မလမ(နိုင်)၀၈၈၄၂၉နှင့် ဦးပန်းမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးပန်းအောင်(ခ)ဦးပန်းမောင်**

**မိဘအမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ အထက(ခွဲ)ဆင်ဖြူရပ်၊ ဆဋ္ဌမတန်းမှ မမေသူသူထက်စံ၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်း ၁၀/ပမန(နိုင်)၀၂၄၃၂၄ နှင့် ဒေါ်ခင်ဝါဝါနွယ် ၁၀/ပမန(နိုင်)၀၆၄၄၄၂တို့ဖြစ်ပါသည်။

# ပျောက်ဆုံးကြေးဆင်းတုတော်နှင့် ဦးခေါင်းတော်တူးဖော်သိမ်းဆည်းရမိ



**ကျွန်းလှ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက် မိုယ်းဆုတောင်းပြည့်စေတီအတွင်းရှိ ရုပ်ပွားတော်များပျောက်ဆုံးမှုစုံစမ်းရာမှ ဦးခေါင်းမပါ ကြေးဆင်းတုတစ်ဆူနှင့် ဦးခေါင်းတော်တစ်လုံး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ဒီဇင်ဘာ ၁၈ ရက်က စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်နေ မင်းခန့် နေအိမ်အတွင်း ရှာဖွေရာ ဉာဏ်တော်လေးလက်မရှိ (ဦးခေါင်းမပါ)ပြည်လုံးချမ်းသာရသုရာကြေးဆင်းတုတော်တစ်ဆူနှင့် အင်္ဂတေဖြင့် ပြုလုပ်ထားသော ဦးခေါင်းတော်တစ်လုံး တူးဖော်သိမ်းဆည်းခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော ကြေးဆင်းတုတော်နှင့် ဦးခေါင်းတော်အား မည်သည့်အရပ်မှ ခိုးယူလာသည်ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# ဖောင်းပြင်မြို့၌ ဖယောင်းတိုင်မီးမှတစ်ဆင့်မီးလောင်

**ဖောင်းပြင် ဒီဇင်ဘာ ၂၃**

ဖောင်းပြင်မြို့ ရာဇမုနိ ပရိယတ္တိစာသင်တိုက် ပဋ္ဌာန်းကျောင်းတိုက်ဘေးငါးပေခန့်အကွာ ဦးညွန့် (ပန်းပုဆရာ) နေထိုင်သည့် ၁၀ ပေ ပတ်လည် ၁၂ ပေ အမြင့် သွပ်မိုးပျဉ်ကာ ပျဉ်ခင်း လူနေဆောင်အတွင်း ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဦးညွန့်မှာ ပန်းပုထုလုပ်နေစဉ် ၎င်း၏ဘေး နှစ်ပေခန့်အကွာ၌ ထွန်းညှိထားသည့် ဖယောင်းတိုင်မီးမှတစ်ဆင့် မွေ့ရာသို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားကာ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဖောင်းပြင်မြို့မရဲစခန်းက ဦးညွန့်အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**



# ခရီးသည်မိသားစုအား ယာဉ်မောင်းနှင့်အဖော်ပါသူတို့ကလုယက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အင်းစိန်မြို့နယ် ရွာမအလယ်ရပ်ကွက် အစိုးရနည်းပညာအထက်တန်းကျောင်းရှေ့ ဘုရင့်နောင်ကားလမ်းမှ ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီကျော်တွင် တက္ကစီငှားစီးသော မိသားစုကို တက္ကစီယာဉ်မောင်းနှင့် အကူလိုက်ပါသူတို့က လုယက်ခဲ့သည့်အတွက် ရွှေထည်ပစ္စည်းများပါသွားရာ ခင်ပွန်းဖြစ်သူက ရဲတပ်ဖွဲ့ထံ အကြောင်းကြားသတင်းပေးခဲ့သောကြောင့် ထိုည ၁၁ နာရီ ခွဲတွင် လှော်ကားရဲစခန်းက အချိန်မီဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

"ဝပ်ရှော့ဆိုင်ကနေ ညနေ ၆ နာရီ ၄၅ မိနစ်မှာ အိမ်ကို ကလေးတွေနဲ့ပြန်ဖို့အတွက် အမျိုးသားက တက္ကစီတစ်စီးကို တားပြီးတင်ပေးလိုက်တယ်။ ကားက ရွှေပြည်သာ သံဒင်း (၈၁)ကားဂိတ်ကို မမောင်းဘဲ ဝါးတစ်ရာစက်မှုဇုန်ကို မောင်းသွားတယ်။ ကျွန်မက လမ်းမှားနေပြီလည်းပြောရော ဒရိုင်ဘာရဲ့အဖော်က မအော်နဲ့ဆိုပြီး ဓားနဲ့ထောက် ရွှေထည်တွေကိုဖြုတ်ခိုင်းတယ်။ ကျွန်မရဲ့နားကပ်တစ်ရံ၊ နီလာလက်စွပ်နဲ့ (၁၀)တန်းကျောင်းသူတူမရဲ့ ကျောက်စိမ်းနားကပ်တစ်ရံနဲ့ ပုံရိုက်လက်စွပ်ကို ပေးလိုက်ရတယ်။ ကလေးလေးယောက်နဲ့ ကျန်ခဲ့ချိန်မှာ ဝပ်ရှော့က ခင်ပွန်းဆီကို ဖုန်းဆက်အကြောင်းကြားခဲ့တာပါ"ဟု လုယက်ခံရသူ မစုစုလှိုင်က ပြောသည်။

ထိုသို့လုယက်ခံရပြီး ဝါးတစ်ရာစက်မှုဇုန်တွင် မစုစုလှိုင်နှင့် ကလေးလေးဦးကျန်ရစ်ခဲ့စဉ် ခင်ပွန်းထံ ဖုန်းဆက်အကြောင်းကြားရာ ခင်ပွန်းဖြစ်သူ ကိုမောင်မောင်လွင်က မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ရွှေပြည်သာရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည့်အတွက် ည ၁၁ နာရီခွဲတွင် လှော်ကားရဲစခန်းမှ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ တက္ကစီ MAZDA 6H------ယာဉ်နှင့်အတူ ပြစ်မှုကျူးလွန်သူ ချစ်တူး(၁၉ နှစ်)၊ ယာဉ်မောင်းမြတ်သူ (၂၂ နှစ်)တို့ကို လုယက်သွားသောပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

"ခရီးသွားပြည်သူတွေအနေနဲ့ ခရီးသွားရင် သတိပြုသွားလာစေချင်ပါတယ်။ အခုလို ကြုံခဲ့ရင်လည်း ရဲစခန်းကို အချိန်မီ သတင်းပို့စေချင်တယ်။ ဒါမှ အမြန်ဆောင်ရွက်နိုင်မှာပါ။ ရဲတပ်ဖွဲ့အနေနဲ့ အခုလိုဆောင်ရွက်ပေးတာကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါလုယက်မှုကျူးလွန်သူနှစ်ဦးအား လှော်ကားရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

# ထိုင်းသို့သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရေလုပ်သားတစ်ဦးကို မိဘထံ ပြန်လည်လွှဲအပ်

**ကလိန်အောင် ဒီဇင်ဘာ ၂၃**

ထိုင်း - မြန်မာနယ်စပ်ရှိ မြဝတီမြို့မှတစ်ဆင့်ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့်တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့မှ မြန်မာငါးဖမ်းရေလုပ်သားတစ်ဦးအား မိဘများထံသို့ ဒီဇင်ဘာ ၂၃ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ပြန်လည်လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလုပ်သားသည် ကလိန်အောင်မြို့ကံပေါက်ကျေးရွာရှိ လှည်းကုန်း (၁) ရပ်ကွက်နေသူ သန်းစိုး ( ၂၇ နှစ်) ဖြစ်ပြီး ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သည်မှာ တစ်နှစ်ကျော်သာရှိသေးကြောင်း၊ လုပ်ခလစာမပေးသည့်အတွက် သံရုံးသို့တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ၎င်းထံမှသိရသည်။ **ကလိန်အောင် (ပြန်/ဆက်)**

# နောင်လုံတိုးဂိတ်၌ လက်နက်ခဲယမ်းနှင့် လက်ပစ်ဗုံးဖမ်းဆီးရမိ

**ဘားအံ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်း နောင်လုံတိုးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရန်နှင့် လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးသယ်ဆောင်လာမှုများ ဖမ်းဆီးရန် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးတင်ဝင်းဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက်က ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ညနေ ၄ နာရီခွဲခန့်က ဘားအံဘက်မှ ယာဉ်မောင်း စောခင်ကျော် မောင်းနှင်ပြီး စောလင်းထွေး၊ ဒေါ်ရင်ငွေနှင့် မသန်းသန်းစိုးတို့လိုက်ပါလာသောယာဉ်အားစစ်ဆေးရာ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသည့် တစ်လုံးထိုးသေနတ်အတိုတစ်လက်၊ အဖွဲ့အစည်းတစ်ခု၏ ရာထူးဘက်တံဆိပ်တပ်ထားသောအင်္ကျီ၏ဝဲဘက်အိတ်ကပ်အတွင်းမှ ကိုးလုံးကျည်လေးတောင့်၊ ယာဘက်အိတ်ကပ်အတွင်းမှ ၉၁ အမျိုးအစား လက်ပစ်ဗုံးတစ်လုံးနှင့် အဖွဲ့အစည်းစိစစ်ရေးကတ်ပြားတစ်ခုတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိ၍ အိန္ဒုနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**


## Labour Asia Services Co., Ltd

လိုင်စင်အမှတ် ၁၁၃/၂၀၁၆ ထိုင်းလိုင်စင်အမှတ် ၄၉/၂၀၁၂

ထိုင်းနိုင်ငံရှိ လုပ်ငန်းအမျိုးမျိုးတွင် တရားဝင်အလုပ်လုပ်ကိုင်ရန်အတွက် နေစားအထွေထွေလုပ်သားများအလုပ်လျှောက်ထားနိုင်ပါသည်။

အောက်ဖော်ပြပါလုပ်ငန်းအတွက် အမျိုးသမီး/အမျိုးသားလုပ်သားများ အမြန်အလိုရှိနေပါသည်

| စဉ် | ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | တည်နေရာ | လိုအပ်သောဦးရေ | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁ | Kohler(Thailand) Public Co.,Ltd | ကြွေရည်သုတ်ပစ္စည်းလုပ်ငန်း | Saraburi | ၂၀၀ | - |
| ၂ | Thai Summit Marketing Co.,Ltd | ကြက်သားဖြန့်ဖြူးရောင်းချရေးလုပ်ငန်း | Pathumthani | ၅၀ | ၁၅၀ |

- အခြေခံလစာ - တစ်ရက်(၃၀၀)ဘတ်
- စာချုပ်သက်တမ်း - (၂)နှစ်
- အလုပ်ချိန် - တစ်ရက်(၈)နာရီ
- အသက် - ၁၈ မှ ၃၅နှစ်
- အချိန်ပိုကြေး - တစ်နာရီ(၅၆)ဘတ်
- ပညာအရည်အချင်း - (၅)တန်းအထက်
- မြန်မာနိုင်ငံအလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း စေလွှတ်ပေးပါသည်။
- ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေအတိုင်း ပြည့်ဝစွာအကျိုးခံစားခွင့် ရရှိမည်ဖြစ်ပါသည်။
- အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ စက်ရုံအလုပ်ရုံတည်နေရာ၊ အလုပ်လုပ်ခ၊ ခံစားခွင့်များ မှန်ကန်တိကျမှုရှိစေရန်နှင့် အလုပ်သမားများ ထိုင်းနိုင်ငံဥပဒေနှင့်အညီ ခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်ရန် ထိုင်းအလုပ်ရှင်နှင့် စနစ်တကျ စာချုပ်ချုပ်ဆို၍ စေလွှတ်ပေးပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကာယကံရှင်ကိုယ်တိုင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် R-1(D)၊ ပန်းခရေလမ်းသွယ်၊ ခရေပင်ရိပ်မွန်အိမ်ယာ(၂)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၁-၆၃၅၇၆၄၊ ၀၉-၇၃၁၈၀၄၂၉
Email: labourasiaservices@gmail.com



## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရခိုင်ပြည်နယ်အသင်းခွဲ၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရခိုင်ပြည်နယ်အသင်းခွဲ၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားကျင်းပမည့်နေ့ရက်** - ၂၉-၁၂-၂၀၁၆ ရက်(ကြာသပတေးနေ့)
**အခမ်းအနားကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ
**အခမ်းအနားကျင်းပမည့်နေရာ** - ဦးဥတ္တမခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**ရခိုင်ပြည်နယ်အသင်းခွဲ၏ နှစ်ပတ်လည်အသင်းသားစုံညီ**
**အစည်းအဝေးအခမ်းအနားဖိတ်ကြားရေးကော်မတီ**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3973 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9326၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ၂၀၁၆ခုနှစ်အတွက် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် လျှောက်ထားခြင်းအားရပ်ဆိုင်းခြင်း

၁။ ၂၀၁၆ခုနှစ်အတွက် တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့်များ လျှောက်ထားရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်)၊ အိမ်ထောင်စုဇယားများဖြင့် မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်လျှောက်ထားရန် သတ်မှတ်ပြီး တင်သွင်းခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ယင်းသို့ တင်သွင်းခွင့်ပါမစ်လျှောက်ထားရာ၌ ကိုယ်တိုင်အသုံးပြုရန်မဟုတ်ဘဲ အချို့ကုမ္ပဏီ၊ ပွဲစားများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ၊ အိမ်ထောင်စုဇယားအတုများဖြင့်လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားငှားရမ်း၍ ကျေးရွာများနှင့်ဆင်ခြေဖုံးနေသူများ (ကိုယ်စားလှယ်အမည်ခံပုဂ္ဂိုလ်များ)ကို အခကြေးငွေပေး၍လည်းကောင်း၊ ငှားရမ်းခနှင့် နေ့တွက်စရိတ်ပေး၍လည်းကောင်းခေါ်ယူပြီး တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်လျှောက်ထားရယူခြင်းများ ပြုလုပ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၆ခုနှစ်အတွက် သတ်မှတ်ထားသည့် တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်လျှောက်ထားမှုများနှင့်ပတ်သက်သော ဒီဇင်ဘာ ၁၉ရက်တွင် စိစစ်ရန်တင်ပြထားသော အမှုတွဲများအား ပါမစ်ထုတ်ပေးခြင်းမပြုတော့ကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက် နယ်မြေ(၁)နေ ဦးလှဦး၏သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူ ၁၃/နခတ(နိုင်) ၀၉၂၅၄၁ မချစ်စန္ဒီဦး (ခ) မချစ်စုစန္ဒီဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



BLUE DIAMOND CEMENT
OFFICE TEL : 09-777777688
BLUE DIAMOND CEMENT
ဘိလပ်မြေ
STRENGTH FOREVER
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"

# ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း(၅)မိုင် အပြေးတက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏(၂၂)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းတောတွင်းခရီးကြမ်း (၅)မိုင် အပြေးတက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၅ နာရီခွဲက အမှတ်(၂၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (နေပြည်တော်) စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်း တက်ရောက် အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများကို သေနတ်ပစ်ဖောက်၍ တာလွှတ်သည်။

အဆိုပါပြိုင်ပွဲသို့ တပ်ဖွဲ့များမှ လေးသင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ ၁၅ သင်း၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များမှ ၁၆ သင်း စုစုပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (နေပြည်တော်) စစ်ရေးပြကွင်း၌ ကျင်းပရာ တောတွင်းခရီးကြမ်း(၅)မိုင် အပြေးတက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက ဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရရှိသည့် အမှတ်(၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ၊ တတိယဆုရရှိသည့် အမှတ်(၄) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့ ၁၂ ဖွဲ့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ပြိုင်ပွဲဝင်အဖွဲ့များမှ အသင်းအုပ်ချုပ်သူများနှင့် တပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**

# မြန်မာနိုင်ငံ အလေးမအားကစားဖွံ့ဖြိုးတိုးတက်ရေး မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်အနေဖြင့် အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အလေးမပြိုင်ပွဲများတွင် အောင်နိုင်မှုရရှိရေးအတွက် မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့ချုပ်သစ်ကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ အလေးမအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ပြီးခဲ့သော ရက်ပိုင်းအတွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက အသစ်ပြန်လည်ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ ဦးအောင်ချစ်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုးနှင့် ဦးစန်းမြင့်၊ အတွင်းရေးမှူး ဦးသီဟန်နှင့် အမှုဆောင်သစ်များဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ယခင် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဆွေက ယင်းနေ့က မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ရှေ့လုပ်ငန်းစဉ်များနှင့်ပစ္စည်းများကို အတွင်းရေးမှူးသစ် ဦးသီဟန်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ နိုင်ငံအလေးမအားကစားသမားများအနေဖြင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသီဟန် ဖုန်း- ၀၉-၄၃၀၇၀၇၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **မင်းခေတ်**




**ထားဝယ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို၌ ကလေးသူငယ် ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ ဆုရရှိသူများအား တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက ဆုချီးမြှင့်စဉ်** ဖိုးရွှေသွန်း(ထားဝယ်)

# တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲတွင် ရတနာပုံအသင်း အဝေးကွင်း၌ သရေကျ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၂၀၁၆ တိုယိုတာမဲခေါင်ဖလား ကလပ်အသင်းများပြိုင်ပွဲအုပ်စု ဒုတိယပွဲအဖြစ် ဒါနန်း(ဗီယက်နမ်)နှင့် ရတနာပုံ(မြန်မာ) အသင်းသည် ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ရတနာပုံအသင်းသည် အဝေးကွင်း၌ သရေကစားနိုင်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်များ ရှင်သန်ခဲ့ရသည့် ရတနာပုံအသင်းသည် လာအိုကလပ် လန်နေဇန် အသင်းနှင့် အိမ်ကွင်းပွဲစဉ်ထပ်မံကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက ဆီမီးဖိုင်နယ်သို့တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ရတနာပုံအသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးစလုံး အသုံးပြုခဲ့သော်လည်း အောင်သူ၊ ရှိုင်းသူရ၊ စည်သူအောင်တို့ကို ပွဲထွက်လူစာရင်းတွင် မသုံးဘဲ ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး အဝေးကွင်း၌ သရေ တစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၁ မိနစ်တွင် ဒါဗီဒိုက ဒါနန်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်းအတွက် ချေပဂိုးကို မျိုးဇော်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် မျိုးဇော်ဦးဖန်တီးပေးရာမှ အိုမိုဘာက ဒုတိယဂိုးသွင်းယူခဲ့သည်။ မိနစ် ၆၀ တွင် ရတနာပုံနောက်ခံလူ ဝီလျံလက်ထိခဲ့သောကြောင့် ပယ်နယ်တီပေးခဲ့ရပြီး အသင်းခေါင်းဆောင် မာလိုက ကန်သွင်းခဲ့သောကြောင့် ဒါနန်းအသင်း ချေပဂိုးပြန်ရခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ရတနာပုံနှင့် လာအိုကလပ် လန်နေဇန်အသင်းသည် ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး လန်နေဇန်က တစ်ပွဲကစားသုံးမှတ်၊ ရတနာပုံက တစ်ပွဲကစားတစ်မှတ်၊ ဒါနန်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်ရထားကာ အမှတ်အများဆုံးတစ်သင်းသာ ဆီမီး တက်မည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ အားကစားသမားရှစ်ထောင်ခန့်ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ၄၂ ကီလိုမီတာပြိုင်ပွဲတွင် နိုင်ငံခြားသား အမျိုးသား၊ အမျိုးသမီး ၂၀၀၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး ၄၀၀၊ ၂၁ ကီလိုမီတာတွင် နိုင်ငံခြားသား ၁၅၁ ဦး၊ မြန်မာနိုင်ငံသား ၁၄၄၉ ဦး၊ ၁၀ ကီလိုမီတာတွင် နိုင်ငံခြားသား ၁၇၄ ဦး၊ မြန်မာနိုင်ငံသား ၂၃၂၆ ဦး၊ သုံးကီလိုမီတာတွင် နိုင်ငံခြားသား ၁၅၀၊ မြန်မာနိုင်ငံသား ၃၁၅၀ စုစုပေါင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ မာရသွန်အားကစားသမား ၈၀၀၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကီလိုမီတာ အတန်းအလိုက် ဆုရသူများကို ၄၂ ကီလိုမီတာတန်းတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု ဒေါ်လာ ၁၄၀၀၊ တတိယဆု ဒေါ်လာ ၉၀၀၊ ၂၁ ကီလိုမီတာတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆုဒေါ်လာ ၉၀၀၊ တတိယဆုဒေါ်လာ ၅၀၀၊ ၁၀ ကီလိုမီတာတွင် အမျိုးသား၊ အမျိုးသမီး ပထမဆုအမေရိကန်ဒေါ်လာ ၈၀၀၊ ဒုတိယဆုဒေါ်လာ ၄၀၀၊ တတိယဆုဒေါ်လာ ၂၅၀ တို့ကိုချီးမြှင့်ပေးပြီး သုံးကီလိုမီတာအပျော်တမ်းမာရသွန်ပြိုင်ပွဲအတွက် T.Shirt နှင့် အမှတ်တရလည်ဆွဲတံဆိပ်များကို ပြိုင်ပွဲဝင်အားကစားမောင်မယ်များအား အသီးသီးဆုချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

*❍ ကျော်ဖုံးမှ*

ဒီဇင်ဘာ ၂၂ ရက်ပွဲစဉ်များအပြီးတွင် အိမ်ရှင်မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သာ ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိတော့ပြီး နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည့် ကာဂျစ္စတန်အသင်းနှင့် ပါလက်စတိုင်းအသင်းတို့မှာ မျှော်လင့်ချက်မရှိတော့ပေ။ ယခုခြေစစ်ပွဲတွင် အမှတ်အများဆုံးရသည့်ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ ခြောက်မှတ်စီရရှိထားသည့် မြန်မာနှင့်ထိုင်းအသင်းတို့ အပြိုင်ဖြစ်နေသည်။ ဂိုးကွာခြားချက်တွင် ထိုင်းအသင်းက (+၁၆)ဂိုး၊ မြန်မာအသင်းက(+၁၄)ဂိုးရှိထားရာ မြန်မာအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် ထိုင်းအသင်းကို အနိုင်ကစားမှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပွဲတွင် ကာဂျစ္စတန်အသင်းကို လေးဂိုးပြတ်သာ အနိုင်ရရှိခဲ့သောကြောင့် ဂိုးကွာခြားချက်တွင် ထိုင်းအသင်းထက်လျော့နည်းသွားခဲ့ခြင်းဖြစ်သည်။

၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်ကို အောက်တိုဘာလတွင် တရုတ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်ရန် တစ်သင်းသာကျန်ရှိတော့သည်။ အိမ်ရှင်တရုတ်၊ လက်ရှိချန်ပီယံ ဂျပန်အသင်းအပါအဝင် တောင်ကိုရီးယား၊ မြောက်ကိုရီးယားအသင်းတို့မှာ တိုက်ရိုက်ကစားခွင့်ရထားပြီး ဩစတြေးလျ၊ ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ထားသည်။ လက်ကျန်တစ်နေရာအတွက် အိမ်ရှင်မြန်မာအသင်းသည် ထိုင်းအသင်းကို မဖြစ်မနေ အနိုင်ကစားရန် မြန်မာဘောလုံး ပရိသတ်များ၏ အားပေးမှုမှာ အရေးပါလျက်ရှိသည်။


**အမည်ပြောင်း**

ဦးပြည့်ဖြိုးကျော် ၁၂/မဂဒ(နိုင်)၁၄၃၉၁၂၏သမီး ရန်ကုန်မြို့၊ ဗိုလ်ထွန်းလင်းလမ်းနေ မမြတ်သဒ္ဒါ၏ အမည်မှန်မှာ မဖူးပြည့်ခိုင် ဖြစ်ပါကြောင်း။

**မဖူးပြည့်ခိုင်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောကောင်းထက်မင်း၏ ၇/သကန(နိုင်)၁၃၈၀၆၃ (ဘ) ဦးသန်းဇော်မင်း၏ နိုင်ငံကူးလက်မှတ် (AA 5502244) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၇၄၁၁၀၅**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ ၄ လမ်းနေ ဦးမျိုးကျော်ဦး ၁၄/ဟသတ(နိုင်)၀၁၆၀၉၁ ၏သား တတိယတန်း 4LDS ကိုယ်ပိုင်မူလတန်းကျောင်း (မြောက်ဒဂုံ)မှ မောင်ညီထက်၏ အမည်မှန်မှာ မောင်ရဲဦးစံ ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် AA/4379 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/7340 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၇၂၄၇၆ Yande 110 ယာဉ် လက်ဝယ်ရှိသူ ဦးဇော်သီဟနိုင် ၇/ပမန(နိုင်)၂၁၃၂၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

**အများသိစေရန် အသိပေးကြေညာချက်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ယုဇန ၁လမ်း၊ အမှတ် ၂၀၇နေ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ကမတ(နိုင်)၀၁၂၁၈၄ နှင့် ပတ်သက်၍ ၇-၁၂-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာချက်နှင့် ပတ်သက်၍ ၎င်း၏ မိသားစုမှသဘောမတူ၊ ကန့်ကွက်ပါသဖြင့် ၇-၁၂-၂၀၁၆ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဒေါ်လှဲ့လှဲ့ဝင်းနှင့်ပတ်သက်၍ ကျွန်ုပ်ထံစုံစမ်းမေးမြန်းခြင်းအား သည်းခံပါရန် မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးခိုင်**
**စဉ်-၄၈၂၆/၈၉**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၈၇၅၄၉၆၇၉၇**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၇ယ/၁၅၆၄၂ Stream YMD 110ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်း ၈/မလန(နိုင်)၀၇၃၄၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သရက်မြို့)**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖျာပုံမြို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် အဖောင်ရေထိန်းတံခါးနှင့် အောက္ကဘာရေထိန်းတံခါး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သောရေတံခါးရွက်များအား တပ်ဆင်ဆောင်ရွက်ရန် ရှိပါသဖြင့် အောက်ဖော်ပြပါပစ္စည်းများအား လုပ်ငန်းခွင်အရောက် အပြီးအစီး(ပစ္စည်း- လက်ခ)ပြုလုပ်တပ်ဆင်ပေးရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါသည်။ ဆောင်ရွက်လိုသူများတင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ** **နံပါတ်(၅)**

၁။ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ဖျာပုံမြို့၏ ဆောင်ရွက်သောစာရင်း

၁။ အဖောင်ရေထိန်းတံခါး (Flap Gate & Slide Gate) - (၁၀)စုံ

၂။ အောက္ကဘာရေထိန်းတံခါး (Flap Gate & Slide Gate) - (၁၀)စုံ

**တင်ဒါပိတ်မည့်ရက်** - ၂၀-၁-၂၀၁၇

**တင်ဒါဖွင့်မည့်ရက်** - ၂၅-၁-၂၀၁၇

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖျာပုံမြို့အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် တင်ဒါလျှောက်လွှာများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့တွင် ၂၆-၁၂-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၅-၄၀၀၄၃**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**(၃/၂၀၁၆-၂၀၁၇)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်း (၅)မျိုးကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဂါလန်(၈၀၀)ဆံ့ ဖိုင်ဘာကန်(Super Line ထောက်စိပ်) | ၅-လုံး |
| | ဂါလန်(၂၀၀)ဆံ့ ဖိုင်ဘာကန် | ၁-လုံး |
| ၂။ | ဂျစ်ပဆင်မှုန့်(25Kg) | ၅၀၀-အိတ် |
| ၃။ | ကွန်ပေါင်းဓာတ်မြေဩဇာ (N.P.K)(15:15:15)(50Kg) | ၂၀၀-အိတ် |
| ၄။ | A4စက္ကူထုပ်(70gm)(PPC) | ၁၀၀၀-ထုပ် |
| ၅။ | ဒီဇယ်ဆီ(စင်ကာပူ) | ၁၁၀၀၀-ဂါလန် |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၆-၁၂-၂၀၁၆ရက် နံနက် ၉း၃၀နာရီ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ

**ဆက်သွယ်ရန်လိပ်စာ** - အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန(ရုံးချုပ်)စီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၂-၅၇၀၃၈၊၀၉-၉၇၇၂၇၆၁၃၅

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)**
**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/8414 Toyota Harries MCU15,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာငယ် ၉/ပမန(နိုင်)၁၃၄၃၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် FF/2662 Toyota Cold MC AT211 S/W (4x2)ယာဉ်လက် ဝယ်ရှိသူ ဦးအေးမြင့် ၁၄/ကကန(နိုင်)၀၁၀၁၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်ငွေးလွင်၏သား မောင်ထက်ဆိုင်ဘုန်း ၅/ကလန(နိုင်) ၀၅၉၆၆၄ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်ငွေးလွင်**
**၅/ကလန(နိုင်) ၀၀၂၈၉၃**

# ပင်းမြို့ဟောင်း အလည်တစ်ခေါက်ရောက်စေချင်ပါသည်

**အောင်သန်းထွန်း(နတ်မောက်)**

ရှေးဟောင်းတိမ်မြုပ်နေသော ဗိသနိုးမြို့နှင့်တစ်ဆက်တည်း အောင်သပြေဟူသော မြို့တော်သည် မင်းငါးဆက် စိုးစံပြီးနောက် သရေခေတ္တရာမြို့တော်၏ လက်အောက် နှစ်ပေါင်းတစ်ထောင်ကျော်ကျရောက်ပြီး ပုဂံပြည့်ရှင် အနော်ရထာမင်းတရား မဟာဗောဓိပင်အား ပင့်ဆောင်၍ စိုက်ပျိုးတော်မူရာမှ ပင့်မြို့ဟုပြောင်းလာသော မြို့အမည်ပင်ဖြစ်သည်။

တကောင်းပြည် ဒုတိယသကျသာကီဝင် ဓမ္မရာဇာမင်းတရားကြီး၏ အနွယ်တော်တစ်ဆယ့်တစ်ဆက်မြောက် သတိုးတိုင်းချစ်မင်းကြီး နန်းစံသည့်အခါ အိပ်မက်တော်အရ ယုန်လွှတ်တောသို့တက်တော်မူရာ အံ့ဖွယ်ကိုးပါးနှင့်ပြည့်စုံသော ပုပ္ပားတောင်ကြီးအား တွေ့ရသည်။ ပုပ္ပားတောင်ကြီးနှင့် တစ်ဆက်တည်း သပြေတောမြိုင်အတွင်း သပြေညီနောင်အကြားဝယ် ဝိဇ္ဇာခိုရိုတို့၏အတတ် အပြီးတိုင်တတ်မြောက်တော်မူသော ဂေါ်ခံရှင်ရသေ့အား ဖူးမြော်တွေ့ရပြီး သားတော်သတိုးသစ္စာအား အဋ္ဌာရသပညာရပ်ကို သင်ကြားပေးပြီး မြို့ပြတည်ထောင်ရန် ပညာဗလအမတ်ကြီးနှင့် ဂေါ်ခံရှင်ရသေ့တို့တိုင်ပင်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ တာနှစ်ရာကွာ စတုရန်းပေ လေးကွက်ချ၍ ကျုံး၊ မြောင်း၊ အုတ်မြို့ရိုးနှင့်တကွ မြို့တော်တည်ထောင်ပြီး အောင်သပြေမြို့ဟု သမုတ်လေသည်။

ဂေါ်ခံရှင်ရသေ့သည် မြို့နှင့်မနီးမဝေးသွားနိုင် ပြန်နိုင်သော အောင်သပြေမြို့၏ အနောက်တောင်ဘက်တွင် သစ္စာမင်းအား ကျောင်းသခ်မ်း ဆောက်လုပ်လှူဒါန်းစေခဲ့သည်။

မင်းမိဖုရား တိုင်းသူပြည်သားများ ကျန်းမာချမ်းသာစေရန် ရည်သန်တောင့်တလျက် သုံးလောကထွတ်ထား မြတ်စွာဘုရားအားရည်စူး၍ အမြဲထာဝရကိုးကွယ်လာသော စိန်ဆင်းတုရုပ်ပွားတော်မြတ်ကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်စေခဲ့သည်။ ယခုဖူးမြော်ပူဇော်နေရသော ဗောဓိပင်ကို သာသနာသက္ကရာဇ် ၁၆၀၇ ခု မြန်မာသက္ကရာဇ် ၄၂၅ ခု၊ အေဒီ ၁၀၆၃ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့်မွေဒသီဘွဲ့ခံ ရှင်အရဟံ ရဟန္တာမထေရ်မြတ်တို့က မဇ္ဈိမဒေသ ဗုဒ္ဓဂယာဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါလက်ျာတောင်ကိုင်းတော်ကို စျာန်သမာပတ် အဘိညာဉ်ဝင်စား၍ ကြွချီတော်မူပြီး ယနေ့ မြန်မာနိုင်ငံသားတို့အတွက် သစ္စာဓိဋ္ဌာန်ပြု၍ ပင့်ဆောင်စိုက်ပျိုးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ အံ့ဖွယ်စုံလင် ဂုဏ်အင်ပြည့်ဝဌာနဗလ အားကောင်းလှသည့် မဇ္ဈိမဒေသ ဗုဒ္ဓဂယာဗောဓိမဏ္ဍိုင်မဟာဗောဓိပင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ အာနန္ဒာဗောဓိပင်၊ သီရိလင်္ကာနိုင်ငံရှိ သဃ်မိတ္တာဗောဓိပင်၊ မြန်မာနိုင်ငံရှိ အရဟံဗောဓိပင်ဟူ၍ ကမ္ဘာပေါ်တွင် စံတော်ဝင်ဗောဓိပင်လေးပင်ရှိပါသည်။ ရှင်အရဟံမထေရ်မြတ်သည် မဟာဗောဓိကိုင်းတော်ကို မဇ္ဈိမဒေသမှ မြန်မာပြည်သို့ ပင့်ဆောင်လာခဲ့ပြီး ပုဂံပြည်ကြီး၏အရှေ့တောင် လေးယူဇနာဝေးကွာသော အောင်သပြေမြို့တော်ဟောင်းအား ရွေးချယ်၍ လေးခင်းတောင်ပေါ်တွင် ရွှေဖျင်းနှင့်တည်ထားတော်မူပြီး မဟာဗောဓိကိန်းဝပ်တည်နေမည့် နေရာကောင်း၊ နေရာသန့်အား ရွေးချယ်လျက် ကဆုန်လပြည့် ဘုရားပွင့်တော်မူနေ့တွင် အောင်သပြေမြို့၏ အရှေ့တောင်အရပ်၌ စိုက်ပျိုးတော်မူလေသည်။ မဟာဗောဓိအား ပင့်ဆောင်စိုက်ပျိုးတော်မူသည်ကိုအစွဲပြု၍ အောင်သပြေမြို့ဟောင်းအား ပင့်မြို့ဟုသမုတ်တော်မူပြီး သီရိသမန္တအမတ်ကြီးအား မဟာဗောဓိပင်ကို အစောင့်အရှောက်အဖြစ် မြို့စားခန့်ထားခဲ့သည်။

ထို့ကြောင့် ဖူးထိုက်လှစွာ ဖူးခွင့်သာသော မြန်မာပြည်၏ ဗုဒ္ဓဂယာဟု တင်စားခေါ်ဆိုထိုက်လှသော ရှင်အရဟံမဟာ

> **ပင်းမြို့ဟောင်းကို ရန်ကုန်-မန္တလေး အမြန်လမ်း ၂၆၂ မိုင်မှ လည်းကောင်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာမြို့များမှ လည်းကောင်း ကားများဖြင့် တိုက်ရိုက်လာနိုင်သည်**

ဗောဓိကို ရောက်ရှိဖူးမြော်ပူဇော်ကြရသော ကုသိုလ်ကောင်းမှုတို့သည် သံဝေဇနီယလေးဌာန ဗုဒ္ဓဂယာမဟာဗောဓိသို့ ဘုရားဖူးရောက်ကြရသည့် ကုသိုလ်ကောင်းမှုများနှင့် စိတ်ထားတူက ထပ်တူရကြမည်ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းရှိ ရှင်အရဟံမဟာဗောဓိရွှေညောင်တော်ကို လာရောက်ဖူးမြော်ပူဇော်ကြပြီး ဗောဓိပင်ဖူးကုသိုလ်ထူးနိုင်ကြပါစေ။ မဟာဗောဓိရွှေညောင်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။

ပင်းမြို့ဟောင်းကို ရန်ကုန်-မန္တလေး အမြန်လမ်း ၂၆၂ မိုင်မှလည်းကောင်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာမြို့များမှ လည်းကောင်း ကားများဖြင့် တိုက်ရိုက်လာနိုင်သည်။

ပင်းမြို့ဟောင်းကို ရောက်လာလျှင် သမိုင်းဝင်အောင်သပြေညီနောင်နှင့် အောင်သပြေဆင်းတုတော်၊ ဖောင်တော်ဦးစေတီတော်၊ တကောင်းခေတ် အောင်သပြေမြို့ဟောင်း၊ နန်းတော်ဟောင်းနေရာရှိ မြို့လယ် လောကမာရဇိန်ရန်ဦးနှိမ်စေတီနှင့် ရွှေစေတီဂူဘုရား၊ ရန်အောင်မြင်ဘုရား၊ ရှင်အရဟံပိဋကတ်တိုက်၊ သိမ်ဦးစေတီတော်နှင့် ရဟန်းသာသိမ်တော်များ၊ တောင်ထောင့်ကျေးရွာရှိ စိန်ဘုရား၊ ပင့်ခဲ့တော့တောင်၊ ခြေတော်ရာတောင်နှင့် ရှင်အရဟံခြေတော်ရာ၊ ပင်းဗောဓိတစ်ထောင် အောင်မြေရတနာတောရချောင်၊ မဟာဗောဓိစေတီတော်၊ မြဘုရား၊ ပင်းငွေချိုကျေးရွာ၊ ဇေယျဝတီကျောင်းရှိ ပုဂံခေတ်သက်န်းနက်ရုပ်ပွားတော်များ စသည့်အပြင် ပင်းမြို့ဟောင်း ဒေသနယ်တစ်ခွင် သမိုင်းဝင်အထင်ကရစေတီပုထိုးများကို တစ်ဆက်တည်းမှာ ဖူးမြော်ကြည်ညိုနိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

# နွေစပါးစိုက်ပျိုးရေအချိန်မီပေးဝေနိုင်ရေး ရေပေးတူးမြောင်းပြင်ဆင်



**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေအချိန်မီ ပေးဝေနိုင်ရေးအတွက် ရေပေးတူးမြောင်းများ၊ ရေပေးအဆောက်အအုံများအား ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်တမံမှ ယမန်နှစ်က ၂၆၃၀၄ ကေပေသာ သိုလှောင်နိုင်ခဲ့သော်လည်း ယခုနှစ်မိုးရာသီတွင် ကန်ရေပြည့် ရေလှောင်ပမာဏ ကေပေ ၃၀၇၂၀ သိုလှောင်နိုင်ခဲ့ပြီး အသုံးပြုနိုင်သော ရေလှောင်ပမာဏမှာ ၂၉၃၃၇ ကေပေဖြစ်သဖြင့် မိုးစပါးအောင်ရေ ၆၉၀၉ ကေပေအား အောင်ရေပေးဝေနိုင်ခဲ့သည်။

အလားတူ နတ်မောက်ရေလှောင်တမံတွင် ယမန်နှစ်က ၅၄၈၀၁ ကေပေသာ သိုလှောင်နိုင်ခဲ့ရာ ယခုနှစ်တွင် ကန်ရေပြည့် ရေလှောင်ပမာဏ ကေပေ ၁၀၁၀၀၀ သိုလှောင်နိုင်ခဲ့ပြီး အသုံးပြုနိုင်သော ရေပမာဏမှာ ၈၆၂၈၇ ကေပေဖြစ်သဖြင့် မြို့သစ်မြို့နယ်အတွင်းရှိ မိုးစပါးများအား ဆည်ရေအပြည့်အဝ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် စတင်မည့် နွေစပါး ရေပေးဝေနိုင်ရေးအတွက် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်တို့သည် ရေပေးတူးမြောင်းများ၊ ရေပေးအဆောက်အအုံများအား ပြင်ဆင်ခြင်း လုပ်ငန်းများဖြစ်သည့် စွန်ချောင်းရေလှောင်တမံ မြောင်းမကြီး ပေတိုင် ၁၆၀၀ တွင် ရေငုပ်ပြွန်အဆောက်အအုံ (Syphon) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် နတ်မောက်လက်ဝဲမြောင်းမကြီး လက်တံ(၂)သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ နတ်မောက်လက်ယာမြောင်းမကြီး လက်တံ(၃)ပေတိုင် ၁၅၈၀၀ မှ ၁၆၂၀၀ အတွင်း ကျောက်ကြီးလိုင်နင်စီခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက နတ်မောက်ရေလှောင်တမံမှ ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၉ ရွာမှ နွေစပါးစိုက်ကေ ၇၉၄၉ ကေနှင့် စွန်ချောင်းရေလှောင်တမံမှ မြို့လုလင်နှင့် ဆူးတပ်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာပေါင်းကိုးရွာမှ နွေစပါးစိုက်ကေ ၂၇၇၇ ကေတို့အတွက် နွေစပါးအကျိုးပြု စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဓာတ်အားလိုင်းတည်ဆောက်ရာတွင် သီးနှံပျက်စီးမှုအတွက် လျော်ကြေးငွေပေး

**ကျောင်းကုန်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် ကြိုးဆွဲစဉ် ခုတ်လှဲသည့်စပါး၊ သီးနှံစိုက်ခင်း၊ ဥယျာဉ်ခြံမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန စီမံကိန်းမန်နေဂျာရုံး(ရုံး-၁ ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဝင်းက အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် ရေကြည်မြို့နယ်၊ကျောင်းကုန်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့ကို ဖြတ်သန်းသွားသော်လည်း ယခုကျောင်းကုန်းမြို့တွင် ပထမဦးဆုံးပေးအပ်ခြင်းဖြစ်ကြောင်း၊ စပါး၊ သီးနှံစိုက်ခင်းထိခိုက်ပျက်စီးသူ ၅၆ ဦးနှင့် ဥယျာဉ်ခြံမြေထိခိုက်ပျက်စီးသူ ၄၉ ဦး စုစုပေါင်း ၁၀၅ ဦးအား လျော်ကြေးငွေကျပ် ၅၈၇ သိန်းကျော် ပေးအပ်မည်ဖြစ်သော်လည်း ပထမအရစ်အဖြစ် ငွေကျပ် ၁၉၈ သိန်းကို လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဆိပ်ဖူးနီကျေးရွာအုပ်စု၊ ကံကလေးကျေးရွာအုပ်စု၊ လက်ပန်ချောင်ကျေးရွာအုပ်စု၊ ဂုန်မင်းကျေးရွာအုပ်စုနှင့် ရေတာကြီးကျေးရွာအုပ်စုများမှ တောင်သူများ လာရောက်ထုတ်ယူခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆက်လက်စီမံဆောင်ရွက်သွားမည်

**မုံရွာ ဒီဇင်ဘာ ၂၃**

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် မူဝါဒရေးဆွဲ၍ ဆက်လက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

"ကျေးရွာမီးလင်းရေးအတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို ကျေးရွာလူထုရဲ့ ကုန်ကျစရိတ်နဲ့တည်ဆောက်ပြီး ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကိုလည်း ကျေးရွာကပဲ ဆောင်ရွက်နေတာပါ။ ကော်မတီဖွဲ့စည်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားတာဖြစ်ကာ ထည့်ဝင်ငွေတွေနဲ့ပတ်သက်ပြီး မြို့နယ်လျှပ်စစ်ရုံးအနေဖြင့် ထည့်ဝင်ပေးသွင်းတာမရှိတဲ့သူတွေကို ခွင့်ပြုတပ်ဆင်ပေးမိရင် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်တဲ့အတွက် ကော်မတီရဲ့ ထောက်ခံတင်ပြချက်ကို ထောက်ခံတပ်ဆင်ပေးတာဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။

လက်ရှိကာလတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့သော ကျေးရွာများတွင် ကျေးရွာပိုင်ထရန်စဖော်မာ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရန်နှင့် ထရန်စဖော်မာ မိန်းစီတီမီတာ ခြားနားယူနစ်အား တာဝန်ယူကောက်ခံပေးသွင်းရန်တို့အတွက် တာဝန်ခံဆောင်ရွက်ရမည့် မီးလင်းရေးကော်မတီများဖွဲ့စည်း၍ သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာမီးလင်းရေးကော်မတီ၏ ကုန်ကျစရိတ်များကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသည့် အဖွဲ့ဝင်ငါးဦးပါဝင်သည့်အဖွဲ့က စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျေးရွာမီးလင်းရေးကော်မတီမှ မီးလင်းရေးကိစ္စများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဒေသအာဏာပိုင်များဖြင့် ကြီးမှူးဖွဲ့စည်းပေးထားခြင်းဖြစ်ပြီး ကျေးရွာမီးလင်းရေးကော်မတီဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းတို့တွင် ကျေးရွာနေဒေသခံများ၏ လိုလားချက်အရအများ ဆန္ဒဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ကျေးရွာမီးလင်းရေးဆောင်ရွက်ရာတွင် ကျေးရွာများအနေဖြင့် ၎င်းတို့ကြိုက်နှစ်သက်ရာ တည်ဆောက်ရေးဆောင်ရွက်သော အဖွဲ့များဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ပြီး ဝန်ကြီးဌာနမှမူအရ ခွင့်ပြုမိန့် တင်ပြတောင်းခံပေးခြင်း၊ ထရန်စဖော်မာ မိန်းမီတာများ တပ်ဆင်ပေးခြင်း၊ အိမ်သုံးမီတာ လျှောက်ထားလာမှုများအား ခွင့်ပြုတပ်ဆင်ပေးခြင်းနှင့် နည်းပညာပိုင်းတို့ကို ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# တစ်ခါတုန်းက နယ်စပ်ဒေသမှာ(၁၇)

**မြင့်စိုး(နတလ)**

ဆရာနွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" ဝတ္ထုခေါင်းစဉ်အား သဘောကျသဖြင့် ကျွန်တော်၏အခန်းဆက်ဆောင်းပါးခေါင်းစဉ်ကို တစ်ခါတုန်းက နယ်စပ်ဒေသမှာ ဟု ပေးခဲ့မိကြောင်း ရေးသားတင်ပြခဲ့ဖူးပါသည်။ တစ်ခါတုန်းက တက္ကသိုလ်မှာဝတ္ထုသည် ဆရာနွမ်ဂျာသိုင်း၏ နှလုံးသည်းပွတ်လည်းဖြစ်နေသောကြောင့် စကားလုံးအချို့အား သုံးစွဲခွင့်ပြုရန် ခွင့်တောင်းခြင်းလည်းမည်ပါပေ၏။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ ခေါင်းစဉ်ဖြင့်ရေးသားခဲ့ပြီးသော ဆောင်းပါးများထဲမှအများစုတွင် နယ်စပ်ဒေသများ၌ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မိမိကိုယ်တိုင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများ၊ နတလ ဝန်ထမ်းများနှင့်ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၏ ကိုယ်စီပါဝင်ဆောင်ရွက်ခဲ့ကြသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများစသည်တို့ ပါဝင်ခဲ့ပါသည်။

ယခုလည်း လွန်ခဲ့သည့်ရက်ပိုင်းလေးမှာပင် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသွားပြီဖြစ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးအား သတိရလိုက်မိသည်ခဏ၊ စိတ်အာရုံတွင် တဖျတ်ဖျတ်ပေါ်လာသည်က ရှမ်းပြည်နယ် အရှေ့ပိုင်း မက်မန်းမြို့လေးကို ဗဟိုပြုနေသော မော်ဖဒေသ၏ပုံရိပ်များ၊ နယ်စပ်/စည်ပင်ဝန်ကြီးဌာနအနေဖြင့်ရှိခဲ့စဉ် ၁၉၉၆ ခုနှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သန်လျင်တံတားကြီးအနီး၌ တည်ဆောက်ခဲ့သော ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာတည်ဆောက်ရေးလုပ်ငန်းများနှင့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဖွင့်ပွဲအခမ်းအနားပုံရိပ်များ၊ ၂၀၀၂ ခုနှစ်နောက်ပိုင်း သူနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ဖူး သည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်း များနှင့် ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောဒေသရှိ နတလစံပြ ကျေးရွာများဆိုင်ရာ အမှတ်တရပုံရိပ်များပါပေတည်း။

မော်ဖဆိုသည့်အမည်သည် ဒေသခံတိုင်းရင်းသားများ၊ ထိုဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဝန်ထမ်းများနှင့် တပ်မတော်သားများကလွဲလျှင် အခြားသူများမသိနိုင်သော အမည်နာမတစ်ခုလည်း ဖြစ်၍နေပါလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မော်ဖကို မော်ဖအတိုင်းပဲမှတ်ထားလိုက်ပြီး သူ၏အဓိပ္ပာယ်ကို သိရန်မကြိုးစားခဲ့ဖူးကြောင်း ဝန်ခံပါသည်။ လွန်ခဲ့သည့်နှစ်အနည်းကမှ သိထားဖို့လိုအပ်သည်ဟု ယူဆကာ ထိုဒေသတွင် တပ်ရင်းမှူး တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဗိုလ်မှူးကြီးသန်းဆွေ (နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ (သံအမတ်ကြီး-ငြိမ်း)ထံ မေးမြန်းမှတ်သားခဲ့ရပါသည်။ ဒေသအခေါ်အဝေါ်အားဖြင့် မော်ဖဆို သည်မှာ ခါးများပြုလုပ်သောဒေသ၊ ခါးကောင်းများထွက်ရှိရာ အရပ်ဟု အဓိပ္ပာယ်ရကြောင်း သိလိုက်ရ၏။

စင်စစ်သော်ကား နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ ခုနှစ်မှစ၍ မော်ဖဆိုသောအမည်ကို တွင်တွင်ကျယ်ကျယ် ခေါ်တွင်လာခဲ့ကြခြင်းဖြစ်သည်။ ထိုဒေသမှ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ငြိမ်းချမ်းရေး အဖွဲ့အစည်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမရှိသော်ငြားလည်း ဗကပတို့၏ ဖိနှိပ်မှုအောက်၌ နှစ်ပေါင်းများစွာနေထိုင်ခဲ့ကြရသော စစ်၏ အနိဋ္ဌာရုံကို နဖူးတွေ့ဒူးတွေ့ခံစားခဲ့ကြရသော ဒေသဖြစ်၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်ဒေသ(၁၈)ခုတွင် ထည့်သွင်းသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသန်းဆွေနှင့်ဦးဇော်ဦးတို့ ထိုဒေသများ၌ တပ်ရင်းမှူးတာဝန်ထမ်းဆောင်စဉ် အချိန်ကာလကတုန်းက မော်ဖဆိုသည်မှာ မော်တော်ကားကိုလည်း မမြင်ဖူး မစီးဖူးကြသော၊ ဆပ်ပြာမှအစ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း အလွန်ရှားပါးသော၊ ကျန်းမာရေးအသိနှင့် ကျန်းမာရေးစောင့်ရှောက်မှု အလွန်နည်းပါးခဲ့သော ဒေသများဖြစ်ခဲ့ကြသည်။ မက်မန်းမြို့သည် ပင်လျှင် ၁၉၉၁ ခုနှစ် ဇူလိုင်လ၌ မြို့သစ်အဖြစ်ပြန်လည် တည်ဆောက်ခဲ့ရသော မြို့ကလေးဖြစ်ပေသည်။ ကျွန်တော့် မိတ်ဆွေကြီး ဗိုလ်မှူးကြီး ခင်မောင်ချို (ကဗျာဆရာကိုချိုစံ) ကလည်း တိုင်းရင်းသားမဂ္ဂဇင်းအတွက် ရေးသားပေးပို့ခဲ့သော သူ၏ မက်မန်းရွှေပြည်



ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ဝန်ထမ်းများနှင့် အမှတ်တရ

လွမ်းမိသည် ကဗျာ၌ ထိုအကြောင်းအရာများကို အမှတ်တရရေးဖွဲ့ခဲ့ဖူး၏။ ထိုစဉ်ကသူသည် ရှေ့တန်းအမှတ်(၇၇) တပ်မဌာနချုပ် နည်းဗျူဟာ(၇၇၃) ကွပ်ကဲမှုအောက်တပ်ရင်း၌ တာဝန်ထမ်းဆောင်ရင်း မက်မန်းမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

ကျွန်တော်တို့၏ နောင်တော်ကြီး ကိုဇော်ဦးကတော့ မော်ဖဒေသ၏ အထင်ကရကျေးရွာများဖြစ်သည့် ဆွတ်ဝိုး၊ ဝိန်းနောင်၊ ငှက်ယောင်း၊ အေးကျွန့်၊ ကောင်းလန်းဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ ထိုဒေသတွင် တာဝန်ထမ်းဆောင်ခိုက် သူနာပြုဆရာမလေးများက ကျားသစ်ကုပ်ခံရ၍ ဦးခေါင်းအရေခွံလန်နေသော လူနာအား မကြောက်မရွံ့ဖြတ်တောက်ချုပ်နှောင်ပေးသည့် မြင်ကွင်းများ၊ ငွေနားညွှန့်ဟုခေါ်သည့် အညွှန့်ကလေးများကို စားကောင်းသည် ထင်၍ အမှတ်မထင် ခူးယူစားသောက်မိရာက အသက်ဆုံးရှုံးခဲ့ကြရပုံများအား အမှတ်တရပြန်လည် ပြောပြခဲ့ဖူးသည်။ ထိုအချိန်ထိုကာလများက မော်ဖဒေသ၏ ပထမဦးဆုံးသော ရှင်အပါး (၁၀၀) ရှင်ပြုပွဲကြီးကို တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းဆွေက ဦးဆောင်၍ မက်မန်းမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကိုလည်း အမှတ်ရစရာဖြစ်ခဲ့သည်။ ရှင်ပြုပွဲသို့ လာရောက်ကြသော အနယ်နယ်အရပ်ရပ်က ဒေသခံတိုင်းရင်းသားများကားစီးဖူးအောင် အပြန်ခရီး၌ လက်လှမ်းမီနေရာများအထိ ကားများဖြင့် ပို့ဆောင်ပေးခဲ့ကြသည်ဆို၏။ ယမန်နှစ်ကတော့ ထိုဒေသတွင်တာဝန်ထမ်းဆောင်ခဲ့သော တပည့်တစ်ဦး ရိုက်ပို့လိုက်သည့် မက်မန်းမြို့ ဓာတ်ပုံလေးတစ်ပုံရရှိခဲ့ရာ အတော်ကလေး တိုးတက်ပြောင်းလဲနေပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ ထူးခြားသည်က ထိုဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန်းဆွေရော၊ ဦးဇော်ဦးပါ နတလတွင် လာရောက်ဆုံစည်းခဲ့ကြသည့်အပြင် အထက်က ဆိုခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အနီးကပ်ကြပ်မတ် လုပ်ဆောင်သွားသူများ ဖြစ်လို့နေပြန်၏။ မော်ဖဒေသတွင် သံလွင်ရေအတူ သောက်ခဲ့မိကြ၍လားတော့ မပြောတတ်ပေ။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို နယ်စပ်/စည်ပင်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် လက်ထက် ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများအစပျိုးခဲ့ပြီး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်လက်ထက်၌ အပြီးသတ်ကာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို ခံ့ညားသော အဝင်မုခ်ဦး၊ ပြည်ထောင်စုခန်းမကြီး၊ ကပွဲခန်းမကြီး၊ နန်းမြင့်မျှော်စင်၊ တိုင်းရင်းသားရိုးရာအိမ်များ၊ ရိုးရာအိမ်အလိုက် တွဲလျက်တည်ရှိနေသော ဒေသအထိမ်းအမှတ်များဖြစ်သည့် ခါကာဘိုရာဇီတောင်၊ တောင်ကွဲစေတီ၊ ဇွဲကပင်တောင်၊ ရိဒ်ရေကန်ပုံစံငယ်၊ မင်းကွန်းခေါင်းလောင်းကြီး၊ ကျိုက်ထီးရိုးစေတီ၊ ထုက္ကန့်သိမ်ပုထိုးတော်၊ အင်းလေးကန်တို့ဖြင့် ထည်ထည်ဝါဝါ တွေ့မြင်ရမည်ဖြစ်သည်။ ကျွန်တော့်မျက်စိထဲမှာတော့ ဂရင်းဂိတ်နှင့်စဥ့်ရွာရှိ လက်မှုပြခန်းဆောင်လေးများကိုသာ တည်ဆောက်နိုင်ခဲ့သေးသော ၁၉၉၆-၁၉၉၇ ခုနှစ်လောက်က မြင်ကွင်းများ၊ လယ်ကွက်ကြီးများ၊ ထိုမှ ၂၀၀၂ခုနှစ် နှစ်ဆန်းပိုင်းတွင် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွှန့်၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တိုင်းရင်းသားကျေးရွာတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးဇော်ဦးတို့ ရွှံ့ထဲဗွက်ထဲမှာ လိုက်လံကြည့်ရှုပြီး ရိုးရာအိမ်များအတွက်နေရာ၊ နန်းမြင့်မျှော်စင်နှင့် Food Center နေရာတို့ကို သတ်မှတ်ပေးပုံများ၊ ရိုးရာအိမ်တာဝန်ခံများဖြစ်သည့် ဗိုလ်မှူးဌေးမြင့်၊ ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူးသန်းထူး၊ ဦးညီညီ၊ ဦးအေးလွင်၊ ဦးစိန်လင်း၊ ဗိုလ်မှူးထွန်းဦး၊ ဗိုလ်မှူးစန်းဝေတို့က တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ပူးပေါင်း၍ တည်ဆောက်ခဲ့သည့်မြင်ကွင်းများကို ယနေ့တိုင်မြင်ယောင်နေဆဲဖြစ်သည်။

ရိုးရာအိမ်များတည်ဆောက်ရာတွင် ပါဝင်ကူညီခဲ့ကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ မိတ်ဆွေများကိုလည်း သတိရမိပါသည်။ ကချင်အိမ်တာဝန်ခံ ဦးလေးကြီးကတော့ ကွယ်လွန်သွားပြီဖြစ်၏။ ကရင်ရိုးရာအိမ်ကို ဦးစီးတည်ဆောက်ခဲ့သော ဆရာကြီးဒေါက်တာ ဆိုင်မွန်သာကို ယခုနှစ် မေလအတွင်း၌ ပြန်လည်တွေ့ဆုံခွင့်ရခဲ့သည်။ မွန်ယဉ်ကျေးမှုအဖွဲ့မှ အဘနိုင်ပန်းရှင်ကိုလည်း သတိရမိပါ၏။ သူကွယ်လွန်သွားပြီဖြစ်ကြောင်း ဆောင်းပါးတစ်ပုဒ်ထဲ၌ မှားရေးမိ၍ တယ်လီဖုန်းဆက်ကာ တောင်းပန်ခဲ့ရသေး၏။ ချင်းအိမ်တာဝန်ခံ ဦးဝမ်လျန်းထန်နှင့်မူ မကြာမကြာပြန်လည်တွေ့ဆုံခဲ့ကြသည်။ ရှမ်းယဉ်ကျေးမှုအဖွဲ့၊ ကယားယဉ်ကျေးမှုအဖွဲ့မှ တာဝန်ခံများနှင့်ထိုစဉ်က ရခိုင်ရိုးရာအိမ်ကို ဦးစီးတည်ဆောက်ပေးသော အစ်မကြီးဒေါ်နုမြဖဲတို့ကိုမူကား မတွေ့ဖြစ်တာ အတော်ကြာပေပြီ။ ယခုအခါ အငြိမ်းစားယူသွားကြပြီဖြစ်သော ဗိုလ်မှူးဌေးမြင့်၊ ဗိုလ်မှူးစိုးအောင်၊ ဦးညီညီတို့နှင့်ပြန်ဆုံလျှင် တိုင်းရင်းသားကျေးရွာမှာ ဖုတ်ပူမီးတိုက် မျက်ကလူးဆန်ပျာ ဒရောသောပါးလုပ်ကိုင်ခဲ့ကြရသော အချိန်ကာလတွေကို ရယ်စရာမောစရာအဖြစ် အမှတ်တရပြောဖြစ်ခဲ့ကြသည်။ ယခုအချိန်မှာ ရယ်နိုင်ကြသော်လည်း ထိုအချိန်ထိုကာလကတော့ တကယ်ရင်မောရသော အချိန်များပါပေ။

ဦးဇော်ဦးနှင့်လက်တွဲ၍ ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောဒေသက နတလစံပြကျေးရွာများအတွက် လုပ်ငန်းဆောင်တာ တော်တော်များများကိုလည်း အတူထမ်းဆောင်ခဲ့ဖူးသည်။ ထိုစဉ်က ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံးတွင် ဦးစီးအရာရှိဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့သော အစ်မကြီး ဒေါ်စောနွဲ့မူသည်ပင် လက်ထောက်ညွှန်ကြားရေးမှူး- ငြိမ်းဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ဤသည်တို့ကား ဦးဇော်ဦးအကြောင်း ဖျတ်ခနဲတွေးလိုက်မိရင်းက ပေါ်ပေါက်လာသည့် နယ်စပ်ဒေသ အတွေးပုံရိပ်များ။ နယ်စပ်ဒေသ၊ နယ်စပ်ဝန်ထမ်း၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်လာလျှင် အတွေးပုံရိပ်များက ဆုံးအံ့မထင်။ ဆက်၍ ဆက်၍ ရှိနေဦးမည်။ တွေးနေရဦးမည်၊ သတိရနေဦးမည်သာ။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ ......။

## တောင်ညိုဆည် နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်

**ပြည် ဒီဇင်ဘာ ၂၃**

တောင်ညိုရေသောက် စနစ်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ JICA ODA ဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီမံကိန်း ကာလကြာမြင့်မည်ဖြစ်သည်။

၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်း ရာသီတွင် တူးမြောင်းမကြီး ပေတိုင်( ၀+၀၀၀)မှ ပေတိုင် (၇၁+၇၀၀)အတွင်း တူးမြောင်းအလျားပေ ၅၂၂၅၀ ပြုပြင် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းရာသီတွင် တူးမြောင်းမကြီးမှ ကျန်ရှိတူးမြောင်းအလျားပေအရှည် ၁၉၄၅၀ နှင့် တူးမြောင်းမကြီးမှ ခွဲထွက်သော တူးမြောင်းမကြီး လက်တံမြောင်း အမှတ်(၁)၊(၂)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၉) တို့နှင့်အတူ တူးမြောင်းခွဲ(က) ပေရှည် ၂၉၁၇ ပေ၊ တူးမြောင်းခွဲ( ခ)ပေရှည် ၃၉၉၃၅ ပေနှင့် တူးမြောင်းခွဲ(ခ) လက်တံမြောင်း အမှတ်(၃)တို့အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်လျက် ရှိသည်။

နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့ရှိ ဆည်ရေသောက်လယ်ယာမြေများအား ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးဖြည့်စွက်ရေ၊ အောင်ရေ စတင်ရေပေးဝေနိုင်ရေး၊ ၂၀၁၇-၂၀၁၈ခုနှစ် နွေစပါးဧက ၁၀၀၀၀ ကျော်အား ရေအပြည့်အဝပေးဝေနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲ ရေးဦးစီးဌာန တည်ဆောက်ရေး(၂)နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန သာယာဝတီခရိုင်တို့မှ သတ်မှတ်လျာထားဧက ပြည့်မီအောင် ဆည်ရေပေးဝေနိုင်ရေး တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**



## မှုခင်းသတင်းတိုများ

### ထိုင်းနိုင်ငံသားမောင်းနှင်သည့်ယာဉ်လမ်းဘေးသစ်ပင်ကိုဝင်တိုက်၍ယာဉ်မောင်းသေဆုံး

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်မြို့၌ ထိုင်းနိုင်ငံသားတစ်ဦး မောင်းနှင်သည့် မော်တော်ယာဉ်က လမ်းဘေးသစ်ပင်ကို ဝင်တိုက်၍ ယာဉ်မောင်းသူအမျိုးသားမှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါသူ ထိုင်းနိုင်ငံသူတစ်ဦး ဒဏ်ရာရရှိမှု ဒီဇင်ဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။ တာချီလိတ်မြို့ ဟွေခိုက်ရွာ ဘုန်းကြီးကျောင်းရှေ့ တာချီလိတ်-ကျိုင်းတုံ ကားလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်)မှ ရဲအုပ် ဇော်ဇော်ညွန့်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးချက်အရ တာချီလိတ်မြို့ဘက်မှ မယ်ယန်းရွာဘက်သို့ ထိုင်းနိုင်ငံသား Mr.Ltthinet (၃၈ နှစ်)မောင်းနှင်ပြီး ဇနီးဖြစ်သူ Mrs.Aphon Padee (၂၇ နှစ်)လိုက်ပါလာသည့် Vigo ခဲရောင်မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းဘေးရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသူ Mr.Ltthinet မှာ နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်ပါသူ Mrs.Aphon Padee မှာ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူအား တာချီလိတ်နာရေးကူညီမှုအသင်း၏ မော်တော်ယာဉ်ဖြင့် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကာ ဖြစ်စဉ်နှင့် ပတ်သက်၍ တာချီလိတ်မြို့မ ရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### လင်မယားချင်းစကားများရာမှဇနီးဖြစ်သူကကတ်ကြေးဖြင့်ထိုး၍ခင်ပွန်းသေဆုံး

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စစ်ဘုကျေးရွာ၌ လင်မယားချင်းစကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူက ကတ်ကြေးဖြင့်ထိုး၍ ခင်ပွန်းဖြစ်သူသေဆုံးမှု ဒီဇင်ဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာ ၁၉ရက် နံနက် ၁ နာရီခန့်တွင် စစ်ဘုကျေးရွာနေ ဦးရဲဝင်း (၄၂ နှစ်)အား ဇနီးဖြစ်သူ မဝေဝေမြင့် (၃၄ နှစ်)က စကားများရန်ဖြစ်ရာမှ ကတ်ကြေးဖြင့်ထိုးခဲ့ခြင်းဖြစ်ကာ ရာအိမ်မှူး ဦးသန်းထွန်းဦးက ဖြေရှင်းပေးရန် ရောက်ရှိသွားချိန်တွင် ဦးရဲဝင်းမှာ ဒဏ်ရာရနေသဖြင့် စခန်းသစ်တိုက်နယ် ပြည်သူ့ဆေးရုံသို့ မှုခင်းဆေးစာဖြင့် တင်ပို့ဆေးဝါးကုသမှုခံယူစဉ် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မဝေဝေမြင့်အား ကံမော်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မြင့်ဦး(မြိတ်)**

### မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

ငဖဲမြို့နယ် ချောင်းဖြူကျေးရွာအုပ်စုထန်းကိုင်းကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က ထန်းကိုင်းကျေးရွာအနောက်ပိုင်းနေဦးရွှေဗျိုင်း (၆၅ နှစ်) နေအိမ်နောက် ခုနစ်ပေခန့်အကွာတွင် ဆောက်လုပ်ထားရှိသော ခေါင် အမြင့် ၁၈ ပေရှိ ၁၅ ပေပတ်လည် (၃)ပင်(၂)ခန်း၊ သက်ငယ်မိုး၊ ထရံကာ ဝါးကြမ်းခင်း (နွားစာများထားရှိသည့်) နွားတင်းကုတ်၏ အောက်ထပ်မြေပြင်တွင် နွားများအတွက် မီးဖို၍ပေးထားသောမီးဖို၏ မီးကြွင်းမီးကျန်မှုတစ်ဆင့် နွားတင်းကုတ်အားမီးကူးစက်လောင်ကျွမ်းသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ ကျေးရွာပြည်သူများမှ စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် နွားတင်းကုတ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

### မူးယစ်ရမ်းကားနေသူအား တားမြစ်ရာမှ လူသတ်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရေယာဉ်ကျေးရွာ၌ အရက်မူးပြီး ရမ်းကားနေသူတစ်ဦးအား တားမြစ်ရာမှ လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာ ၂၀ ရက်က ရေယာဉ်ကျေးရွာနေ စိန်ပေါ်(၂၉ နှစ်)သည် အရက်မူးပြီး ရမ်းကားနေသဖြင့် ပေါက်တစ်ပင်ရွာနေ အေးမျိုးမင်း(၃၁ နှစ်)က တားမြစ်ပြောဆိုစဉ် နှစ်ဦးစကားများပြီး ခိုက်ရန်ဖြစ်ပွားရာ အေးမျိုးမင်းက အသင့်ပါလာသည့် ဓားဖြင့်ထိုးခဲ့သောကြောင့် စိန်ပေါ်မှာ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အေးမျိုးမင်းအား တကောင်းနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ယာဉ်တိုက်မှုဖြစ်၍ လူတစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်၌ ခြောက်ဘီးကားတစ်စီးက အရှိန်မထိန်းနိုင်ဘဲ ရပ်ထားသော ဆိုင်ကယ်နှင့် ခရီးသည်တင်ကားတစ်စီးကို ဝင်တိုက်မိသဖြင့် လူတစ်ဦးသေဆုံးမှု ဒီဇင်ဘာ ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါလမ်းပေါ်၌ ယာဉ်မောင်း ကျော်ထွေး(၄၁ နှစ်) မောင်းနှင်လာသည့် ဖောကားအပြာရောင် ခြောက်ဘီးယာဉ်က အရှိန်မထိန်းနိုင်ဘဲ ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် ဟီးနိုးခရီးသည်တင်ယာဉ်တစ်စီးကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်ပေါ်တွင်ရှိနေသူ ဦးမြင့်အောင်မှာ နေရာတွင် သေဆုံးခဲ့ပြီး ဟီးနိုးခရီးသည်တင်ယာဉ်မှာလည်း နောက်ဝဲဘက်ခြမ်း ပိန်ချိုင့်ပျက်စီးကာ ဆိုင်ကယ်မှာလည်း ကြေမွပျက်စီးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်းကျော်ထွေးအား ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး စခန်းမှူးရဲအုပ်သောင်းထွေးက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မသန်စွမ်းသူများ ဘက်စုံပညာဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်သွားမည်

**မုံရွာ ဒီဇင်ဘာ ၂၃**

မသန်စွမ်းသူများ၏ နေ့စဉ်လူနေမှုဘဝများ သန်စွမ်းသူများကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မုံရွာပရဟိတ မသန်စွမ်း ဘက်စုံဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဆရာတော်ဦးဥေယျ၏ ဦးဆောင်မှုဖြင့် ဘက်စုံအသက်မွေးပညာများကို သင်ကြားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် ကျောင်းဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကျောင်းတာဝန်ခံ ဦးအောင်ရဲထက်က ပြောကြားသည်။



"ကျွန်တော်တို့ကျောင်းမှာ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကနီ၊ သပိတ်ကျင်း၊ ဟသ်ာတ၊ မကွေး၊ ချောက်၊ ပခုက္ကူ၊ ဖောင်းပြင်စတဲ့ ဒေသတွေက မသန်စွမ်းသူ ၂၃ ဦးရှိပါတယ်။ အငယ်ဆုံးကလေးက ကိုးနှစ်နဲ့ ၁၂ နှစ်အရွယ်တွေ ရှိပါတယ်။ နီးစပ်ရာတွေကနေ ကြားသိပြီး အနယ်နယ်အရပ်ရပ်ကနေ မသန်စွမ်းသူတွေကို လာရောက်အပ်နှံကြပါတယ်။ ကျောင်းကို လာရောက်အပ်နှံသူတွေကို အကျင့်စာရိတ္တ ကောင်းမွန်မှုနဲ့ ကူးစက်ရောဂါ၊ နာတာရှည်ရောဂါ မရှိသူတွေကို စိစစ်လက်ခံပေးလျက်ရှိပါတယ်။ လက်ရှိအနေအထားမှာ ဒီကျောင်းကနေပြီး အစိုးရအခြေခံပညာကျောင်းတွေမှာ သွားရောက်ပညာသင်ကြားနေတဲ့ ကလေးငယ်နှစ်ဦး ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

"အခြေခံပညာကျောင်းတွေမှာကျောင်းတက်နေကြတဲ့ မသန်စွမ်းကလေးငယ်တွေက ရွယ်တူသန်စွမ်းသူတွေကြားမှာ အလိုလိုသိမ်ငယ်နေတော့ အတန်းစာသင်တဲ့ကျောင်းမှာ သူတို့မပျော်ကြဘူး။ အဲလိုအခြေအနေမှာ ကျွန်တော်တို့က သူတို့ရဲ့သိမ်ငယ်နေတဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးရမယ်။ သူတို့ရဲ့ မသန်စွမ်းမှုကိုမကြည့်ဘဲ ကြိုးစားစွမ်းဆောင်နိုင်မှုတွေကိုကြည့်ပြီး အားပေးကူညီရမယ်။ ဒါမှသာ သူတို့လေးတွေ စိတ်ဓာတ်ခွန်အားတွေပါ မြင့်တက်လာပြီး သန်စွမ်းသူတွေနည်းတူ နေ့စဉ်ဘဝကိုဖြတ်သန်းနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းကို မသန်စွမ်းသူတွေ ရောက်လာရင် သူတို့လေးတွေရဲ့ ဝါသနာကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တွေဖြစ်တဲ့ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းတွေအပြင် ဗေဒင်ပညာ(တားရော့)၊ ဆံပင်ညှပ်နှင့် ဆံကေသာအလှပြင်သင်တန်းတွေ သင်ကြားပေးလျက်ရှိပါတယ်။ သူတို့တွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ မြင့်မားလာပြီး နေ့စဉ်လူမှုဘဝဖြတ်သန်းမှုနဲ့ အသက်မွေးဝမ်းကျောင်းအခြေအနေတွေမှာ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး အဓိကထား ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟုလည်း ကျောင်းတာဝန်ခံက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် ကျောင်း၏လိုအပ်ချက်များကို ဆရာတော်ကြီး ဦးဥေယျနှင့် စေတနာရှင်၊ အလှူရှင်များ၊ အကျိုးတော်ဆောင်အဖွဲ့များ၊ နာယကအဖွဲ့များနှင့် တိုင်းဒေသကြီး(မမသ)အဖွဲ့တို့က အစစအရာရာ ဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကျောင်းအတွက် ကျွမ်းကျင်နည်းပြနှင့် သင်ထောက်ကူပစ္စည်းအချို့ မပြည့်စုံသေးဘဲ လိုအပ်ချက်များရှိနေသေးသဖြင့် အဆိုပါ မုံရွာပရဟိတ မသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ မသန်စွမ်းသူများအတွက် အနယ်နယ်အရပ်ရပ်မှ ထောက်ပံ့ကူညီလိုသူများ အနေဖြင့် ဖုန်း ၀၉-၇၈၅၇၇၅၃၆၉၆ နှင့် ၀၉-၄၄၀၆၇၇၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေး အလုပ်ရုံဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO)၊ ကျေးလက်လူမှုဖွံ့ဖြိုးရေးအဖွဲ့(SSO)နှင့် ရပ်ကွက်အခြေပြုအဖွဲ့(CBO) တို့ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မအလုပ်ခိုင်းစေမှု၏ အဓိပ္ပာယ်နှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိနားလည်စေရန်၊ တိုင်တန်းမှုယန္တရားနှင့် ကာကွယ်စောင့်ရှောက်မှုများကို သိရှိနားလည်ခြင်းဖြင့် အဓမ္မအလုပ်ခိုင်းစေမှု ပပျောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်လာကြစေရန်နှင့် ဆွေးနွေးပွဲမှ ဗဟုသုတများကို မိမိနှင့်နီးစပ်ရာ မိတ်ဆွေသူငယ်ချင်း ဆွေမျိုးမိသားစုများအား ပြန်လည်ဝေငှပေးနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ILO ညှိနှိုင်းရေးမှူး ဦးမိုးကျော်က ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဓမ္မအလုပ်ခိုင်းစေခြင်း ဥပမာနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြဋ္ဌာန်းချက်များကို ကိုစောဂျိုင်း(SSO)က လည်းကောင်း၊ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးတွင် နိုင်ငံတော်မှ လုပ်ဆောင်ချက် သမိုင်းကြောင်းနှင့် တိုင်တန်းမှုယန္တရားများကို ကိုစောငြိမ်းထွေး(SSO)က လည်းကောင်း ဆွေးနွေးခဲ့ကြကာ အလုပ်ရုံဆွေးနွေးပွဲသို့ သဘွတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် ရပ်မိရပ်ဖများ၊ သဘွတ်ကျေးရွာအုပ်စုအတွင်းရှိ သဘွတ်၊ ဝန်းမယ်နှင့် ပရည်တောင်ကျေးရွာတို့မှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မြင့်ဦး (မြိတ်)**

## ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်ရေး အသိပေးရှင်းလင်း

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးအတွက် တိုင်းဒေသကြီး အစိုးရနှင့် သက်ဆိုင်ရာဌာနများသို့ အသိပေးရှင်းလင်းပွဲကို မကွေးမြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။




ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာချမ်းမြေ့အေးသောင်က လက်ရှိအချိန်ထိ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ရာတွင် အောင်မြင်မှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများအထိ ကာကွယ်ဆေးရောက်ရှိရေး၊ ကလေးငယ်တိုင်း ကာကွယ်ဆေးထိုးခွင့် အခွင့်အလမ်းရရှိရေး၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုကပါ ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ ယခုထက် ပိုမိုထိရောက်စွာ ကာကွယ်ဆေးထိုးနိုင်ရေးနှင့် လွှမ်းခြုံမှု ပိုမိုမြင့်မားလာရေးအတွက် ရှင်းလင်းပွဲတက်ရောက်သော တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးပါဝင်ကာ အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ထိုင်းနံပါတ်တပ်၍ မောင်းနှင်သည့် ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူ

**ဘားအံ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ် ထိုင်းနံပါတ် တပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်လေးစီးကို စစ်ဆေးတွေ့ရှိသဖြင့် မော်တော်ယာဉ်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဘားအံမြို့နယ်ရဲတပ်ဖွဲ့နှင့် ထုံးအိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ကော့ကျိုက်သုံးမြောင့်လမ်းဆုံ၌ ဒီဇင်ဘာ ၁၅ ရက်က ဆောင်ရွက်စဉ် ထိုင်းနံပါတ်ပြားများ တပ်ဆင်မောင်းနှင်နေသည့် ဆိုင်ကယ်များကို စိစစ်တွေ့ရှိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူများဖြစ်သည့် စိုးထက်ကို(ခ)ပုလေး(၂၂ နှစ်)၊ ရဲဝင်းနိုင်(ခ)ရဲကြီး(၂၆ နှစ်)၊ သူရမိုး(၂၈ နှစ်)နှင့် ကျော်ဝင်း(၂၂ နှစ်)တို့အား မော်တော်ယာဉ်ဥပဒေအရ အသီးသီး အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**ဘားအံ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ်တွင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၁ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့က အမှာစကားပြောကြားကြပြီး ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များဖြစ်သော KNU အဖွဲ့ကိုယ်စား ပဒိုစောလှထွန်း၊ DKBA အဖွဲ့ ကိုယ်စား စောစိန်ဝင်းနှင့် KNU/ KNLA (PC)အဖွဲ့ကိုယ်စား နော်ကပေါ်ထူးတို့က လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များက အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ (မွမ်းမံ)သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်ထားသောစီမံချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ (မွမ်းမံ)သင်တန်းကို နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက အမှာစကားပြောကြားသည်။ သင်တန်းတက်ရောက်ခြင်းဖြင့် စေတနာ့ဝန်ထမ်းလူငယ်များအား ခိုင်မာစွာ ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှုကွန်ရက် ထူထောင်ကာ လူမှုရေးအကူအညီ လိုအပ်သူများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အပါအဝင် လူမှုဝန်ထမ်းလုပ်ငန်းများကို နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့် စေတနာ့ဝန်ထမ်းလူငယ်များအကြား ပေါင်းစပ်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းတက်လိုက်ရတော့ ကိုယ့်နယ်အတွင်းမှာရှိတဲ့ အဖွဲ့အစည်းအချို့ကို တစ်ချိန်တည်းမှာပဲ သိရှိခွင့်ရတယ်၊ ကိုယ့်အဖွဲ့အစည်းအနေနဲ့ မတတ်နိုင်တဲ့အရာတွေကို တတ်နိုင်တဲ့ အခြားအဖွဲ့အစည်းနဲ့ ပူးပေါင်းမယ်၊ ဒီထက်ပိုပြီး လိုအပ်လာမယ်ဆိုရင်တော့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်လုပ်ဆောင်ဖို့ အခွင့်အလမ်း ပိုရှိလာတယ်" ဟု သင်တန်းတက်ရောက်သူတစ်ဦးကပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ ဦး တက်ရောက်ကြောင်း သိရသည်။ **ခင်ဇော်(မင်္ဂလာ)**

# နေပြည်တော်၌ မြေအသုံးချရေး နည်းပညာပေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သဘာဝအားဖြင့် မြေဆီလွှာတည်ဖြစ်တည်နေသော မြေဆီဩဇာများကို တူးဖော်ရရှိနိုင်သကဲ့သို့ ဆွေးမြည့်နိုင်သော လူ၊ တိရစ္ဆာန်၊ အပင်များ၊ လယ်ယာထွက်ကုန်၊ စက်ရုံ၊ အလုပ်ရုံ၊ မီးဖိုချောင်တို့၏ဘေးထွက်စွန့်ပစ်ပစ္စည်းများနှင့် အကျိုးပြုဇီဝသက်ရှိများကို ဓာတုပစ္စည်းများလုံးဝမပါရှိဘဲ ပြုပြင်ထုတ်လုပ်ထားသည့် သီးနှံစိုက်ပျိုးရေးတွင် မြေဆီလွှာထက်သန်ရေးအတွက် မရှိမဖြစ်သုံးစွဲရမည့် မြေဩဇာများဖြစ်ပါ၍ အထွက်တိုးစေသော သဘာဝမြေဩဇာများကို အထူးသဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးတွင် သုံးစွဲသင့်ကြောင်း ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် "တိုင်း"စိုက်ပျိုးရေး ဦးစီးမှူးရုံး၌ကျင်းပသည့် မြေဩဇာစစ်ဆေးရေးမှူးများ မွမ်းမံသင်တန်းနှင့် မြေအသုံးချရေး နည်းပညာဆွေးနွေးပွဲတွင် နေပြည်တော်စိုက်ပျိုးရေး "တိုင်း" ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မြေအသုံးချရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က သဘာဝမြေဩဇာများ၏ အာနိသင်နှင့် အကျိုးကျေးဇူးအကြောင်းများကိုလည်းကောင်း၊ နေပြည်တော်မြေအသုံးချရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်းက မြေဩဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားကာ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက မြေဆွေးပြုလုပ်ပုံနည်းစနစ်များအား အဆင့်ဆင့်ပြောကြားပြီး တာဝန်ရှိသူများက ခရိုင်၊ မြို့နယ်ဦးစီးမှူးများထံ မြေဆီလွှာဓာတ်ခွဲသေတ္တာများနှင့် တောင်သူများအား စိုက်ပျိုးရေးမြေဩဇာများ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် မြေဩဇာအရည်အသွေးစစ်ဆေးခြင်းအား လက်တွေ့ဓာတ်ခွဲပြသခြင်း၊ မြေနမူနာရယူခြင်းနှင့် မြေဆီလွှာဓာတ်ခွဲခြင်းတို့ကို လက်တွေ့ဆောင်ရွက်၍ နေပြည်တော်ကောင်စီရုံးအတွင်းတွင် စိုက်ပျိုးထားသော ပဲစင်းငုံ၊ မတ်ပဲ၊ မြေပဲစသည့်စိုက်ခင်းများကို လက်တွေ့ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ခရိုင်ချင်းဆက်လမ်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဒီဇင်ဘာ ၂၃**

ပေါက်ခေါင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)မိုင်တိုင် (၁၆၀/၁) မှ (၁၆၂/၄) အထိ (၁/၀) မိုင် အကျယ် ၁၂ ပေ၊ ထု ၃ လက်မ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကိုခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၀ ဒသမ ၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေး (လက်ထောက်ညွှန်ကြားရေးမှူး)တို့က ဒီဇင်ဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးအတွက် ပံ့ပိုးချေးငွေပေးအပ်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သက္ကယ်ကျင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် ပံ့ပိုးချေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရမည်းသင်းမြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးဇော်လင်းက သမဝါယမ လုပ်ငန်းစဉ်များနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် အခြေခံသမဝါယမအသင်းသားများအား လယ်ယာသုံးစက်ကိရိယာများ၊ မြေဩဇာနှင့် စိုက်ပျိုးရေးသုံးဆေးအမျိုးမျိုး ရောင်းချပေးနေပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဝင်များထံသို့ မီးလင်းရေးလုပ်ငန်းအတွက် ပံ့ပိုးချေးငွေကျပ်သိန်း ၁၅၀ ကိုပေးအပ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိတို့က လမ်းမီးတိုင်လေးတိုင်အတွက် အလှူငွေ ကျပ် ၈၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

### မိဘမဲ့ဂေဟာများအတွက် အလှူငွေကျပ်သိန်း၁၀၀ လှူဒါန်း

တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံခရိုင်အတွင်းရှိ မိဘမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာများအတွက် ငွေကျပ်သိန်း ၁၀၀ ကို Eastern Eagle Motorcycle Club အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် Eastern Eagle Motorcycle Club မှ ဥက္ကဋ္ဌ ဦးစိုင်းဟုမ်ဖ၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းပိန်းနှင့် အဖွဲ့ဝင်များက ခရိုင်တစ်ခုစီအတွက် အလှူငွေကျပ်သိန်း ၅၀ စီကို တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းတို့ထံ ပေးအပ်ခဲ့သည်။ Eastern Eagle Motorcycle Club အဖွဲ့သည် တာချီလိတ်မြို့တွင် ဒီဇင်ဘာလဒုတိယပတ်အတွင်းက အပြည်ပြည်ဆိုင်ရာ မော်တော်ဆိုင်ကယ်ကလပ်များ တွေ့ဆုံပွဲကို စီစဉ်ကျင်းပခဲ့သည့် အဖွဲ့ဖြစ်သည်။ **ဝေယံလင်း(ပြန်/ဆက်)**

### ငွေချည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါစံပြကွက် ကွင်းသရုပ်ပြ

မြင်းမူမြို့နယ် အလွှကပ္ပ(စံပြ)ကျေးရွာရှိ မိုးနှောင်း ငွေချည်(၉)နှင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးစံပြကွက်၌ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်(နေပြည်တော်) ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မော်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဒေသခံတောင်သူများအား ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်း နည်းပညာများကို ဆွေးနွေးပြောကြားခဲ့ပြီး တောင်သူများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ဆွေးနွေးပွဲအပြီးတွင် တောင်သူများနှင့် တာဝန်ရှိသူများက စံပြကွက်အတွင်း ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကိုကိုနိုင်(မြင်းမူ)**

### လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကျင်းပ

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကို ထီးလင်းမြို့နယ် ကျင်းကျေးရွာရှိ အနာဂတ်အလင်းစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကျော်မြင့်က လွတ်လပ်ရေးနေ့အကြောင်းကို အသေးစိတ်ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီတို့ ပူးပေါင်း၍ ဉာဏ်စမ်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စည်းလုံးညီညွတ်မှု သရုပ်ဖော်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၇၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကျေးလက်လမ်းနှင့် တံတားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း၌ မိုးနဲ-ကျိုင်းတောင်း လမ်းပိုင်းမှ ခဲတောင်ကြီးကျေးရွာအဝင် ကျောက်ချောလမ်းတစ်မိုင် ခင်းခြင်းလုပ်ငန်း၊ ကာဟဝမ်ကျူ ကျေးရွာချင်းဆက်ကျောက်ချောလမ်းတစ်မိုင် ခင်းခြင်းလုပ်ငန်း၊ အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ဝမ်နား-နမ့်မော်လေ ချောင်းကူးသံကူကွန်ကရစ်တံတားလုပ်ငန်းနှင့် လွိုင်ချိုကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါအောင်မြင်သော ငြိမ်းအေးသာစံ ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးဇော်နှင့် မြို့နယ်ဦးစီးမှူးဦးခွန်ဇော်မျိုးထွန်းတို့က ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လိုင်းကြိုးများလဲလှယ်ပေးလျက်ရှိ

**မတ္တရာ ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေး၊ ဗို့အားပြည့်မီရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် (၁၁)ကေဗွီ စကျင်ဓာတ်အားလိုင်းရှိ ACSR $35mm^2$ ဓာတ်အားလိုင်း အရှည်တစ်မိုင်တွင် ACSR $95mm^2$ ဓာတ်ကြိုးများဖြင့် မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးက ဒီဇင်ဘာ တတိယအပတ်အတွင်း အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ (၁၁)ကေဗွီ စကျင်ဓာတ်အားလိုင်းသည် (၃၃/၁၁)ကေဗွီအေ မတ္တရာဓာတ်အားခွဲရုံမှ ဓာတ်အားရယူသော ဓာတ်အားလိုင်းဖြစ်ပြီး မတ္တရာမြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာရှိ ဌာနပိုင်ထရန်စဖော်မာ ခြောက်လုံး၊ အခြားဌာနပိုင် ထရန်စဖော်မာရှစ်လုံး၊ ကျေးရွာမီးလင်းရေးပိုင် ၁၆ လုံး၊ ပုဂ္ဂလိကပိုင် ထရန်စဖော်မာ ရှစ်လုံး စုစုပေါင်း ထရန်စဖော်မာ ၃၈ လုံးသို့ ဓာတ်အားဖြန့်ဖြူးထားသော ဓာတ်အားလိုင်းဖြစ်သည်။

စကျင်ဓာတ်အားလိုင်းသည် စုစုပေါင်းအရှည် ၁၅ ဒသမ ၆ မိုင်ရှိပြီး ACSR $95mm^2$ ဓာတ်ကြိုးဖြင့် ၆ ဒသမ ၅ မိုင်နှင့် ACSR $35mm^2$ ဓာတ်ကြိုးဖြင့် ၉ ဒသမ ၁၁ မိုင်ဖြစ်ကာ ယခင်က ဓာတ်အားလိုင်းကြိုး သေးငယ်ခြင်းကြောင့် အခက်အခဲမရှိသော်လည်း ယခုအခါ တိုးတက်များပြားလာသော မီးသုံးသူဦးရေကြောင့် ဓာတ်အားခွဲရုံနှင့်ဝေးကွာသော ကျေးရွာအချို့တွင် ဗို့အားလျော့နည်းကျဆင်းခြင်းများဖြစ်နေသဖြင့် New Ever Light ကုမ္ပဏီနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်းကာ ဓာတ်ကြိုးများ အစားထိုးလဲလှယ်ခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဓာတ်အားလိုင်းကြိုး လဲလှယ်ခြင်းအတွက် New Ever Light ကုမ္ပဏီအနေဖြင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့်ပူးပေါင်း၍ ကျပ် ၇ ဒသမ ၉၆သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း (၁၁)ကေဗွီ စကျင်ဓာတ်အားလိုင်းရှိ ACSR $35mm^2$ လိုင်းကြိုး အရှည်နှစ်မိုင်တွင် ACSR $95mm^2$ ကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# အက်ဖ်အေ တတိယအကျော့ပွဲစဉ်မှာ လီဗာပူးနဲ့ ပလိုင်းမောက် တွေ့မည်

ပလိုင်းမောက်အသင်းအနေနဲ့ နယူးပို့တ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပြီးနောက် အက်ဖ်အေဖလား တတိယအကျော့မှာ လီဗာပူးနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အက်ဖ်အေဖလား တတိယအကျော့ပွဲစဉ်အဖြစ် လာမယ့် ဇန်နဝါရီ ၈ ရက်မှာ ပလိုင်းမောက်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမှာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ အာဆင်နယ်က ပရီစတွန်အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ နာမည်ကြီး စပါးကတော့ အက်စ်တွန်ဗီလာနဲ့ ကစားရဖို့ ရှိပါတယ်။ ထို့အတူ ကာဒစ်နဲ့ ဖူလ်ဟမ်၊ စတုတ်နဲ့ ဝုဖ်ဘတ်၊ မန်ယူနဲ့ ရက်ဒင်း၊ ဟားလ်စီးတီးနဲ့ ဆွမ်ဆီး၊ ဆန်းဒါးလန်းနဲ့ ဘန်လေ၊ ချယ်လ်ဆီးနဲ့ လီတာဘိုးရပ်စ်၊ အဲဗာတန်နဲ့ လက်စတာအသင်းတွေလည်း ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အက်ဖ်အေဖလား တတိယဆင့်ပြိုင်ပွဲမှာတော့ ပရီမီယာလိဂ် အသင်းတွေဟာ ဒုတိယတန်းအသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်လို့ နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။



# ဆန်းချက်ဇ်အတွက် တစ်နှစ်ကို ပေါင် ၁၀ သန်း သုံးစွဲသွားမယ်ဆိုတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းအနေနဲ့ တိုက်စစ်မှူး ဆန်းချက်ဇ်ကို အသင်းမှာ ဆက်လက်ထိန်းထားနိုင်ဖို့အတွက် တစ်နှစ်ကို ပေါင် ၁၀ သန်း သုံးစွဲသွားမယ်လို့ ဆိုပါတယ်။ အာဆင်နယ်ဟာ တိုက်စစ်မှူးဆန်းချက်ဇ်ကို စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ဖို့ ညှိနှိုင်းဆွေးနွေးမှုတွေ စတင်ပြုလုပ်နေပြီဖြစ်ပါတယ်။ ချီလီနိုင်ငံသား ဆန်းချက်ဇ်ကို တရုတ်ကလပ်ကလည်း ကမ်းလှမ်းမှုတွေ ပြုလုပ်နေပါတယ်။ လက်ရှိအချိန်မှာ ဆန်းချက်ဇ်ကို အာဆင်နယ်က တစ်ပတ်ကို ပေါင် ၁၈၀၀၀၀ ပေးပြီး ခေါ်ယူထားရာက တစ်ပတ်ကို ပေါင် ၂၀၀၀၀၀ အထိတိုးပေးပြီး ထပ်မံစာချုပ်ဖို့ အာဆင်နယ်က ပြင်ဆင်နေတာကြောင့် အာဆင်နယ်ဟာ ဆန်းချက်ဇ်အတွက် တစ်နှစ်ကို ပေါင် ၁၀ သန်းအထိ အသုံးပြုသွားဖွယ်ရှိနေတာဖြစ်ပါတယ်။

အာဆင်နယ်ဟာ ဆန်းချက်ဇ်ကို ၂၀၁၃ ခုနှစ်မှာ ပေါင်သန်း ၄၀ နဲ့ ခေါ်ယူဖို့ စတင်ကြိုးစားခဲ့ရာမှာ မအောင်မြင်ခဲ့ဘဲ ၂၀၁၄ ခုနှစ်မှာမှ ခေါ်ယူခဲ့ပါတယ်။ ယခုအခါမှာ ဆန်းချက်ဇ်ဟာ အာဆင်နယ်အသင်းနဲ့အတူ အောင်မြင်မှုတွေကို ဆက်လက်ရရှိဖို့ ကြိုးစားနေပါတယ်။ ဆန်းချက်ဇ်ဟာ အာဆင်နယ်အသင်းရဲ့အဓိက တိုက်စစ်မှူးနေရာမှာရှိနေပြီး အရေးပါတဲ့ အနိုင်ဂိုးတွေ အများဆုံး သွင်းယူပေးနေတဲ့ အားထားရတဲ့ တိုက်စစ်မှူးဖြစ်သလို နိုင်ငံအသင်းဖြစ်တဲ့ ချီလီအသင်းအတွက်လည်း အားထားရတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။




# မန်ယူတို့ ပွဲကျပ်ရင်ဆိုင်ရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၈)

ခရစ္စမတ်ကာလရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၈)ကို ဒီဇင်ဘာ ၂၆ ရက်မှာ ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ စောင့်ကြည့်ရမယ့် အသင်းတွေကတော့ မန်ယူနဲ့ ဆန်းဒါးလန်း၊ လက်စတာနဲ့ အဲဗာတန်၊ အာဆင်နယ်နဲ့ ဝက်စ်ဘရွန်းတို့ပဲဖြစ်ပြီး အကြိတ်အနယ်နွှဲရမယ့်ပွဲတွေဖြစ်နေပါတယ်။ မန်စီးတီးတို့ကတော့ အဝေးကွင်းမှာ ဟားလ်စီးတီးနဲ့ ကစားရမှာဖြစ်တာမို့ အမှတ်ပြည့်ဆောင်ကြဉ်းဦးမယ့် အနေအထားပါပဲ။

### မန်ယူနှင့် ဆန်းဒါးလန်း

ဆန်းဒါးလန်းဟာ မန်ယူကို အကျပ်တွေ့အောင် ကစားတတ်ပြီး အနိုင်ရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဆန်းဒါးလန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတာမို့ အခုပွဲမှာတော့ ခြေတက်နေတဲ့ မန်ယူဟာ အဲဒီရှုံးကြွေးကို အပြည့်အဝပြန်ဆပ်ပါလိမ့်မယ်။ ဆန်းဒါးလန်းတို့ကလည်း ရှုံးပွဲဆက်နေရာက နိုင်ပွဲပြန်ရလာတာကြောင့် မန်ယူတို့ အိမ်ကွင်းဆိုပေမယ့် သတိထားကစားမှရပါလိမ့်မယ်။ ဂိုးမပြတ်ပေမယ့် မန်ယူရဲ့နိုင်ပွဲပါပဲ။

### အာဆင်နယ်နှင့် ဝက်စ်ဘရွန်း

မန်စီးတီးနဲ့ အဲဗာတန်အသင်းတွေကို ဆက်တိုက်ရှုံးပွဲကြုံတွေ့ထားတဲ့ အာဆင်နယ်ဟာ အခုပွဲက အိမ်ကွင်းလည်း ဖြစ်တာမို့ ရမှတ်သုံးမှတ်ရရှိရေး ခြေကုန်ထုတ်ပါလိမ့်မယ်။ ဝက်စ်ဘရွန်းတို့ကလည်း အဝေးကွင်းမှာ ရလဒ်မတည်ငြိမ်တဲ့အပြင် ကစားအားလည်း ကျသွားတတ်တာမို့ ဒီပွဲမှာ သေသေချာချာပြင်ဆင်ကစားလာမှာပါ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲမှာတော့ အာဆင်နယ်က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အာဆင်နယ်တို့ နိုင်ပွဲကို ပြန်လည်ဖော်ထုတ်မှာဖြစ်ပါတယ်။

### ချယ်လ်ဆီးနှင့် ဘုန်းမောက်

တန်းစီဇယားကိုဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ ရာသီကုန် ချန်ပီယံဖြစ်ဖို့အတွက် ဒီပွဲကို မဖြစ်မနေ အနိုင်ရအောင် ကစားပါလိမ့်မယ်။ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ချယ်လ်ဆီးဟာ တိုက်စစ်အားကောင်းပေမယ့် ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာကို ပြုပြင်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ရဲ့လက်ရှိခြေစွမ်းက အားရစရာမရှိတာကြောင့် ချယ်လ်ဆီးတို့ အသာစီးရယူသွားပါလိမ့်မယ်။ ဒါပေမယ့် လက်စတာကို အနိုင်ယူထားတဲ့ ဘုန်းမောက်က မထင်မှတ်ဘဲ ခြေစွမ်းပြနိုင်တာမို့ ချယ်လ်ဆီးတို့ အလေးထားကစားရပါလိမ့်မယ်။ အကြိုက်က ချယ်လ်ဆီးဖြစ်ပြီး အနိုင်လည်း ချယ်လ်ဆီးပဲ ဖြစ်ပါလိမ့်မယ်။

### လက်စတာနှင့် အဲဗာတန်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ လက်စတာက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပေမယ့် လက်စတာရဲ့လက်ရှိခြေစွမ်းက အားရစရာတော့မရှိပါဘူး။ ရှုံးပွဲတွေများနေတဲ့ အဲဗာတန်ရဲ့ အားထုတ်မှုကလည်း လက်စတာရဲ့ လက်ရှိစွမ်းဆောင်မှုကိုတောင် ယှဉ်နိုင်ဖို့ ခက်ခဲပါတယ်။ နိုင်ပွဲပြန်ဖော်ထုတ်မယ့် လက်စတာရဲ့ ကြိုးစားမှုကိုပဲ ဒီပွဲမှာ ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

### ဘန်လေနှင့် မစ်ဒယ်ဘရော့

တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ ဘန်လေတို့ ဒီပွဲမှာတော့ ခြေကုန်ထုတ်တော့မှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့တို့က ရှုံးပွဲဆက်နေရာက နိုင်ပွဲပြန်ရလာတာမို့ အဝေးကွင်းဆိုပေမယ့် အမှတ်ဆုံးရှုံးမှုမရှိအောင် အားထုတ်လာပါလိမ့်မယ်။ ဘန်လေတို့က စပါးနဲ့ ဝက်စ်ဟမ်းကို ဆက်တိုက်ရှုံးပွဲတွေ ရထားတာမို့ အခုပွဲမှာ ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီနှစ်သင်းက ခြေစွမ်းတူနေတာမို့ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

### ဝက်ဖို့ဒ်နှင့် ခရစ္စတယ်ပဲလေ့စ်

နှစ်သင်းစလုံးရှုံးပွဲဆက်နေတာမို့ ဒီပွဲမှာ အမှတ်ပြည့်ရရှိရေး အပြိုင်ကြိုးစားပါလိမ့်မယ်။ ပဲလေ့စ်ဟာ ဝက်ဖို့ဒ်ကို နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း အဲဒီရလဒ်မျိုး ထွက်ပေါ်အောင် ကြိုးစားမှာပါ။ တိုက်စစ်ရော ခံစစ်မှာပါ အားနည်းချက်ရှိနေတဲ့ဝက်ဖို့ဒ်ကို ပဲလေ့စ်တို့ အသာစီးရသွားနိုင်ပါတယ်။

### ဟားလ်စီးတီးနှင့် မန်စီးတီး

ဟားလ်စီးတီးတို့ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ မန်စီးတီးတို့ကတော့ အာဆင်နယ်ရော ဝက်ဖို့ဒ်ကိုပါ နိုင်ပွဲဆက်တိုက်ရအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ဟားလ်စီးတီးကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ အမှတ်လိုအပ်နေတဲ့ မန်စီးတီးတို့ ဒီပွဲမှာ အမှတ်ပြည့်ယူပါလိမ့်မယ်။

### ဆွမ်ဆီးနှင့် ဝက်စ်ဟမ်း

ဝက်စ်ဟမ်းတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပါဘူး။ ဆွမ်ဆီးတို့က ခံစစ်ပိုင်းအမှားအယွင်းများပြီး နားလည်မှုတွေ လွဲမှားနေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးတိုက်စစ်မှူးတွေက ဂိုးခြေမြူးရင် တားဆီးရခက်ခဲတာမို့ ဝက်စ်ဟမ်းတို့ ပွဲမချောင်ပါဘူး။ ဒီပွဲက အမှတ်ခွဲရယူကိန်း ဆိုက်သွားနိုင်ပါတယ်။ သို့ပေမယ့် ဝက်စ်ဟမ်းအနေနဲ့ အဝေးကွင်းရလဒ်ကောင်းတွေလည်း ရသွားနိုင်ပါတယ်။ ။

မိုးမြင့်လင်းလက်

# မန်ယူနဲ့ ထပ်မံစာချုပ်သွားဖို့ ဆန္ဒရှိနေကြောင်း မော်ရင်ဟိုပြောကြား

မော်ရင်ဟိုက သူ့အနေနဲ့ အသင်းကို ရေရှည်တိုးတက်အောင်မြင်တဲ့အသင်းဖြစ်စေဖို့အတွက် ထပ်မံစာချုပ်သွားဖို့ ဆန္ဒရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။ ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုက မန်ယူနဲ့ သုံးနှစ်စာချုပ်ထားရာမှာ ခြောက်လသာ အသင်းကို ကိုင်တွယ်ရပါသေးတယ်။ သူ့အနေနဲ့ မန်ယူမှာ သုံးနှစ်ထက် ဆက်လက်နေနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါ။ လက်ရှိ မန်ယူရဲ့ အနေအထားအရဆိုရင်တော့ မော်ရင်ဟိုဟာ မန်ယူနဲ့ မြဲဖို့ မသေချာတဲ့အနေအထားပါပဲ။ မန်ယူရဲ့အောင်မြင်မှုတွေ များများရမှသာ မော်ရင်ဟိုနဲ့ အိုးထရက်ဖို့ဒ်တို့ ရေရှည်လက်တွဲသွားနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဟာ မန်ယူမှာ သုံးနှစ်ထက် ပိုနေနိုင်မယ့် အနေအထား မရှိပါဘူး။ လက်ရှိအခြေအနေမှာ နည်းပြမော်ရင်ဟိုအနေနဲ့ လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလမှာ ကစားသမားသုံးဦး ဖြည့်ဆည်းဖို့ လိုအပ်နေတယ်လို့ ဆိုပါတယ်။ မန်ယူကို အကောင်းဆုံးအသင်း ပြန်ဖြစ်လာစေဖို့ မော်ရင်ဟိုအနေနဲ့ ပုံဖော်သွားရမယ့်အနေအထားရှိနေပါတယ်။



# အူရီဒူးနှင့် တယ်လီနောတို့က မြို့အသီးသီးတွင် 4G ကွန်ရက် တိုးချဲ့ဖြန့်ကြက်ဝန်ဆောင်မှုပေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်ပမှ လာရောက်လုပ်ကိုင်နေသည့် ဆက်သွယ်ရေးအော်ပရေတာနှစ်ခုဖြစ်သော အူရီဒူးနှင့် တယ်လီနောတို့သည် မြန်မာနိုင်ငံရှိ မြို့အချို့တွင် ၎င်းတို့၏ 4G နက်ဝပ်ကွန်ရက်များကို တိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အူရီဒူးက မြို့အချို့တွင် မကြာမီအတွင်း စတင်ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး တယ်လီနောက ဒီဇင်ဘာ တတိယပတ်အတွင်းမှစ၍ မြို့အချို့တွင် တိုးချဲ့ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် 4G ကွန်ရက်ဝန်ဆောင်မှုကို ပထမဆုံးအဖြစ် နေပြည်တော်၌ စတင်ပေးအပ်နိုင်ခဲ့သော အူရီဒူးမြန်မာသည် မကြာမီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူးနှင့် ရေနံချောင်းမြို့များတွင် 4G ကွန်ရက်ကို စတင်ဖြန့်ကြက်ပြီး ဝန်ဆောင်မှုပေးတော့မည်ဖြစ်သည်။ အဆိုပါမြို့များတွင် 4G ကွန်ရက် စတင်ဝန်ဆောင်မှုပေးမည့်အချိန်တွင် သုံးစွဲသူများ အဆင်ပြေစေရန်အတွက် ဟန်းဆက်အဟောင်းများကို 4G အသုံးပြုနိုင်သော ဟန်းဆက်သစ်များနှင့် လဲလှယ်ဝယ်ယူနိုင်သည့် အစီအစဉ်ကိုလည်း အူရီဒူးမြန်မာနှင့် New China Great Wall ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့များတွင် နေထိုင်သူများ၏ လက်ရှိအသုံးပြုနေသော ကီးပက်ဖုန်းများနှင့် 2G နှင့် 3G စမတ်ဖုန်း ဟန်းဆက်များကို အူရီဒူး၏ Smart 12 4G Lux Star ဟန်းဆက်အသစ်နှင့် လဲလှယ်ဝယ်ယူနိုင်မည့် အစီအစဉ်ကို ပြုလုပ်ပေးထားခြင်းဖြစ်ပြီး အဆိုပါအစီအစဉ်အရ ၁၂ လတိုင်တိုင် အပိုငွေဖြည့်လက်ဆောင်များကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟန်းဆက်အဟောင်းနှင့်အသစ် လဲလှယ်ဝယ်ယူသည့် အစီအစဉ်အရ အူရီဒူးအမှတ်တံဆိပ် ကီးပက်ဟန်းဆက် သို့မဟုတ် စမတ်ဖုန်းဟန်းဆက်ကို 4G ဟန်းဆက်အသစ်ဖြင့် လဲလှယ်ဝယ်ယူမည်ဆိုပါက ဟန်းဆက်အဟောင်းသည် ဆက်လက်အသုံးပြု၍ ရနေသေးလျှင် ကီးပက်ဟန်းဆက်အတွက် ကျပ် ၁၁၀၀၀ နှင့် စမတ်ဖုန်းဟန်းဆက်အတွက် ကျပ် ၂၀၀၀၀ လျှော့ဈေးဖြင့် 4G ဟန်းဆက်အသစ်ကို ဝယ်ယူခွင့်ရရှိမည်ဖြစ်ကာ ဟန်းဆက်သည် အသုံးပြု၍ မရတော့ပါက ကီးပက်ဟန်းဆက်အတွက် ကျပ် ၈၀၀၀ နှင့် စမတ်ဖုန်းဟန်းဆက်အတွက် ကျပ် ၁၁၀၀၀ ကို ဟန်းဆက်သစ်ဝယ်ယူရာတွင် လျှော့ဈေးအနေဖြင့် ရရှိမည်ဖြစ်သည်။

အခြားအမှတ်တံဆိပ်ဟန်းဆက်များကို အသုံးပြုသူများအနေဖြင့်လည်း လက်ရှိဟန်းဆက်များကို အူရီဒူးမြန်မာ၏ Smart 12 4G Lux Star စမတ်ဖုန်းဖြင့် လာရောက်လဲလှယ်ဝယ်ယူနိုင်မည်ဖြစ်ကာ လဲလှယ်ဝယ်ယူလိုသည့် ဟန်းဆက်သည် ကောင်းနေသေးလျှင် ကီးပက်ဟန်းဆက်အတွက် ကျပ် ၁၀၀၀၀ နှင့် စမတ်ဖုန်းဟန်းဆက်အတွက် ကျပ် ၁၈၀၀၀ ကိုလည်းကောင်း၊ ဟန်းဆက်များ မကောင်းတော့ပါက ကီးပက်ဟန်းဆက်အတွက် ကျပ် ၆၀၀၀ နှင့် စမတ်ဖုန်းဟန်းဆက်အတွက် ကျပ် ၁၀၀၀၀ လျှော့ဈေးဖြင့်လည်းကောင်း အူရီဒူးဟန်းဆက်အသစ်ကို ဝယ်ယူနိုင်မည်ဖြစ်သည်။

"ကျွန်မတို့အနေနဲ့ သုံးစွဲသူများအဆင်ပြေစေရန်အတွက် ဟန်းဆက်ဟောင်းများပြန်လည်ဝယ်ယူကာ ဟန်းဆက်သစ်နဲ့ လဲလှယ်နိုင်မယ့်အစီအစဉ်ကို ကမ်းလှမ်းပေးလိုက်နိုင်လို့ ဝမ်းမြောက်ရပါတယ်။ သုံးစွဲသူတွေအတွက် ကုန်ကျစရိတ်သက်သာအောင် ပြုလုပ်ပေးနိုင်ရုံမျှမက တစ်ပြိုင်တည်းမှာပဲ အူရီဒူး 4G ကွန်ရက် အသုံးပြုနိုင်ဖို့အတွက် 4G ဟန်းဆက်အသစ် ဝယ်ယူအသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။ ကျွန်မတို့ အလုပ်လုပ်ကိုင်ရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုကို ထည့်သွင်းစဉ်းစားကာ အကောင်အထည်ဖော်ပေးလိုက်တဲ့ ပဏာမခြေလှမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အသုံးပြုလို့မရတော့တဲ့ ဟန်းဆက်ဟောင်းတွေကို ပြန်လည်ဝယ်ယူပြီးတော့ ထုတ်လုပ်မှုလုပ်ငန်းတွေမှာ ကုန်ကြမ်းအဖြစ် တစ်ဖန်ပြန်လည်အသုံးပြုနိုင်ရန်အတွက် recycle လုပ်တဲ့ ကုမ္ပဏီကို ပြန်လည်ပေးပို့သွားမှာဖြစ်ပြီး အသုံးပြုလို့ရနေသေးတဲ့ ဟန်းဆက်တွေကို အူရီဒူးဆင်းကတ်လက်ဆောင်နဲ့အတူ ဝေးလံတဲ့ တောင်တန်းဒေသမှာ လူမှုဖွံ့ဖြိုးဖို့အတွက် လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Charity Safford က ပြောသည်။

ဟန်းဆက်ဟောင်းများနှင့် လဲလှယ်ဝယ်ယူနိုင်မည့် Smart 12 4G Lux Star မှာ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မည်ဖြစ်ပြီး အဖြူနှင့် ရွှေရောင် အရောင်နှစ်မျိုး ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး RAM 1GB နှင့် အင်တာနယ်မင်မိုရီ 8GB ပါဝင်မည်ဖြစ်ကာ external SD ကတ် ထိုးစိုက်အသုံးပြုနိုင်ကြောင်း၊ ကင်မရာပိုင်းတွင် ၁၃ မဂ္ဂါပစ်ဇယ်ရှိ နောက်ကင်မရာ ပါဝင်မည်ဖြစ်ပြီး တစ်နှစ်အာမခံရရှိမည်ဖြစ်ကာ ဈေးနှုန်းမှာ ၁၁၉၉၉၉ ကျပ်ဖြစ်ကြောင်း သိရသည်။ အဆိုပါဟန်းဆက်ကို အူရီဒူးဆင်းကတ်နှင့်တွဲ၍ အသုံးပြုသူများအနေဖြင့် လစဉ် ၅၀၀၀ ကျပ် ဖုန်းငွေဖြည့်တိုင်း တစ်လလျှင် ငွေဖြည့်အပိုလက်ဆောင် ၁၀၀၀၀ ကျပ်ကို ၁၂ လတိုင်တိုင် ရရှိမည်ဖြစ်ပြီး လက်ဆောင်ရငွေကို အူရီဒူးဖုန်းအချင်းချင်း ခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်းနှင့် အခြေခံအင်တာနက်ကို အသုံးပြုခြင်းတို့အတွက် သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟန်းဆက်လဲလှယ်ဝယ်ယူနိုင်မည့် အစီအစဉ်ကို ဒီဇင်ဘာ ၂၅ ရက်မှစ၍ ဇန်နဝါရီ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး မကွေးမြို့ရှိ အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင်၊ မျိုးသိန်း Mobile၊ ကောင်းမြတ် Mobile၊ Bestone Mobile၊ One Mobile House(ဗိုလ်ချုပ်လမ်း)၊ ကောင်းမွန် စူပါမားကတ်၊ One Mobile House(ပြည်တော်သာလမ်း)၊ ဟသ်ာညီနောင် စုစုပေါင်း ရှစ်ဆိုင်နှင့် ရေနံချောင်းမြို့တွင် စိန်မေတ္တာ Mobile၊ မင်းဘူးမြို့တွင် ဟသ်ာညီနောင် အမှတ်(၃) ဆိုင်များ၌ သွားရောက်လဲလှယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာကလည်း 4G ကွန်ရက်ဝန်ဆောင်မှုများကို တိုးမြှင့်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးသုံးမြို့တွင် ဒီဇင်ဘာ တတိယပတ်အတွင်းမှစ၍ 4G ဝန်ဆောင်မှုများ စတင်တိုးချဲ့ပေးနေပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင်လအတွင်းက နေပြည်တော်တွင် 4G ဝန်ဆောင်မှုများကို စတင်မိတ်ဆက်နိုင်ပြီးနောက် နောက်ဆက်တွဲအနေဖြင့် ပြည်မြို့၊ ပဲခူးမြို့နှင့် တောင်ငူမြို့တို့တွင် 4G ဝန်ဆောင်မှုများကို တိုးချဲ့ဖြန့်ကြက်ခြင်းဖြစ်ကြောင်း၊ ပြည်မြို့၌ ဒီဇင်ဘာ ၂၀ ရက်တွင် 4G ကွန်ရက် စတင်ခဲ့ပြီး ယင်းအထိမ်းအမှတ်အဖြစ် တယ်လီနော၏ ဝန်ဆောင်မှုများကို အသုံးပြုသူများနှင့် ဖြန့်ချိရောင်းချသူများ သိရှိစေရန် တယ်လီနောဝန်ထမ်းများက ပြည်မြို့နေရာအနှံ့အပြားတွင် လိုက်လံရှင်းလင်းပြောကြားခဲ့ကာ တယ်လီနော၏ ဆင်းကတ်အဟောင်းများကို မြန်နှုန်းမြင့် USIM ကတ်များဖြင့် လဲလှယ်သူများကိုလည်း 500 MB အင်တာနက်သုံးခွင့်များ ပေးအပ်ခဲ့ကြောင်း၊ တယ်လီနောဆင်းကတ် အသုံးပြုသူများ ချက်ချင်းမှတ်ပုံတင်နိုင်ရန်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့အတူ ပဲခူးမြို့နှင့် တောင်ငူမြို့တို့တွင်လည်း 4G ကွန်ရက် တိုးချဲ့ဖြန့်ကြက်ခြင်း အထိမ်းအမှတ် အစီအစဉ်များကို ဒီဇင်ဘာ ၂၃ နှင့် ၂၄ ရက်များတွင် တယ်လီနောက ဆက်လက်ပြုလုပ်ခဲ့သည်။

"ဒေတာအသုံးပြုမှုနှုန်းက မြန်မာနိုင်ငံမှာ အလွန်မြင့်မားလာနေပြီး မိုဘိုင်းဒေတာကို ပိုမိုအသုံးပြုလာနေကြတာကို တွေ့နေကြရပါပြီ။ လက်ရှိမှာ တယ်လီနောအသုံးပြုသူအားလုံးရဲ့ ၆၄ ရာခိုင်နှုန်းက ဒေတာအသုံးပြုသူတွေ ဖြစ်နေပါတယ်။ လာမယ့်လပိုင်းအတွင်းမှာ နောက်ထပ်မြို့တွေမှာလည်း 4G ကွန်ရက်ကို ဆက်လက်တိုးချဲ့သွားမှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

တယ်လီနောအနေဖြင့် မြန်မာနိုင်ငံတွင် ကွန်ရက်လွှမ်းခြုံမှု ပိုကောင်းလာရန်၊ အရည်အသွေး ပိုမိုကောင်းမွန်လာရန်နှင့် 4G ဝန်ဆောင်မှုများ ပေးအပ်သွားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ပထမသုံးလပတ်တွင် ရရှိမည့် 1800 MHz ကြိမ်နှုန်းက ပိုမိုမြန်နှုန်းမြင့်သည့် စွမ်းဆောင်ရည်ရှိပြီး စစ်မှန်သည့် 4G အတွက် လမ်းကြောင်းဖော်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်အတွင်း အခြားမြို့များသို့ 4G ကွန်ရက် ဆက်လက်ဖြန့်ကြက်သွားရန် ရည်မှန်းထားကြောင်းလည်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ဆမ်ဆောင်းစမတ်နာရီ မော်ဒယ်သစ် Gear S3 ကို ပြည်တွင်း၌ စတင်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

စမတ်နာရီများကို ပြည်တွင်းဈေးကွက်၌ စိတ်ဝင်စားမှုများလာချိန်တွင် ခေတ်မီဆန်းပြားသည့် အရည်အသွေးမြှင့်တင်ထားသော လုပ်ဆောင်ချက်များ ပါဝင်သည့် ဆမ်ဆောင်း Gear S3 စမတ်နာရီမော်ဒယ်သစ်ကို ဆမ်ဆောင်းမြန်မာက ပြည်တွင်းဈေးကွက်၌ ဒီဇင်ဘာ ဒုတိယပတ်အတွင်းက စတင်မိတ်ဆက်ခဲ့သည်။



ဆမ်ဆောင်းGear S3 စမတ်နာရီကို အကြမ်းခံနိုင်သော Gear S3 Frontier နှင့် လုပကျော့ရှင်းပြီး ခေတ်ရေ့ပြေးသော Gear S3 Classic ဟူ၍ ဒီဇိုင်းနှစ်မျိုးထုတ်လုပ်ထားသည်။ ဒီဇိုင်းနှစ်မျိုးစလုံးကို သမားရိုးကျ နာရီထုတ်လုပ်သူများထံမှ စံနမူနာယူပြီး ဒီဇိုင်းပိုင်းတွင် မွမ်းမံဆန်းသစ်မှုများ ပြုလုပ်ဖန်တီးထားကာ Samsung ၏ အမှတ်အသားဖြစ်သော စက်ဝိုင်းပုံသဏ္ဌာန် နာရီဘေးပေါင်နှင့် နာရီမျက်နှာပြင်တွင် လက်မှုပညာဖြင့် အသေးစိတ်ဖန်တီးထားမှုများ ထည့်သွင်းပြုလုပ်ထားကြောင်း၊ သုံးစွဲသူများအနေဖြင့် နာရီမျက်နှာပြင်ကို စိတ်တိုင်းကျ ဖန်တီးနိုင်မည်ဖြစ်ကာ ဝတ်ဆင်သူနှင့် လိုက်ဖက်ညီမည့် နာရီလက်ပတ်ကြိုးကိုလည်း ပြောင်းလဲတပ်ဆင်နိုင်မည်ဖြစ်ကြောင်း၊ သာမန်စမတ်နာရီများသည် အသုံးမပြုချိန်တွင် မျက်နှာပြင်အမည်းရောင်ဖြစ်သွားခြင်းအစား အချိန်ကို အမြဲပြနေမည့် Always On Watch လုပ်ဆောင်ချက်ကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

Gear S3 စမတ်နာရီကို နောက်ဆုံးပေါ် မိုဘိုင်းနည်းပညာများဖြင့် ပြုလုပ်ထားကာ ရေနှင့် ဖုန်ဒဏ်တို့မှ ကာကွယ်နိုင်ရန်နှင့် အကြမ်းခံနိုင်ရန်လည်း ပြုလုပ်ထားကြောင်း၊ အခြားလုပ်ဆောင်ချက်များအနေဖြင့် GPS၊ နာရီဝတ်ဆင်ထားသူ၏ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများ၊ အမြင့်နှင့် လေထုဖိအားကဲ့သို့သော ပြင်ပအခြေအနေ ရုတ်တရက်ပြောင်းလဲမှုများ၊ ရာသီဥတု၊ အကွာအဝေး ခရီးနှင့် အရှိန်များ ရုတ်တရက်ပြောင်းလဲမှုတို့ကို စောင့်ကြည့်နိုင်သည့် SHealth, Alti/barometer နှင့် Speedometer ကဲ့သို့သော အက်ပလီကေးရှင်းများကိုလည်း ထည့်သွင်းထားကြောင်း၊ ဘက်ထရီပိုင်းတွင် တစ်ကြိမ်အားသွင်းထားလျှင် လေးရက်ဆက်တိုက် သုံးစွဲနိုင်သည့် ကြာရှည်ခံဘက်ထရီကို ထည့်သွင်းထားကြောင်း သိရသည်။

Samsung Gear S3 စမတ်နာရီသစ်ကို ပြည်တွင်းဈေးကွက်၌ ကျပ် ၄၂၉၀၀၀ ဖြင့် ဆမ်ဆောင်းမြန်မာက ရောင်းချနေပြီဖြစ်ပြီး Gear S3 Frontier ကို မီးခိုးရင့်ရောင် ဒီဇိုင်းဖြင့်လည်းကောင်း၊ Gear S3 Classic ကို ငွေရောင် ဒီဇိုင်းဖြင့်လည်းကောင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းက Linux Server နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Linux Server နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် Linux Server Administration and Scripting နည်းပညာသင်တန်းကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို Linux နည်းပညာနှင့်ပတ်သက်၍ အခြေခံ သိရှိထားသူများသာ တက်ရောက်နိုင်မည်ဖြစ်ကာ ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများ၊ ကုမ္ပဏီများတွင် Network Engineer နှင့် IT Officer များအဖြစ် အလုပ်လုပ်ကိုင်လိုသူများနှင့် မြန်မာနိုင်ငံအခြေစိုက် ပြည်ပကုမ္ပဏီများတွင် Linux Server Administrator အဖြစ် အလုပ်လုပ်လိုသူများ တက်ရောက်သင့်သောသင်တန်းဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် Linux Server Administration ပိုင်းကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်အထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server Administrator တစ်ယောက်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကာ နိုင်ငံတကာ အသိအမှတ်ပြု CompTIA Linux +, LPI, Novel Linux စသည့် စာမေးပွဲများကို ဖြေဆိုနိုင်ရန်လည်း ကိုယ်တိုင်ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ ညနေပိုင်းတွင် ဖွင့်လှစ်၍ ဆရာ ဦးစိုင်းတင်မင်းလှူက ပို့ချမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်နှစ်သိန်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ်တစ်သိန်းဖြစ်ကြောင်း သိရသည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# ထိုင်းနှင့်မလေးရှား ဖုန်းခေါ်ဆိုမှု ပရိုမိုးရှင်းများ တယ်လီနောစတင်ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်တွင်း၌ တယ်လီနောဖုန်းဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ်များကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ယူဆောင်အသုံးပြုလျှင်လည်းကောင်း၊ ပြည်တွင်းမှ အဆိုပါနိုင်ငံများသို့ ဖုန်းခေါ်ဆိုခြင်းများအတွက်လည်းကောင်း ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်မည့် ပရိုမိုးရှင်းအစီအစဉ်များကို တယ်လီနောမြန်မာက ဒီဇင်ဘာ ၂၀ ရက်က စတင်ပြုလုပ်ထားကြောင်း သိရသည်။

အဆိုပါ ပရိုမိုးရှင်းအစီအစဉ်အရ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ကြသည့် မြန်မာနိုင်ငံမှ တယ်လီနောသုံးစွဲသူများအတွက် တစ်ကြိမ်စာရင်းပေးသွင်းခ ၅၀၀ ကျပ် ပေးသွင်းပြီးနောက် ၂၄ နာရီအတွင်း အဆိုပါနိုင်ငံများအတွင်းမှ မည်သည့်ဖုန်းနံပါတ်ကိုမဆို (ထိုင်းနိုင်ငံတွင် dtac၊ True နှင့် AIS ၊ မလေးရှားနိုင်ငံတွင် MAXIS၊ Celcom နှင့် digi တို့သို့) ဖုန်းခေါ်ဆိုခြင်းအတွက် တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့် ခေါ်ဆိုနိုင်မည်ဖြစ်ကာ ထိုနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဖုန်းနံပါတ်သို့မဆို ဖုန်းခေါ်ဆိုလျှင်လည်း တစ်မိနစ်လျှင် ၁၅၀ ကျပ်နှုန်းဖြင့် ခေါ်ဆိုခြင်း၊ ဖုန်းအဝင်လက်ခံခြင်းအတွက် တစ်မိနစ်လျှင် ၅၀ ကျပ်နှုန်းထားဖြင့် လက်ခံပြောဆိုခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ စာတိုပေးပို့မှုများအတွက်လည်း SMS တစ်စောင်လျှင် ၁၅ ကျပ်နှုန်းထားဖြင့် ပေးပို့နိုင်မည်ဖြစ်ပြီး အဝင်စာတိုများကို အခမဲ့လက်ခံနိုင်မည် ဖြစ်သည်။ အင်တာနက်ဒေတာ အသုံးပြုခအနေနှင့်လည်း တစ်မီဂါဘိုက်လျှင် ရှစ်ကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုကို နံပါတ် '500' သို့ TMROAM ဟု စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ My Telenor App မှလည်းကောင်း စာရင်းပေးသွင်းနိုင်ပြီး ကြိုတင်ငွေဖြည့် (prepaid) အသုံးပြုသူများအနေဖြင့် *979*2*5*2# သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံမှ တယ်လီနောအသုံးပြုသူများက ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ dtac နှင့် digi ကွန်ရက်များကို အသုံးပြုနေသော မိသားစုဝင်များ၊ သူငယ်ချင်းများထံသို့ ဆက်သွယ်နိုင်မည့် အခြားပရိုမိုးရှင်းအစီအစဉ်တစ်ခုကိုလည်း ပြုလုပ်ထားပြီး ထိုအစီအစဉ် ရယူအသုံးပြုပါက ထိုင်းနိုင်ငံမှ dtac နှင့် မလေးရှားနိုင်ငံမှ digi နက်ဝပ် အသုံးပြုသည့် ဖုန်းများသို့ တစ်မိနစ်လျှင် ၅၀ ကျပ်နှုန်းဖြင့် ဖုန်းခေါ်ဆိုခြင်း၊ SMS တစ်စောင်လျှင် ၁၅ ကျပ်နှုန်းဖြင့် ပေးပို့ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုကို ရယူရန်အတွက် '500' သို့ TMIDD ဟု စာတိုပေးပို့ရမည်ဖြစ်ကာ Prepaid အသုံးပြုသူများအနေဖြင့် *979*2*5*1# သို့ ဆက်သွယ်၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ တစ်ကြိမ် စာရင်းပေးသွင်းခမှာ ကျပ် ၁၀၀၀ ဖြစ်ပြီး စာရင်းတစ်ကြိမ်သွင်းပြီးပါက ရက် ၃၀ အတွင်း အဆိုပါ အထူးနှုန်း ဝန်ဆောင်မှုကို ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း KBZ BANK အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၁–၂၀၁၂) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"**

(၂၀၁၂–၂၀၁၃) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"**

(၂၀၁၃–၂၀၁၄) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၆၂.၆၆ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"**

(၂၀၁၄–၂၀၁၅) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၀၁၃.၆၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"**

(၂၀၁၅–၂၀၁၆) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၉၅၉.၈၃ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သောကြောင့် ဝင်ငွေခွန် **"ပထမ"**

(၅)နှစ်ဆက် ရရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅) ရက်နေ့ သတင်းထုတ်ပြန်ကြေငြာချက်အရ သိရှိရပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆထက် ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

STRONG SOURCE
CONSTRUCTION CO.,LTD.

ဦးစိုးနိုင်
အုပ်ချုပ်မှုဒါရိုက်တာ

**ဒိုးလေး**
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Since 1996
**ပုလဲ**
(သုငယ်တန်းမှ ၁၀တန်း)
တက္ကသိုလ်ဝင်အောင်ချက် ပုဂ္ဂလိကကျောင်းအားလုံးတွင်
၂၀၁၅ ရန်ကုန်မြောက်ပိုင်းခရိုင်လုံး ဒုတိယ
၂၀၁၅/၂၀၁၆ ရန်ကုန်၊ မင်္ဂလာဒုံ ပထမ
**ဆရာဝန်များဦးစီးသော**
**စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**
မိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။
(၈) တန်းအစိုးရစစ် အထူးလေ့ကျင့်ပေးသည်။ (၉) တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀) တန်း (၄) ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၇၇၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂





# "အထူးဝမ်းမြောက်ဂုဏ်ယူခြင်း"

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနမှ တာဝန်ယူတည်ဆောက်သည့် ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ အထပ်မြင့်အိမ်ရာ "ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ" ဖွင့်လှစ်နိုင်ခြင်းအတွက် အထူး ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးနေမျိုးနိုင် + ဒေါ်အေးအေးလတ်

CHANTHA SHWE MYAY
CTSM
ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်

ရောချမ်းသာမိသားစု


မဟာ
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

ပြောင့်စင်းလှပစိတ်တိုင်းကျရမည်...
**ဒဿာရီ**
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝပဲကျွတ်စေရ
09- 261111550
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ
ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေတ္တာလက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**တိုက်ခန်းသစ်ရောင်းရန်(BCCကျပြီး)**
၁။ (15'x54') ထပ်ခိုးပါ၊ မြေညီထပ်၊ ဒုထပ်၊ ဒေဝဒဟလမ်းမ၊ ရတနာလမ်း၊ ဂုတ်ကွက်၊ ၁၃/တောင်ဥက္ကလာပ။
၂။ (18'x54') မြေညီထပ်၊ မိဂသီ(၁၈)လမ်း၊ ၁၂/တောင်ဥက္ကလာပ။
Ph:09-73096497,09-790888090,09-250415559

အမြန်ရောင်းမည်
အလုံလမ်းမပေါ်ရှိ Orchid Condo
2050 sqft Master Bed (3) ခန်း
ပြင်ဆင်ပြီး
ဆက်သွယ်ရန် : 0973034355


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၆၀၆၂၇ Honda Dream C/M ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၉/မထလ(နိုင်)၀၈၀၂၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**


**အောင်ပိုးခေ**
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
၀၉ ၂၅၃၂၆၆၆၆၅၊ ၀၉ ၂၅၀၅၅၄၇၉၃ ၊ ၀၉ ၂၅၆၂၆၃၂၆၄

FAME
**Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010682(0816)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**MilkThistle**
Potent Antioxidant for Liver
အသည်းဆေး
TMR 007176 (0716)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721



# ဓမ္မပူဇာ အထူးတရားပွဲ ကျေးဇူးတင်လွှာ



ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်မြို့ ၊ သာသနဒ္ဓဇ်ဗိမာန်တော်ကြီး၌ (၁၀. ၁၂. ၂၀၁၆) စနေနေ့မှ (၁၁. ၁၂. ၂၀၁၆) တနင်္ဂနွေနေ့အထိ (၂) ရက်တိုင်တိုင် ကျင်းပပြုလုပ်သော ဓမ္မပူဇာအထူးတရားပွဲ၌ ပုသိမ်မြို့အပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မှီတင်းနေထိုင်ကြသော တရားချစ်ခင် ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့အား **တိုက်ခွဲ (၃၂) သဲအင်းဂူ ဝိပဿနာ ဓမ္မရိပ်သာကြီးများ၏ ဦးစီးပဓာန နာယက ၊ ယောနသံစင်ယော်နှင့် သောတာပတ္တိမဂ် (ရှမ္မယ်) ကျမ်းပြုဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ကျေးဇူးတော်ရှင် ဘဒ္ဒန္တ စန္ဒိမာ (အောင်လံ)** မှ ကာယာနုပဿနာ သတိပဋ္ဌာန် တရားတော်နှင့် ဝေဒနာမှ တဖျာ ဖြတ်ကျင့်စဉ် တရားတော်များကို မေတ္တာကရုဏာ ရှေ့ထား၍ ဟောကြားပေးတော်မူခြင်းအား လည်းကောင်း ၊ ဆရာတော်ကြီး၏ တရားတော်များကို နာကြားနိုင်စေရန် စေတနာ အရင်းခံထား၍ လှူဒါန်းသော တရားပွဲအလှူရှင် **အလှူ့ဒါယကာ ဦးဇော်မင်းထွဋ် + အလှူ့ဒါယိကာမ ဒေါ်တင်မာစန်း သမီး မရွှေစင်ဝင်းရည် ၊ မငွေစင်လင်းကြည် (ရွှေလာငွေလာကုမ္ပဏီ လီမိတက်) မိသားစု** တို့အား လည်းကောင်း ၊ တိုက်ခွဲ (၃၂) သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာမှ ယောဂီဟောင်းများအား လည်းကောင်း ၊ တရားပွဲ ဖြစ်မြောက်ရေးအတွက် ကြိုဆိုရေးမှစ၍ တရားပွဲအား အောင်မြင်စွာ ပြီးဆုံးသည်အထိ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့ အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့် အဖွဲ့ ဝိသာခါ ဓမ္မာရုံမှ ရင်တွင်းပီတိများစွာဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

**ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့ အကျိုးတော်ဆောင် ဥက္ကဋ္ဌ**
**ဦးတိုင်းအောင်နှင့် အဖွဲ့ ၊ ဝိသာခါ ဓမ္မာရုံ။**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဒီဇင်ဘာလ ၂၉၊ ၃၀၊ ၃၁ (၇၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ ၂၄ ရက်တွင် စတင်လက်ခံ၍ ဒီဇင်ဘာလ ၂၉၊ ၃၀၊ ၃၁ ရက်များတွင် ၇၃-ကြိမ်မြောက် အထူးအစီအစဉ် တနင်္သာရီတိုင်း၊ ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်၌ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်၍ မျက်စိခွဲစိတ် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်တင်း။** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်ခေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဖိတ်ကြားလွှာ

ITC စက်မှုသင်တန်းကျောင်း(ဆင်တဲ) ကျောင်းသားဟောင်းများ၏ ကျန်းမာကူအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၁၇-၂၀၁၉ အမှုဆောင်သစ်အတည်ပြုခြင်း အပထအောင်ဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် နာယကဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်အသင်းဝင်များ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **နေ့ရက်** | - | ၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) |
| **အချိန်** | - | နံနက် ၁၀နာရီမှ ၁နာရီအထိ |
| **နေရာ** | - | M3 Food Centre ဗဟန်းအားကစားကွင်းနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |

**အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်**

| | |
|---|---|
| **ကိုအောင်ကျော်ထွန်း** | ဖုန်း-၀၉-၇၉၅၄၈၂၁၇၄ |
| **ကိုသာရ** | ဖုန်း-၀၉-၂၅၈၈၂၂၂၉၉ |
| **ကိုစောချားလ်မောင်** | ဖုန်း-၀၉-၇၈၄၆၁၃၉၀၄ |
| **ကိုဇော်လင်း** | ဖုန်း-၀၉-၇၃၁၀၀၉၈၅ |

## သန်လျင်တောရ ဝိပဿနာ(၁၀)ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သန်လျင်တောရ ယင်းတော်မင်းကျောင်းနှင့် သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်ပဓာန နာယက ဆရာတော် ဟိတေသီ နေလဘဒ္ဒန္တနိပုဏ အရှင်သူမြတ်သည် ဗုဒ္ဓအလိုကျသတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ကျေးဇူးတော်ရှင်သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဇန်နဝါရီ ၃ ရက်မှ ၁၂ ရက်အထိ တရားဟော တရားပြမည်ဖြစ်ပါ၍ ယောဂီများ ၂-၁-၂၀၁၇ ရက် ညနေအရောက်လာကြပါရန်နှင့်(ငွေပေးသွင်းရန်မလိုကြောင်း) အသိပေးနှိုးဆော်အပ်ပါသည်။

တရားစခန်းဝင်လိုသော ယောဂီများသည် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါသည်။ ဖုန်း-၀၉-၂၆၁၀၃၉၁၃၃၊ ၀၉-၇၉၉၁၇၀၀၄၅၊ ၀၉-၄၂၁၁၂၁၅၆၊ ၀၉-၄၅၀၀၄၈၇၈၀၊ ၀၉-၇၃၁၂၆၀၅၃၊ ၀၉-၅၁၁၅၁၃၃

## စတုတ္ထအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)၏ စတုတ္ထအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးနှင့်မိတ်ဆုံညစာ စားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်အေဂျင်စီများအနေဖြင့် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **နေ့ရက်** | - | ၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) |
| **အချိန်** | - | အစည်းအဝေးကျင်းပမည့်အချိန် နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ |
| | - | မိတ်ဆုံညစာစားပွဲကျင်းပမည့်အချိန် ညနေ ၆း၀၀နာရီမှ ည ၉း၀၀နာရီအထိ |
| **နေရာ** | - | Western Park Restaurant 7th Floor,Polo Club(Asia)Residence အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့်လေးထောင့်ကန်လမ်းထောင့် (Sky Star Hotel)အနီး၊ တာမွေမြို့နယ် |

**အမှုဆောင်ကော်မတီ**

## စမ်းချောင်း (အ.ထ.က-၁) အာစရိယပူဇော်ပွဲ
### (၁၉၆၅-၈၀)

အ. ထ. က (၁) စမ်းချောင်း၌ (၁၉၆၅) ခုနှစ်မှ (၁၉၈၀) ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၂၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက် (တနင်္ဂနွေနေ့) နံနက် (၉း၀၀) နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပပါမည်။

၁၉၆၅ ခုနှစ်မတိုင်မီ ကျောင်းသားဟောင်းများလည်း မိမိတို့မှီခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြပါသည်။ အလှူငွေများကို ဆရာ ဦးသိန်းမြင့် (၀၁-၂၄၃၇၄၈)၊ ဦးလှအောင်ရွှေ (၀၉-၅၀၀၂၇၇၁)၊ ဦးသက်ဦး (၀၉-၇၃၂၀၃၈၄၂)၊ ဦးစိုးနိုင် (၀၉-၇၃၂၀၆၀၀၂)၊ ဦးခင်မောင်ကျော်ဒင် (၀၆၇-၃၆၀၂၄)၊ ဒေါ်မြင့်မြင့်စိန် (စည်ပင်) (၀၉-၅၁၁၈၅၆၉) တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**အမှုဆောင်အဖွဲ့**

## (၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ(ဘားအံ)

ကရင်ပြည်နယ် ဒေသကောလိပ်နှင့်ဘားအံကောလိပ် (1977-1997)အထိ ကျောင်းသူ/ကျောင်းသားဟောင်းများ၏ (၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ (၁) ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဘားအံမြို့၊ ဘားအံတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အကန်တော့ခံ ဆရာကြီး/ဆရာမကြီးများ ကြွရောက်အကန်တော့ခံပေးပါရန်နှင့် ကျောင်းသူ/ကျောင်းသားဟောင်းများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါကော်မတီများနှင့် KBZ (ကမာရွတ်ဘဏ်ခွဲ)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (1) | KBZ **(ကမာရွတ်ဘဏ်ခွဲ)** | (0213020210490481) |
| (2) | **ကိုတင့်ဦး** | (09-783912539) |
| (3) | **ကိုကျော်စိုး** | (09-259399974) |
| (4) | **ကိုကြည်သိန်းထူး** | (09-960996786) |
| (5) | **ကိုစန်းမြင့်** | (09-795595045) |
| (6) | **မအက်စတာ** | (09-31542671) |

## အထက (၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

အထက (၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၈ရက် (တနင်္ဂနွေနေ့) ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ၂၀၁၆ခုနှစ် တက္ကသိုလ်စာမေးပွဲကိုဖြေဆိုအောင်မြင် ကြသောကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကိုအောက်ဖော်ပြပါပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| **ဒေါ်ကျင်ရီလေး** | ဖုန်း-၀၁-၂၉၈၈၁၆ | **ဦးခင်သန်း** | ဖုန်း-၀၉-၃၁၂၇၂၂၆၁ |
| **ဒေါ်ခင်စန်း** | ဖုန်း-၀၁-၅၄၃၁၆၃ | **ဒေါ်ဝင်းဝင်းမော်** | ဖုန်း-၀၉-၇၃၀၈၄၅၃၈ |
| **ဦးဝင်းမောင်** | ဖုန်း-၀၉-၅၁၇၄၅၂၁ | **ဒေါ်အေးသီတာထွန်း** | ဖုန်း-၀၉-၄၂၁၀၅၅၈၇၃ |
| **ဦးတင်ထွန်းအောင်** | ဖုန်း-၀၉-၄၃၀၈၈၂၆၄ | **ဒေါ်ချိုချိုညွန့်** | ဖုန်း-၀၉-၂၀၅၂၀၇၄ |
| **ဦးအောင်ခိုင်** | ဖုန်း-၀၉-၇၃၀၅၇၁၇၇ | **ဒေါ်အေးအေးအောင်** | ဖုန်း-၀၉-၄၂၁၀၃၅၆၅၄ |
| **ဒေါ်မြမြချို** | ဖုန်း-၀၉-၂၅၀၀၁၁၉၃၈ | **ဦးကျော်လွင်မိုး** | ဖုန်း-၀၉-၇၈၆၅၈၄၃၈ |
| **ဒေါ်ထားထားမြင့်** | ဖုန်း-၀၉-၄၂၀၁၁၀၇၀၂ | **ဦးသိန်းထွန်းအောင်** | ဖုန်း-၀၉-၄၂၁၇၆၃၆၄၈ |

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အမည်ပြောင်း

ဦးနိုင်လင်း ၁၁/တကန(နိုင်)၀၆၇၄၀၉-ဒေါ်အေးအေးစိုး ၁၁/တကန(နိုင်)၀၆၃၅၀၈တို့၏သမီး ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ အထက(ခွဲ) ဂူတာ အဌမတန်း(A)တွင် ပညာသင်ကြားနေသော မဆုဝတ်ရည်ဇန်အား မသင်းရွှေရည်အောင်ဟု ပြောင်းလဲခေါ်ပေးပါရန် အသိပေးအပ်ပါသည်။

**ဦးနိုင်လင်း ၁၁/တကန(နိုင်)၀၆၇၄၀၉**

# ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အဓိကထားရည်ရွယ်ကျင်းပသွားမည်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီကိုလည်း နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လိုအပ်သည့် ဆပ်ကော်မတီများကိုလည်း ထပ်မံဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ စာမျက်နှာ ၅ ကော်လံ ၁ ✻

## ယနေ့ မာတိကာ

တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်း မရှိကြောင်း မီဒီယာများကို ပြောကြားခဲ့သည့် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတစ်ဦး အသတ်ခံရ စာမျက်နှာ » ၈

ယာယီတိမ်းရှောင် မိသားစုဝင်များကို အခမဲ့ဆေးဝါးကုသ စာမျက်နှာ » ၉

ခရစ္စမတ်ရာသီအတွင်း ပုံးခွဲတိုက်ခိုက်ရန်ကြံစည်သူ နှစ်ဦးကို တွေ့ရှိပြီးနောက် အာရှ၌ သတိပေးနှိုးဆော်ထား စာမျက်နှာ » ၁၀

## မောင်တောအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် အမျိုးသမီးအချို့ အဓမ္မပြုကျင့်ခံရမှု ကောလာဟလနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်အပေါ် သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အဓမ္မပြုကျင့်ခံရသည်ဟူသည့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများက အကြမ်းဖက်စီးနင်း ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးပြီး လက်နက်မျိုးစုံ ၅၁ လက်နှင့် ကျည်မျိုးစုံ ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းစစ်ကြောင်းများအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး၊ ဆုံးရှုံးလက်နက်များနှင့်ကျည်များ ပြန်လည်ရရှိရေး၊ အကြမ်းဖက်သမားများအား ဖော်ထုတ်ရှာဖွေဖမ်းဆီးရေးလုပ်ငန်းများကို တရားဥပဒေနှင့်အညီ မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများသည် အင်တာနက်နှင့် လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သော သတင်းများလွှင့်တင်ခြင်း၊ ပြည်ပမီဒီယာအချို့ကလည်း မဟုတ်မမှန် လုပ်ကြံထားသည့် တစ်ဖက်သတ်စွပ်စွဲချက်သတင်းများကို မီဒီယာကျင့်ဝတ်နှင့်မညီဘဲ ထုတ်လွှင့်ခြင်းများ ဆောင်ရွက်၍ အဖျက်သဘောဖြင့် သတင်းဆိုးများကို ဖြန့်ဝေလျက်ရှိကြောင်း ဖော်ပြထားသည်။ စာမျက်နှာ ၅ ကော်လံ ၁ ●

**အကြမ်းဖက်သမားများသည် အင်တာနက်နှင့် လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သောသတင်းများ လွှင့်တင်ခြင်း၊ ပြည်ပမီဒီယာအချို့ကလည်း မဟုတ်မမှန် လုပ်ကြံထားသည့် တစ်ဖက်သတ်စွပ်စွဲချက် သတင်းများကို မီဒီယာကျင့်ဝတ်နှင့်မညီဘဲ ထုတ်လွှင့်ခြင်းများ ဆောင်ရွက်၍ အဖျက်သဘောဖြင့် သတင်းဆိုးများကို ဖြန့်ဝေလျက်ရှိ**



မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်

## အာရှယူ-၁၉ ခြေစစ်ပွဲ အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့်ထိုင်း ယနေ့ကစားမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲအုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၂၄ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့် အဆုံးအဖြတ် ကစားရမည်ဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ❍

